The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 18 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 15 , 2017

# ပြည်ပကုန်သွယ်မှုကဏ္ဍ၏ အဓိကစိန်ခေါ်မှု

## Transportation နှင့် Logistics Facilities ဆိုင်ရာ ပြဿနာများ



မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်ကို ရောက်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍနဲ့ ဆက်နွယ်နေတဲ့ ပို့ကုန်သွင်းကုန် ကဏ္ဍဟာလည်း အရေးပါတဲ့ ကဏ္ဍတစ်ရပ်မှာ ပါဝင်နေပါတယ်။

ပို့ကုန်သွင်းကုန်လို့ ဆိုရာမှာလည်း သွင်းကုန်ထက် ပို့ကုန်က ပိုမိုအရေးပါတယ်ဆိုတာ အားလုံး အသိပဲဖြစ်ပါတယ်။ ပို့ကုန်ပမာဏ တစ်နေ့ထက်တစ်နေ့ များပြားလာပြီး တစ်နေ့ထက်တစ်နေ့ လွယ်ကူလျင်မြန်ချောမွေ့မှသာ နိုင်ငံရဲ့ စီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရ အနေနဲ့လည်း ပို့ကုန်သုံးဆ တိုးတက်တင်ပို့နိုင်ရေးအတွက်ကိုလည်း စီးပွားရေး ဦးတည်ချက်တွေ ချမှတ်ပြီး လုပ်ဆောင်နေတာ တွေ့ရပါတယ်။

စာမျက်နှာ - ၁၂ ➢

### မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်များ ပိုမိုတင်သွင်းလာ

စာမျက်နှာ - ၁၇ ➢

### မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ခေတ်အမီဆုံး လောင်စာဆီ သိုလှောင်စခန်းကို သီလဝါအထူး စီးပွားရေးဇုန်တွင် ဖွင့်လှစ်

စာမျက်နှာ - ၂၆ ➢

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ (ရိခေါ်ဒါရ်-ဇိုခေါ်ဒါရ်) နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ အိန္ဒိယနိုင်ငံဘက်မှ ပြန်လည်ဖွင့်လှစ်

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ ဇိုခေါ်ဒါရ်တွင် တရားဝင်ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့နှင့် ပြင်ပမှ ဝင်ရောက်လုပ်ကိုင်သော အလုပ်သမားများအချင်းချင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် မြန်မာ-အိန္ဒိယ (ရိဒ်ခေါ်ဒါရ်-ဇိုခေါ်ဒါရ်) နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံ ကျန်ဖိုင်းအုပ်ချုပ်ရေးမှူးက မေ ၁၃ ရက်မှစ၍



စာမျက်နှာ - ၁၆ ➢




SUZUKI Way of Life!

# MYO MOTOR SERVICE CO,.LTD.

Authorized Dealer




NISSAN Innovation that excites

# SHWE SAGAING MOTOR SERVICES CO., LTD.

Authorized Dealer




SHWO ROOM : No.(192), East Horse Race Course Road, Tamwe Township, Yangon, Myanmar.
Ph: 01-400 399, 01-400 123, 09-799617166, 09-421046588, 09-421064668

Commerce JOURNAL

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Grow Asia Forum သို့ တက်ရောက်

World Economic Forum on ASEAN ကို တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၀ ရက်တွင် ဖနောင်ပင်မြို့၊ Sofitel Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် “Grow Asia” ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Veng Sakhon၊ ဗီယက်နမ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Xuan Cuong၊ အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံတကာ ကုန်သွယ်မှုဆက်ဆံရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ် Mr. Myat Syukur၊ လာအိုနိုင်ငံ၊ လယ်ယာနှင့် သစ်တောဒုတိယဝန်ကြီး H.E. Mr. Phouang Parisak Pravongviengkham၊ အာဆီယံအဖွဲ့၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Vongthep Arthakaivalvatee၊ ဖိလစ်ပိုင်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဌာန၊ အတွင်းဝန် Ms.Evelyn G. Lavina တို့နှင့်အတူ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နေ့လယ်ပိုင်းတွင် Grow Asia Forum ၏ Side Event ဖြစ်သော Interactive Session on Myanmar Agriculture Network သို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

MOC(IR)




## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Economic Forum on ASEAN တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့သို့ထွက်ခွာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၀ ရက်နေ့မှ ၁၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင်ကျင်းပမည့် World Economic Forum on ASEAN သို့ တက်ရောက်ရန်အတွက် မေ ၉ ရက်နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဖနောင်ပင်မြို့သို့ ဒေသစံတော်ချိန် ၁၉ : ၅၅ နာရီတွင် ရောက်ရှိခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုးနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ လာရောက်ကြိုဆိုခဲ့ကြသည်။

အဆိုပါ World Economic Forum on ASEAN သို့ အာရှ ပစိဖိတ်ဒေသမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ စီးပွားရေးထိပ်သီး လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ Myanmar Agriculture Network မှ တာဝန်ရှိသူများလည်း တက်ရောက်ကြမည်ဖြစ်ပါသည်။

MOC(IR)

# စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၆ ရက်တွင် နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာဦးစီးဌာနသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိုယ်စား၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ ကိုယ်စားတိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ယူဆောင်ရွက်နေရသည့် ဦးစီးဌာနတစ်ခုဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ ကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်

စာမျက်နှာ - ၂၂ ➤

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧနိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၃၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်မှုနည်းလမ်းနစ်မျိုးစလုံးမှ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၉ရက်မှ မေလ ၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၃၇ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၃၁၄၁၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကောက်ညှင်းဆန် တန် ၁၀၀၊ ငစိန်ဆန်တန် ၈၈၀၀ နဲ့ ဧည့်မထဆန်၁၄၆၀၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၅၂ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန်ချိန် ၇၆၆၀ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ကောက်ညှင်းဆန် ၂၈၈၄၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၂၅၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်အပြင်ဆန်ကွဲပါ ပိုမိုတင်ပို့ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၂၃၇ တန်ကျော်ကို တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၃၈၃၉ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၃၉၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန်ချိန် ၄၈၈၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၅၇ တန်ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၃၀ မှ မေ ၆ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၃သန်းတန်ဖိုးရှိပေါင်းဆန်နဲ့ ဆန်ဖြူ ၆၅၁၅ တန်ကို အာရှ-အာဖရိကနဲ့ ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ဟောင်ကောင်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၁၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၉၂၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၁၂၅၀၊မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၃၁၇၅တန်၊ ရုရှားနိုင်ငံသို့ဧည့်မထဆန် တန် ၃၀၀၊ အီးယူနိုင်ငံသို့ ဧည့်မထဆန် ၁၂၉၅ တန်နဲ့ ပေါင်းဆန် ၂၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၇၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၆၅၄၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄၅ သန်းတန်ဖိုးရှိဆန်ကွဲတန်ချိန် ၈၈၂၅ တန်တင်ပို့ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀၀ နဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့ ၇၈၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၃၃၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲ ၅၄၇၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ယခုတစ်ပတ်မှာကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်းကုန်သွယ်မှုမှပါ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ကြမ်းအရောင်းအဝယ်သွက်လို့ ဈေးတက်

ယခုတစ်ပတ် ရန်ကုန်မြို့ ဝါးတန်းဆန်ဈေးကွက်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်း ဈေးတက်ကြောင်း သိရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၊နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၃၃၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၁၀၀၀ နဲ့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ ရွှေဘို ပေါ်ဆန်းဆန်အသစ်ကတော့ တစ်အိတ်လျှင် ကျပ် ၄၂၀၀၀ မှ ကျပ် ၄၅၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးထက်တစ်အိတ်ကို ကျပ်၁၀၀၀ ခန့်ဈေးတက်ပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ်လျှင်ကျပ် ၂၁၀၀၀မှ ကျပ် ၂၂၀၀၀ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက်တစ်အိတ်ကို ကျပ် ၁၀၀၀မှကျပ်၂၀၀၀ အထိ ဈေးတက်ပါတယ်။ နှွေသီးထပ်ရှယ်တစ်အိတ်လျှင် ကျပ်၂၀၀၀၀ မှ ကျပ် ၂၀၅၀၀၊ မနောသုခတစ်အိတ်လျှင် ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ မှ ကျပ် ၁၆၈၀၀ နဲ့ယခင်တစ်ပတ်ဈေးအတိုင်းရှိပါတယ်။

ယခုတစ်ပတ်မှာ မြို့တွင်းဆန်ဈေးကွက်မှာအရောင်းအဝယ်အေးသော်လည်း တရုတ်နိုင်ငံမှ ဆန်ကြမ်းအဆွဲများတာကြောင့် ဆန်ကြမ်းအရောင်းအဝယ်ဖြစ်ပြီး ဈေးမြင့်တက်လာကြောင်း ဝါးတန်းဆန်ဈေးကွက်မှသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅မှတ် မော်ဘီတစ်အိတ် ၁၃၅ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၆ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ ဧည့်မထ ၂၅ မှတ်တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၂ ယွမ်မှ ၁၁၄ယွမ်ရှိပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ မေ ၅ရက်မှ ၁၁ ရက်အထိ ဆန်တန်ချိန် ၃၁၆၈၄ တန်ရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဧပြီလထက် မေလ၌ ဆန်စပါးဈေးနှုန်း အနည်းငယ်မြင့်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆန်စပါး အရောင်း အဝယ်သွက်လျက်ရှိပြီး မြို့နယ်အချို့တွင် စပါး၊ ဆန်ဈေးနှုန်းများ မြင့်တက် လျက်ရှိရာ ပုသိမ်မြို့မှာ ဧပြီလကုန်က ပေါ်ဆန်း ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၇၄၅၀၀၀မှ ယခုကျပ် ၇၇၁၀၀၀၊ ဆန်တစ်အိတ်ကျပ် ၃၄၀၀၀ မှယခုကျပ် ၃၅၅၀၀ ၊ ဧည့်မထမိုးဆန် ယခင်တစ်အိတ်ကျပ် ၁၈၅၀၀ မှ ယခုကျပ် ၁၉၅၀၀ ၊ နှွေဆန်တစ်အိတ် ကျပ် ၁၈၀၀၀ မှ ယခုကျပ် ၁၉၀၀၀ ၊ မြောင်းမြမြို့နယ်မှာ ပေါ်ဆန်းစပါး (၄၆)ပေါင်တင်း(၁၀၀) ကို ယခင် ကျပ် ၇၀၁၀၀၀ မှ ယခုကျပ် ၇၂၇၀၀၀၊ ဆန်တစ်အိတ်လျှင် ယခင်ကျပ် ၃၅၀၀၀မှ ယခု ကျပ် ၃၆၅၀၀၊ လပွတ္တာမြို့နယ်တွင် ပေါ်ဆန်းစပါး (၄၆) ပေါင်တင်း(၁၀၀) ကိုယခင်ကျပ် ၆၇၅၀၀၀ မှကျပ် ၆၈၃၀၀၀၊ ဆန်တစ်အိတ်ကျပ် ၃၁၅၀၀ မှ ကျပ် ၃၂၀၀၀၊ ဧည့်မထ မိုးစပါး (၄၆) ပေါင် တင်း (၁၀၀)ကို ယခင်ကျပ် ၄၃၂၀၀၀ မှ ယခုကျပ် ၄၄၂၀၀၀ ၊ ဆန်တစ်အိတ်ကျပ် ၁၈၀၀၀ မှယခုကျပ် ၁၈၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါသည်။

ရန်ကုန်ဈေးကွက် အရောင်းအဝယ်သွက်လာမှုနှင့် ဒေသတွင်း ဝယ်လိုအားမြင့်တက်လာမှုတို့ကြောင့် ဆန်စပါးဈေးကွက်ဖွံ့ဖြိုးသော ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် ဈေးကွက်ဝယ်လိုအားရှိပြီး ပုံမှန်စားသုံးနေသော ပေါ်ဆန်းဈေးကွက်မှာတင်း(၁၀၀)လျှင် စပါးဈေးကျပ် ၂၀၀၀၀-၃၀၀၀၀-၄၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ် ကျပ် ၁၅၀၀ ဝန်းကျင်မြင့်တက်သွားကြောင်း၊ ရန်ကုန်၊ မန္တလေးနှင့် အညာဈေးကွက်မှာလည်း ဧည့်မထ မိုး/နွေ ဆန်များ အရောင်းအဝယ်သွက်ပြီး မြို့နယ်အချို့မှာလည်း စပါး၊ ဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်သွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၅-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၀၈ | ၄၀၈ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၃ | ၃၉၃ | □ | ၃၅၀ | ၃၅၂ | △ | ၃၉၀ | ၃၉၀ | □ | ၄၀၀ | ၄၂၀ | △ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၉၁ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၈၅ | ၃၈၅ | □ | ၃၄၃ | ၃၄၂ | ▽ | - | - | - | ၃၉၀ | ၃၃၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၇ | ၃၇၇ | □ | ၃၃၅ | ၃၃၀ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၁၃ | ၄၁၃ | □ | - | - | - | ၃၇၅ | ၃၈၀ | △ | ၄၁၅ | ၄၁၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၂-၅-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၃၂၀ | □ | ၁၈၅၀၀ | □ | ၇၄၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | ▽ | ၆၄၀၀ | △ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၅၂၀၀ | △ | ၁၀၅၀၀ | △ | ၃၅၀၀၀ | △ |
| စစ်တွေ | ၃၈၅၀ | △ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | △ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | □ | ၁၆၈၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၆၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | △ |
| မကွေး | ၆၈၀၀ | △ | ၂၀၅၀၀ | △ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၃၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၄၁၀၀၀ | ▽ |
| မြိတ် | ၃၈၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၈-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 546 | 24,476,115.797 |
| 2 | Form D | 89 | 4,205,807.190 |
| 3 | Form E | 90 | 2,315,847.860 |
| 4 | Korea GSP | 3 | 50,448.250 |
| 5 | Form AK | 59 | 4,607,763.900 |
| 6 | Form AJ | 9 | 857,832.940 |
| 7 | Form AI | 69 | 3,879,032.383 |
| 8 | Form AANZ | 12 | 125,366.330 |
| 9 | Form DFTP | - | - |
| Grand Total | | 877 | 40,518,214.650 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၂-၅-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၄၈ | ၁၅၉၀ | ▲ | ၁၇၁၇ | ၁၇၁၇ | ■ | ၁၅၃၅ | ၁၅၆၇ | ▲ | ၁၅၁၀ | ၁၆၂၅ | ▲ |
| ပဲစင်းငုံ | ၁၀၇၀ | ၁၀၉၇ | ▲ | ၁၀၀၀ | ၁၀၂၈ | ▲ | ၉၇၅ | ၁၀၅၀ | ▲ | ၉၅၀ | ၁၀၃၀ | ▲ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၁၈၆၇ | ၁၈၉၃ | ▲ | ၁၈၆၇ | ၁၈၉၃ | ▲ | ၁၅၀၀ | ၁၇၄၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၇၀၀ | ▲ | ၂၁၃၃ | ၂၀၀၉ | ▼ | - | - | - | ၁၉၅၀ | ၂၀၀၀ | ▲ |
| ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၅၀ | ▲ | ၁၄၁၇ | ၁၃၃၃ | ▼ | - | ၁၃၃၃ | - | ၁၇၁၀ | ၁၇၁၀ | ■ |
| ထောပတ်ပဲ | ၁၁၃၀ | ၁၁၀၀ | ▲ | ၁၁၈၇ | ၁၁၆၉ | ▼ | ၁၁၅၈ | ၁၁၆၉ | ▲ | ၁၁၅၅ | ၁၁၈၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၂-၅-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၅/၅ | ၁၂/၅ | ပြောင်းလဲမှု | ၄/၅ | ၁၂/၅ | ပြောင်းလဲမှု | ၄/၅ | ၁၂/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၀၀ | ၇၂၀ | ▲ | ၇၉၄ | ၈၄၀ | ▲ | - | ၈၄၀ | - |
| ပဲစင်းငုံ | ၄၉၀ | ၄၈၀ | ▼ | ၅၇၆ | ၅၉၉ | ▲ | ၆၀၇ | ၆၄၅ | ▲ |
| ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၇၀၁ | ၆၈၄ | ▼ | - | ၇၆၂ | - |
| ကုလားပဲဖြူလုံးကြီး | ၁၀၂၀ | ၁၀၄၀ | ▲ | ၈၉၅ | ၉၂၁ | ▲ | ၈၇၂ | ၈၉၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၂၉.၄.၁၇)ထိ | (၆.၅.၁၇)ထိ | (၆.၅.၁၇) ထိ |
| မတ်ပဲ | ၁၃၂၈၆၅ | ၁၃၉၆၆ | ၁၄၆၈၃၁ |
| ပဲတီစိမ်း | ၆၄၉၁၇ | ၃၈၂၀ | ၆၈၇၃၇ |
| ပဲစင်းငုံ | ၈၉၇၇၉ | ၅၀၁၀ | ၉၄၇၈၉ |
| ကုလားပဲ | ၁၈၉၉၃ | ၁၈၉၂ | ၂၀၈၈၅ |
| ပဲလွန်းဖြူ | ၉၁၀၄ | ၄၇၀ | ၉၅၇၄ |
| မြေထောက်ပဲ | ၆၅၀၇ | ၁၄၄ | ၆၆၅၁ |

## ပြည်ဘိုကိတ် လက်လီလက်ကား အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်းသို့ ဘိုကိတ်ပဲသီးနှံ ဝင်ရောက်မှုနည်းခဲ့ပေမယ့် လက်လီလက်ကား အရောင်းအဝယ်ဖြစ်တာကြောင့် တစ်ရက်ကို အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်းဝယ်ယူမှုရှိသလို ရန်ကုန်ဝယ်လက်မှလည်း တစ်ခါတစ်ရံမှာယူခဲ့ကြောင်းသိရပါတယ်။ ပဲဈေးအနေဖြင့် အတက်အကျမရှိဘဲ တစ်တင်းကျပ် ၂၄၀၀၀ဖြင့် ဧပြီလမှစ၍ ယခုအချိန်ထိ ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်မေလအတွင်းက ဘိုကိတ်ပဲသီးနှံဈေးမှာ တစ်တင်းကျပ် ၂၁၅၀၀ သာ ရရှိခဲ့ပေမယ့် ယခင်နှစ်ထက်တော့ ဈေးပိုရနေတာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## အဝယ်နည်းလို့ ပြည်မြေပဲဆန်ဈေးပြန်ကျ

ယခုတစ်ပတ်တွင် မင်းတုန်း၊ ကံမနှင့်ပန်းတောင်းမြို့နယ်ဘက်မှတစ်နေ့လျှင် မြေပဲဆန်အိတ် ၅၀၀ ခန့် ပြည်ဈေးကွက်သို့ ဝင်ရောက်လာတာတွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို ဆီစက်များက အဝယ်ရှိပေမယ့်လည်း ယခုချိန်တွင် နှမ်းကို ဦးစားပေးဝယ်ယူနေသဖြင့် မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ လုံးဆန်(အဖြူ)ကို ဝယ်လက်များက ဝယ်ယူမှုရှိခြင်း၊ လုံးဆန်(အနီ)ကိုပဲလှော်သမားများက ဝယ်ယူမှုရှိနေသော်လည်း ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၁၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ၂၄၂၅ ကျပ်ဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ မှ ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**ဝေဝေမင်း**

# ပြည်ပဲမျိုးစုံ ဈေးကွက်မှာ မတ်ပဲ၊ ကုလားပဲဈေး ပြန်လှုပ်လာပြီး ပဲစင်းငုံနှင့် ပဲကြီး ဈေးငြိမ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ မေလ ပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများရဲ့ ဈေးနှုန်းများကိုလေ့လာပါက ဧပြီလကုန် မေလဆန်းအတွင်း ပဲဈေးအချို့ ဈေးလျော့နည်းကျဆင်းခဲ့ပြီး ယခုရက်မှာတော့ ဈေးပြန်လှုပ်လာတာတွေ့ရပါတယ်။ ပြည်ပဝယ်လက်ပဲထဲမှာ ပဲတီစိမ်းသီးနှံက ပဲအဝင်မရှိတော့သလို ပဲလက်ကျန်လည်း မရှိတဲ့အတွက် အရောင်းအဝယ်မဖြစ်တော့ဘဲ မတ်ပဲ၊ ပဲစင်းငုံသီးနှံများသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံမှာပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်နှင့် ပြည်အနီးတစ်ဝိုက်မှ နေ့စဉ်ဝင်ရောက်မှုရှိခဲ့ကာ ပဲလက်ကျန်များလည်းရှိတဲ့အတွက် ရန်ကုန်ဝယ်လက် ဝယ်ယူမှုအပေါ် လိုသလောက် ရောင်းချနိုင်ခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၄၀၀-၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ်၃၀၈၀၀ ဖြင့်အရောင်းအဝယ်ဖြစ်တဲ့အတွက် လဆန်းရက်ကဈေးထက် ဈေးပြန်ပိုလာကြောင်း သိရပါတယ်။ ငွေလိုသူတောင်သူများကတော့ ပဲဈေးအတက်ကို မျှော်နေခဲ့သော်လည်း ယခုအချိန်မှာတော့ ပေါက်ဈေးဖြင့်သာ ရောင်းချနေခဲ့ရပြီး တချို့တောင်သူတွေကတော့ ရောင်းချခြင်းမရှိသေးဘဲ ဆက်လက် သိုလှောင်ထားတာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်ကာလတူက ပဲတစ်တင်းကျပ် ငါးသောင်းကျော်ရရှိနေပေမယ့် ယခုနှစ်မှာတော့ ယခင်နှစ်ထက် ကျပ်နှစ်သောင်းကျော်လျော့နည်းနေတာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိသလောက်နည်းပါးသွားပေမယ့် လက်ကျန်ပဲများရှိတာကြောင့် ရန်ကုန်ဝယ်လက်မှ ရက်ခြား ဝယ်ယူနေမှုအပေါ် အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဈေးနှုန်းမှာတစ်တင်း ကျပ် ၂၀၀၀၀ ဖြင့် အကျဈေးအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ယခုလအတွင်း ပြည်ပဝယ်လက်ပဲများ ဈေးအေးနေသော်လည်း ပြည်တွင်းဝယ်လက်ပဲများထဲမှာ ကုလားပဲနှင့် ပဲကြီးသီးနှံ ဈေးကောင်းရရှိတဲ့အတွက် ပြည်ပဝယ်လက် ပဲများထက် ဈေးပိုရနေခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲနဲ့ ပဲကြီးသီးနှံမှာ သကြၤန်ပြီးကာလမှစ၍ ဈေးပြိုင်ရရှိခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ ပြည်အနီးတစ်ဝိုက်အပြင် ပန်းတောင်းဘက်မှ အများဆုံးဝင်ရောက်ခဲ့သလို ကံမဘက်မှလည်း ဝင်ရောက်ခဲ့တာကြောင့် အိတ် ၃၀၀-၄၀၀ ကျော် နေ့စဉ်အဝင် ရှိပြီး ဝယ်လက်ခွဲစက်သမားတွေကလည်း နေ့စဉ်ဝယ်ယူနေကြလို့ အိတ် ၄၀၀ ကျော် ပုံမှန်ရောင်းဝယ်မှုရှိခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၃၉၂၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပြန် မြင့်လာခဲ့ပါတယ်။

ပဲကြီးသီးနှံအနေဖြင့် ကုလားပဲသီးနှံလောက် ဝင်ရောက်မှုမများသော်လည်း အိတ် ၂၀၀-၂၅၀ ပတ်ဝန်းကျင် အဝင်ရှိခဲ့ကာ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ ဝင်ရောက်လာသလို မင်းတုန်း၊ကံမမြို့နယ်များမှလည်းဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်းကျပ် ၄၀၀၀၀၊ (ကမ်းနား)တစ်တင်းကျပ် ၃၈၀၀၀ ဖြင့် ဈေးငြိမ်နေပေမယ့် ဧပြီလကုန်မှစ၍ ပဲဈေးနှုန်းများ တရိပ်ရိပ်တက်လာတာကြောင့်ယခုဆိုလျှင် ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲနှင့် ဈေးပြိုင်ရလျက်ရှိပြီး နေ့စဉ် ပဲကြော်ဖိုသမားများက ပုံမှန်အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။

လက်လီရောင်းဝယ်မှုများတဲ့ ထောပတ်ပဲ၊ စားတော်ပဲသီးနှံများမှာလည်း ယခုတစ်ပတ်အတွင်း ဈေးပိုရလာခဲ့လို့ ထောပတ်ပဲ တစ်တင်းကျပ် ၂၄၀၀၀၊ စားတော်ပဲတစ်တင်းကျပ် ၄၀၀၀၀ဖြင့် နေ့စဉ်လက်လီဝယ်ယူမှုအပေါ် အိတ်အနည်းငယ်စီ ရောင်းချခဲ့ရကြောင်းသိရပါတယ်။ ဒါကြောင့် မေလဆန်းမှာ ပဲဈေးအားလုံးလိုလို ဈေးလျော့နည်းသွားခဲ့ပေမယ့် ယခုရက်ပိုင်းမှာတော့ မတ်ပဲ၊ ကုလားပဲ၊ ထောပတ်ပဲ၊ စားတော်ပဲသီးနှံများ ဈေးပြန်မြင့်လာကာ ကျန်ပဲများကတော့ဈေးအတက်အကျပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**



## မေ ပထမပတ်တွင် ပြည်ပဲနီပြားသီးနှံ ယခင်နှစ်အတိုင်း အရောင်းအဝယ်ဖြစ်

မေလ ပထမပတ်အတွင်း ပြည်ပဲဈေးကွက်မှာ နေ့စဉ် ပဲမျိုးစုံ လက်လီလက်ကား အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပဲနီပြားသီးနှံကို ရွှေတောင်၊ကျီးသဲနှင့် ပြည်အနီးတစ်ဝိုက်မှ တစ်ရက်အိတ် ၁၀၀ကျော် ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ပဲနီပြားသီးနှံကို လက်လီသမားများက ပုံမှန်ဝယ်ယူလျက်ရှိနေပြီး ပဲဈေးနှုန်းမှာတစ်တင်းကျပ် ၂၄၀၀၀ဖြင့် ဘိုကိတ်၊ ထောပတ်ပဲသီးနှံများနှင့် ဈေးတူရလျက်ရှိကာ ယင်းပဲများအားလုံး ဈေးငြိမ်နေတာကို တွေ့ရပါတယ်။ ယခင်နှစ် မေလအတွင်းက လဆန်းရက်မှ လလယ်အထိ တစ်တင်းကျပ် ၂၄၅၀၀ ဖြင့် ဈေးငြိမ်နေခဲ့ရာမှ လကုန်ပတ်မှာတော့ တစ်တင်းကျပ် ၂၅၀၀၀ခန့်ရရှိခဲ့လို့ ယခုနှစ်ဈေးဟာလည်း ယခင်နှစ်ဈေးနှင့် ကွာခြားမှုသိပ်မရှိဘဲ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်သီးနှံလက်ကျန်နဲ့သာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲအချို့နေ့စဉ်ဝင်ရောက်ခဲ့သော်လည်း ပဲပုပ်သီးနှံမှာ ပဲဝင်ရောက်မှု မရှိဘဲလက်ကျန်ပဲနဲ့ လှောင်ပဲအချို့သာရှိတာကြောင့် နေ့စဉ်လက်လီ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာ မေလဆန်းမှစ၍ တစ်တင်းကို ကျပ် ၂၇၀၀၀ ဖြင့် ယခုတစ်ပတ်မှာလည်း ဈေးဆက်ငြိမ်လျက်ရှိနေပါတယ်။ ပဲပုပ်သီးနှံနဲ့ ပဲသစ်ပေါ်ချိန်က တစ်တင်း ကျပ် ၂၀၀၀၀ ဖြင့်သာ ဈေးဖွင့်ခဲ့ပေမယ့် မတ်လမှစ၍တဖြည်းဖြည်း ဈေး မြင့်တက်လာသလို ယခုအချိန်မှာလည်း ဈေးထပ်မံမြင့်တက်လာတာဖြစ်လို့ ပဲသစ်ပေါ်စအချိန်ထက် တစ်တင်းကျပ် ၇၀၀၀ ခန့် ဈေးပိုရလျက်ရှိခဲ့ပါတယ်။ ယခင်နှစ်တွေက ပဲပုပ်သီးနှံမှာ ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နဲ့ ရောင်းဝယ်ခဲ့ကြပေမယ့် ယခုနှစ်ပဲပုပ်ဈေးမှာ ဈေးအမြင့်မှာရှိ နေတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၁ ၊ ၅ ၊ ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO(1) | အလုပ်မလုပ် |
| ထီးတန်းဆိပ်ကမ်း | - MT.CHAO ANOMA | စားအုံးဆီ ၄၃၀၀ တန်ကုန်ချဆဲ၊ |
| အလုံဆိပ်ကမ်း (၂) | - THANG LONG | STEEL SLAB ၃၉၀၇တန်ကုန်ချဆဲ၊ |
| အလုံဆိပ်ကမ်း(၃) | - HAI DUONG-01 | သကြား ၆၀၀၀တန် ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - GLOBAL AQUARIUS | စတီး HOT ROLL ၄၀၆၇တန် ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - TOMINI AMITY | ဆန်တန်ချိန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - BLUE ANGEL | ဆန်တန်ချိန် ၂၀၀၀၀ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - HUA YOU-1 | စတီးတန် ၁၅၀၂၉ ကုန်ချဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၃) | - DAWEI | ကုန်သေတ္တာ ၂၀၆ လုံးကုန်ချဆဲ |
| | | ကုန်သေတ္တာ ၂၅၀ လုံးကုန်တင်ဆဲ |
| Myanmar Integrated Port Limite | - ASIAN LEADER | စက်ပစ္စည်း ၂၁၆ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၁) | - ARCA | ကုန်သေတ္တာ ၇၀၄ လုံး ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂) | - TYGRA | ကုန်သေတ္တာ၁၁၇လုံး ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - LAKE GENEVA | စက်ပစ္စည်းနှင့် တန် ၂၀၀ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - DING XIANG HAI | စတီးပစ္စည်းနှင့် G/Cတန် ၃၀၆၂၅ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SIGAP | ဘိလပ်မြေ ၈၀၀၀တန် | | ၁၁-၅-၂၀၁၇ |
| BARGE NO 101 TAISU | | SITTWE | ၁၂-၅-၂၀၁၇ |
| INFINITY-V | Steel ၃၀၀၀၀ တန်ကုန်ချရန် | | ၁၂-၅-၂၀၁၇ |
| LEO STAR-1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | | ၁၂-၅-၂၀၁၇ |
| VIKING AMBER | Vehicle တန် ၈၉၆ ကုန်ချရန် | | ၁၂-၅-၂၀၁၇ |
| TUG: SINAR SEMINAR-1 +BG:SINAR-1 | မြေဩဇာ၃၀၀၀ တန်ကုန်ချရန် | KAWTHONG | ၁၂-၅-၂၀၁၇ |
| GOLDEN SHOWER ACE | IRON SLAG ၉၃၀၀ တန်ကုန်ချရန် | | ၁၂-၅-၂၀၁၇ |
| INDUSTRIAL MERCHANT | PILES ၁၉၀၇၆ တန်ကုန်ချရန် | | ၁၅-၅-၂၀၁၇ |
| NOBEL CORAL | VEHICLE &G/C ၁၅၀၀ တန်ကုန်ချရန် | | ၁၆-၅-၂၀၁၇ |
| CAMELLIA ACE-2 | စက်ပစ္စည်း ၁၀၀ တန်ကုန်ချရန် | | ၁၆-၅-၂၀၁၇ |
| SEVGI | G/C ၁၅၃၁ တန်ကုန်တင်ရန် | | ၁၆-၅-၂၀၁၇ |
| SEA CASTLE | Vehicle ၅၄ တန်ကုန်ချရန် | | ၁၇-၅-၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GSS YANGON | SINGAPORE | အေးရှားဝေါလ် | ၁၁-၅-၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ် | ၁၁-၅-၂၀၁၇ |
| X-PRESS YAMUNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁-၅-၂၀၁၇ |
| CHINDWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁-၅-၂၀၁၇ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ် | ၁၁-၅-၂၀၁၇ |
| EVER APEX | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၁-၅-၂၀၁၇ |
| SINAR SOLO | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၂-၅-၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၂-၅-၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ /အလုံဆိပ်ကမ်း | ၁၃-၅-၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ် | ၁၃-၅-၂၀၁၇ |
| KENG TUNG | MALAYSIA | ဗိုလ်အောင်ကျော် | ၁၃-၅-၂၀၁၇ |
| FRISH LAHN | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၄-၅-၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ် | ၁၄-၅-၂၀၁၇ |
| TOVE MAERSK | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅-၅-၂၀၁၇ |
| KOTA HARTA | SINGAPORE | သီလဝါ /အေးရှားဝေါလ် | ၁၅-၅-၂၀၁၇ |
| PACITA | SINGAPORE | အေးရှားဝေါလ် | ၁၆-၅-၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ် | ၁၇-၅-၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AU GEMINI | စားအုန်းဆီ | - | ၁၁-၅-၂၀၁၇ |
| MT.STORHOLMEN | ဓါတ်ငွေ့ | - | ၁၂-၅-၂၀၁၇ |
| PACIFIC-18 | - | - | ၁၂-၅-၂၀၁၇ |
| MT.GAEA | ဒီဇယ် | - | ၁၂-၅-၂၀၁၇ |
| MT.HE XIE HAD | ဒီဇယ် | - | ၁၂-၅-၂၀၁၇ |
| MT.PRIMROSE | စားအုန်းဆီ | - | ၁၂-၅-၂၀၁၇ |
| MT.MORHOLMEN | ဓါတ်ငွေ့ | - | ၁၃-၅-၂၀၁၇ |
| MT. FLY GURNARD | ဒီဇယ် | - | ၁၃-၅-၂၀၁၇ |
| MT.BABYLON | ဒီဇယ် | - | ၁၅-၅-၂၀၁၇ |
| MT.OCEAN PITTA | ဒီဇယ် | - | ၁၅-၅-၂၀၁၇ |
| MT.GOLDEN COVENANT | ဒီဇယ် | - | ၁၇-၅-၂၀၁၇ |

## ပြည်ပမှ ဆန်ဝယ်ယူတင်သွင်းခွင့်ကို ဖိလစ်ပိုင်နိုင်ငံအစိုးရက ပုဂ္ဂလိကကဏ္ဍအား ခွင့်ပြုသွားမည်

ဖိလစ်ပိုင်နိုင်ငံအစိုးရသည် ပြည်ပမှ ဆန်ဝယ်ယူတင်သွင်း ခွင့်ကို ပုဂ္ဂလိကကဏ္ဍအား ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဆန်တင်သွင်းမှုပမာဏ များပြားပိုလျှံမှုမရှိစေရန်နှင့် ပြည်တွင်းစိုက်ပျိုးသူတောင်သူများကို အကာအကွယ်ပေးမည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် စည်းမျဉ်းများကို သေချာစွာ ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်းသိရှိရသည်။

ပုဂ္ဂလိကကဏ္ဍအား ဆန်တင်သွင်းခွင့်ပြုရန်အတွက် သမ္မတဒူတာတေးသည် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ အဆိုပါကိစ္စရပ်ကို သမ္မတဒူတာတေးက အစိုးရအဖွဲ့အစည်းအဝေးတွင် ထပ်လောင်းပြောကြားခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်သူ ရေမွန်အမ်လိုပက်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အစိုးရအချင်းချင်းစာချုပ်ချုပ်ဆိုဝယ်ယူသည့် ဆန်များကို အမျိုးသား စားသောက်ကုန်အဖွဲ့ (National Food Authority, NFA) က တင်သွင်းလျက်ရှိသည်။ အစိုးရအချင်းချင်း ဆန်ဝယ်ယူမှုအတွက်အစိုးရသည်ငွေကြေးအချို့ကို သီးသန့်ထားရှိရသည်။ ယခုအခါ ပြည်ပမှ ဆန်တင်သွင်းမှုကို NFA တစ်ဦးတည်း လက်ဝါးကြီးအုပ် ဆောင်ရွက်နေမှုအား ခွင့်ပြုသွားတော့မည်မဟုတ်ကြောင်း၊ NFA ၏ အဓိကတာဝန်မှာ နိုင်ငံတော်အရန်ရိက္ခာအတွက် ပြည်တွင်းစပါးစိုက်ပျိုးသူတောင်သူများထံမှ ဒေသထွက် ဆန်စပါးများ ဝယ်ယူရန်ဖြစ်ပြီး လိုအပ်ပါက ပြည်ပမှ ဆန်တင်သွင်းနိုင်ကြောင်း သိရှိရသည်။

ပုဂ္ဂလိကကဏ္ဍကို ဆန်ဝယ်ယူတင်သွင်းခွင့်ပြုမည့် မူဝါဒသည် ယခုနှစ်ဇူလိုင်လ ၁ ရက်မှစ၍ ဆန် တင်သွင်းမှုအပေါ် အရေအတွက်ဖြင့် ကန့်သတ်ထားမှုကို ဖယ်ရှားမည့် အစိုးရ၏အစီအစဉ်နှင့် ကိုက်ညီမှုရှိရန် ချိန်ညှိထားကြောင်း သိရှိရသည်။ အဆိုပါမူဝါဒအတွက် အမိန့်ညွှန်ကြားစာ ထုတ်ပြန်ရမည်ဖြစ်သည်။

NFA သည်ပြည်ပမှဆန်တင်သွင်းမှုအပေါ် တစ်ဦးတည်း လက်ဝါးကြီးအုပ်ဆောင်ရွက်မှုကြောင့် ယခင်က အစိုးရသည် ဖိလစ်ပိုင် ပီဆိုငွေ ၂၀၀ ဘီလီယံဆုံးရှုံးရကြောင်း၊ ထိုကဲ့သို့ဖြစ်ရခြင်းမှာ NFA ကဈေးအမြင့်ဖြင့် ဝယ်ယူထားသည့် ပြည်ပမှ ဆန်များ ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိချိန်တွင် ဆန်ဈေးကျဆင်းသည့်အချိန်ဖြစ်ခဲ့သဖြင့် ဆန်များကို အရှုံးခံရောင်းချခဲ့ရကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ဈေးကွက်နှင့်ဆောင်ရွက်ရမည့် အချိန်ကာလကို ကောင်းကောင်းသိရှိပြီး ဈေးကွက်ယှဉ်ပြိုင်မှုသည် ဈေးနှုန်းအရသော်လည်းကောင်း၊ တင်သွင်းမှုပမာဏအရသော်လည်းကောင်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း လိုပက်က ပြောကြားခဲ့သည်။

ပုဂ္ဂလိကကဏ္ဍအား ဆန်တင်သွင်းခွင့်ပေးခြင်းဖြင့် ပြည်ပမှ ဆန်ဝယ်ယူတင်သွင်းမှုအပေါ် NFA ၏ တစ်ဦးတည်း လက်ဝါးကြီးအုပ်ဆောင်ရွက်မှုကို ဖယ်ရှားနိုင်မည့်အပြင် နောက်ထပ်အကျိုးအမြတ်မှာ ဆန်တင်သွင်း မှုအပေါ် အစိုးရက ငွေထောက်ပံ့ပေးရန် မလိုအပ်တော့ကြောင်း၊ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆန်တင်သွင်းမှုအတွက် နိုင်ငံတော်သို့ အကောက်ခွန် ၃၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်၍ အစိုးရအတွက် အခွန်ဘဏ္ဍာရရှိမှုကို ဖန်တီးပေးရာရောက်ကြောင်း လိုပက်က ပြောကြားခဲ့သည်။

ဈေးကွက်ယှဉ်ပြိုင်ခွင့်ရှိခြင်းဖြင့် ဆန်တင်သွင်းသူများအကြား ဈေးနှုန်းယှဉ်ပြိုင်မှုဖြစ်စေပြီး ဈေးကွက်ခြယ်လှယ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ဆန်သည် ဖိလစ်ပိုင်ပြည်သူများ နေ့စဉ်စားသုံးသည့် အဓိကအစားအစာဖြစ်ပြီး ဆန်ဈေးကွက်နှင့် ဆန်ဈေးနှုန်းတည်ငြိမ်မှုမရှိပါက ငွေကြေးဖောင်းပွမှုညွှန်းကိန်းအပေါ်လည်း သက်ရောက်လျက်ရှိသဖြင့် ဆန်ဈေးကွက်နှင့် ဆန်ဈေးနှုန်းတည်ငြိမ်မှုသည် အလွန်အရေးကြီးကြောင်း လိုပက်ကပြောကြားခဲ့သည်။

Source: riceonline

**စန္ဒာထွန်း** (TTI)

## မုံရွာကုန်စည်ဒိုင်သို့ မိုးပဲတီစိမ်းသီးနှံသစ်များ စတင်ဝင်ရောက်

မေလဆန်းမှစ၍ မိုးပဲတီစိမ်းသစ်များ မုံရွာကုန်စည် ဒိုင်သို့စတင်ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ မိုးပဲတီစိမ်းသီးနှံကိုမုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်တို့တွင် စိုက်ပျိုးလျက်ရှိရာ မုံရွာကုန်စည်ဒိုင်သို့ မုံရွာ၊ ဘုတလင်၊ ချောင်းဦး၊ မြောင်၊ ဒီပဲယင်းမြို့နယ်တို့မှ ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။မုံရွာကုန်စည်ဒိုင်သို့ ပဲတီစိမ်း သီးနှံသစ်များ နေ့စဉ်အိတ် ၆၀၀ ကျော် ၇၀၀ ဝင်ရောက်လျက်ရှိရာ အဝင်ရှိသလောက် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းသီးနှံတစ်တင်းလျှင် ကျပ် ၃၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး ယခင်နှစ်ကာလတူအချိန်ပေါက်ဈေး နှုန်းမှာ ကျပ် ၃၃၀၀၀ နှုန်းပေါက်ကာ ယခင်နှစ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးမှာ ဈေးမြင့်လျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်ပဲလွန်းဖြူ လက်လီ ရောင်းဝယ်မှုသာရှိပြီး ဈေးလည်းငြိမ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီ အရောင်းအဝယ် များတဲ့ ပဲများအနက် ပဲလွန်းဖြူသီးနှံလည်း ပါဝင်နေခဲ့တာ တွေ့ရပါတယ်။ ပဲဝင်ရောက်မှု အနည်းငယ်သာရှိသလို လက်ကျန်ပဲလည်း အနည်းငယ်ရှိပြီး လက်လီဝယ်ယူမှု အပေါ် မူတည်ပြီး နေ့စဉ်အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ပဲထွက်ပေါ် ချိန်နဲ့ ဈေးကွက်သို့ အဝင်များ ချိန်တွင်သာ အရောင်းအဝယ်သွက်ခဲ့ပေမယ့် ကျန်အချိန်များမှာတော့ လက်ကျန်ပဲလောက်သာ လက်လီသမားနဲ့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၇၅၀၀ ဖြင့် မေလဆန်းရက်က ဈေးအတိုင်း ယခုအချိန်အထိ ဈေးငြိမ်နေပြီး လက်လီရောင်းဝယ်မှုရှိတဲ့ဘိုကိတ်၊ပဲနီပြား၊ ထောပတ်ပဲသီးနှံများထက် ဈေးပိုရနေခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ယခုနှစ်မန်ကျည်းမှည့်ဈေးမကျတာကြောင့် နယ်အဆွဲကျ

ပြည်မန်ကျည်းမှည့်ပွဲရုံများတွင် မန်ကျည်းမှည့်မှာ အဝင်များပြီးဈေးမကိုက်တာကြောင့် နယ်ဝယ်လက်ဝယ်ယူမှုမရှိဘဲ ဒေသတွင်းအရောင်းအဝယ်သာရှိနေပါတယ်။ ယခင်နှစ်များထက် ဈေးမကျတာကြောင့် အရောင်းအဝယ်အေးနေပါတယ်။ ယခုတစ်ပတ်မန်ကျည်းမှည့်ပွဲရုံဈေးတစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၃၀၀ အထိရှိပြီး ဒေသတွင်းလက်လီဈေးကတော့ ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ အထိ ရောင်းချလျက်ရှိပါတယ်။ အစေ့ပါမှုအပေါ် မူတည်ပြီးဈေးနှုန်းကွဲပြားလျက်ရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## မန်ကျည်းတန်ချိန် ၄၀၀ ကျော်တင်ပို့

ဧပြီလ ၃၀ ရက်မှ မေလ ၆ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း၄၃၃ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၁၇ ဒသမ ၈တန်၊ ပါကစ္စတန်နိုင်ငံသို့ ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ၄၇ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၅၂ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၉၂ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတင်ပို့မှုမရှိဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၆၈၁၈ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း**(DOT)

## ကြက်သွန်နီ

### မုံရွာကြက်သွန်နီဈေးကွက်တွင် မေလဒုတိယပတ်အတွင်း ဈေးအနည်းငယ်ပြန်ကျ

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီ ပွဲရုံများသို့ နေ့စဉ်ကြက်သွန်နီ ပိဿာချိန် ၂၀၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်းအိတ်ဆွဲသမားများနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဟုမ္မလင်း၊ ခန္တီးမြို့များအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်မှုများရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲ ရုံများ၌ လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀၊ လက်လီတစ်ပိဿာ(ကြီး) ကျပ် ၉၅၀၊ (လတ်) ကျပ် ၈၅၀၊ (သေး) ကျပ် ၈၀၀ နှုန်းပေါက်လျက်ရှိပြီး ယခင်တစ်ပတ်က လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၅၀၊ (သေး) ကျပ် ၇၀၀ နှုန်းရှိပြီး လက်လီဈေး နှုန်းတစ်ပိဿာ (ကြီး)ကျပ်၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ နှုန်းပေါက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ပြန်လည်ကျဆင်းလာကာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ ကြက်သွန်ဖြူဈေးကွက်တွင် မုံရွာပွဲရုံသို့ ကြက်သွန်ဖြူပိဿာ ၁၀၀၀ ကျော် အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ လက်လီ ဈေးနှုန်းမှာ (ဗမာ) ကျပ် ၅၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက်ပြီး၊ ယခင်တစ်ပတ်က ပွဲရုံဈေး (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀ လက်လီကတော့ တစ်ပိဿာ (ဗမာ) ကျပ် ၅၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက်လျက် ယခင်တစ်ပတ် အတိုင်း ဈေးငြိမ်နေပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာ ကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်-မုံရွာ**

### ပြည်ကြက်သွန်နီဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်ပေမယ့် ပြည်ဒေသထွက် ကြက်သွန်နီမှာတော့ အနိမ့်ဈေးသာရရှိ

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ ရေနံချောင်း၊ ပခုက္ကူ၊ တောင်တွင်း၊ မကွေးစတဲ့နယ်ဘက်မှ ကြက်သွန်နီ ပိဿာချိန် ၂၀၀၀၀ ခန့်ဝင် ရောက်လျက်ရှိပြီး ပုံမှန်ကာလထက် ပိုမိုဝင်ရောက်နေသေးကြောင်းသိရပါတယ်။ အရောင်းအဝယ် ပုံမှန်သာရှိပြီး ဒေသတွင်းဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ တိုင်းကျော်စီးဆင်းမှု၊ တင်ပို့မှုအပါအဝင် တစ်နေ့လျှင် ပိဿာချိန် ၁၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေ တာ တွေ့ရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံလက်ကားဈေးမှာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း မပြောင်းလဲဘဲ တစ်ပိဿာလျှင် (ကြီး/ လတ်) ကျပ် ၉၀၀ မှ ၉၅၀၊ (အသေးစ) ကျပ် ၈၀၀ မှ ၈၅၀ဈေးရှိပြီး၊ လက်လီဈေးအနေနဲ့ ဒေသတွင်းလက်လီဈေးများတွင် တစ်ပိဿာ(ကြီး/လတ်) ကျပ် ၁၁၀၀ မှ ၁၂၀၀၊ (အသေးစ) ကျပ် ၉၅၀ မှ ၁၀၀၀ တို့နှင့်အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်းသိရပါတယ်။

ပြည်ဒေသထွက် မှော်ဇာ၊ မုဥ္စော၊ တောင်လုံးညို၊ ကုန်းရိုးဒေသတို့မှ ကြက်သွန်နီများမှာ မကွေး၊ မန္တလေးဘက်မှ ဝင်ရောက်တဲ့ကြက်သွန်နီများလောက် အရည်အသွေးမကောင်းတဲ့အတွက် ပြည်ပွဲရုံများမှ အဝယ်နည်းသလို အနိမ့်ဈေးဖြင့် ဝယ်ယူသဖြင့် စိုက်ပျိုးသူတောင်သူများက ကုန်တွဲရထားဖြင့် တိုက်ကြီး (မြောင်းတကာ)သို့သာ အများဆုံးတင်ပို့ရောင်းချမှုများရှိနေကြောင်းသိရပါတယ်။ ဈေးနှုန်းအားဖြင့် တစ်ပိဿာကို(ကြီး/လတ်) ကျပ် ၇၀၀ မှ ၉၀၀ အထိဈေးရရှိကြောင်း သိရပြီး တစ်နေ့လျှင် အိတ် ၂၀၀ မှ ၃၅၀ အထိ တင်ပို့မှုရှိနေတာတွေ့ရပါတယ်။ သင်္ကြန်မိုးကြောင့် ရေစိုမိုးမိ ကြက်သွန်နီများမှာတော့ တစ်ပိဿာလျှင် (ကြီး/လတ်) ကျပ် ၅၀၀ မှ ၅၅၀ ဈေးသာရရှိပြီး ရေမြှုပ်စိုက်ခင်းပိုင်ရှင် စိုက်ပျိုးသူတောင်သူများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ အစားအသောက် ချက်ပြုတ်ရောင်းချသည့်ဆိုင်များသို့ နေ့စဉ်ဆက်သွယ်ရောင်းချနေရကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

### မူဆယ်မှ ချင်းခြောက် ပိုမိုတင်ပို့

ဧပြီ ၂၉ရက်မှ မေ ၅ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇၆၂၆၀ တန်ဖိုးရှိ ချင်းခြောက် ၆၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်ရက်သတ္တပတ်က တင်ပို့ခဲ့တဲ့ ၁၆ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ချင်းခြောက်တစ်တန်ကို မူဆယ်ကုန်စည်ဒိုင်မှာ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၁၆၈၀၂၀၀ ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၅၂၀ တန်ဖိုးရှိ ချင်းစို ၂ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စစ်တွေမှာချင်းစို တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးကတော့ ၁၀၂၉၉၉၀ ကျပ်ရှိပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေးကွက် ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်ဖြစ်

ပြည်ချင်းဈေးကွက်(ပွဲရုံ)များတွင် ချင်းအိတ်တွေ ပုံမှန်အဝင်ရှိနေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ယခုတစ်ပတ်တွင် ချင်း ၁၀ ပိဿာဝင်အိတ်ရေ ၅၀ ခန့် နေ့စဉ်ပုံမှန်အဝင်ရှိပြီး၊ အဝင်ရှိသလောက် အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်းဝယ်လက်သမားနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကိုပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပြီး၊ ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ ချင်းတစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀၊ (ဂွန်) ကျပ် ၅၀၀ မှ ကျပ် ၇၀၀ ဖြင့်အသီးသီး ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်နှစ်မေဒုတိယပတ်က ချင်းတစ်ပိဿာ ဈေးနှုန်းမှာ (ရှယ်) ကျပ် ၁၂၀၀၊ ကျပ် ၁၃၀၀၊ (ဂွန်) ကျပ် ၈၀၀ မှ ၉၀၀ နှုန်းရှိတဲ့အတွက် ယခုအခြေအနေနဲ့ နှိုင်းယှဉ်ပါက ချင်းဈေးအနည်းငယ်ကျနေတဲ့အချိန်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**ဝင်းဝင်းခိုင်**

### မေလဆန်းမှာ ရှမ်းချင်းကို ပြည်ပဝယ်လက်တို့ဝယ်ယူ

အောင်ပန်းဈေးကွက်မှာ ချင်း (စို) အဝင်နည်းသွားပါတယ်။ တောင်သူတွေထံမှာလည်း အနည်းငယ်သာ ကျန်ရှိတော့တယ်လို့သိရပါတယ်။ ဒီနှစ်ထွက်တဲ့ ချင်း(စို) က ပြည်တွင်း/ပြည်ပမှာအဝယ်လိုက်နေလို့အရောင်းသွက်နေတယ်လို့လည်း သိရပါတယ်။ ဧပြီလမှာ ပြည်ပဝယ်လက်တွေရှိခဲ့လို့ ဖြုန်းအား အနည်းငယ်ကောင်းခဲ့ပါတယ်။ဧပြီလအကုန်မှာတော့ ပြည်ပဝယ်လက်တွေက နားသွားလို့ပြည်တွင်းသုံး ချင်းထိုးသမားတွေသာ အဝယ်ရှိတော့တယ်လို့လည်း သိရပါတယ်။ မေလဆန်းမှာတော့ အောင်ပန်းဈေးကွက်မှာချင်းကို ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ဖို့အတွက် ဝယ်လက်အချို့က ပြန်ပြီး ဝယ်ယူနေကြပါတယ်။ ဒါပေမယ့် ချင်း(စို)ကိုပြန်ပြီး စိုက်နေတာကြောင့် ဈေးကွက်ကိုအဝင်နည်းလာလို့ ဈေးကလည်း အနည်းငယ်တက်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာကို အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကလည်း ကွာလာပါတယ်။ တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၂၀၀ မှ ကျပ် ၄၅၀၊ ကျပ် ၅၀၀ အထိ ဈေးရှိလာပြီး ပြည်ပဝယ်လက်တွေကတော့ အကောင်းဆုံး ထိပ်စတွေ ကိုသာ ဝယ်ယူတယ်လို့လည်း သိရပါတယ်။

ချင်းစိုက အရောင်းအဝယ်ကောင်းနေတော့ ချင်းခြောက်တွေက အရောင်းပါးနေပါတယ်။ ချင်းခြောက်တစ်ပိဿာပေါက်ဈေးက ကျပ် ၁၃၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## နနွင်း

### ယခင်သီတင်းပတ်ထက် နနွင်း ၁၀တန်နီးပါးပိုမိုတင်ပို့

ဧပြီလ ၃၀ ရက်မှ မေလ ၆ ရက်အထိ သီတင်းပတ်အတွင်းနနွင်း(ရှမ်းစ) ၅၉ ဒသမ ၉၉ တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ နနွင်း(ရှမ်းစ) တန်ချိန် ၁၀၀ ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန်၁၅၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်း၁၀ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၀၁၉၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အရည်အသွေးကောင်း ရှမ်းနနွင်းကို ပြည်ပဝယ်လက်တို့ဝယ်ယူ

ရှမ်းနနွင်းကတော့ ခပ်မှန်မှန်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ အဝင်ရော ဝယ်လက်ပါ ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ဒီနှစ်ထွက်ရှမ်းနနွင်းကို အိမ်နီးချင်းနိုင်ငံတွေက တော်တော်များများ ဝယ်ယူကြပါတယ်။ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ သီရိလင်္ကာနိုင်ငံတွေအပြင် တရုတ်နိုင်ငံကပါဝယ်ယူလာပါတယ်။ မနှစ်ကတော့ တရုတ်နိုင်ငံကိုပို့ဖို့အတွက် မူဆယ်ဝယ်လက်တွေက ဝယ်ယူသလိုဒီနှစ်မှာလည်း တရုတ်ဝယ်လက်တွေက ပြန်ပြီးအဝယ်ရှိလာပါတယ်။

ပြည်ပဝယ်လက်တွေကတော့ ထိပ်စတွေကိုသာ ဝယ်ယူမှုရှိပြီး၊ လတ်စနဲ့ညံ့စတွေက ဝယ်ယူမှုနည်းပါတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်က နနွင်းဈေးကွက်ပျက်ခဲ့တာကြောင့် နနွင်းစိုက်တောင်သူတွေကလည်း ရိုးရာမပျက်စိုက်ခဲ့ကြတာပဲရှိပါတယ်။ ဒါ့ကြောင့် နနွင်းအရည်အသွေး ကျဆင်းလာပြီး ဈေးကွက်လည်း သိပ်ပြီးမဝင်တော့ပါဘူး။ ဒီဘက်နှစ်တွေမှာတော့ နနွင်းကိုပြည်ပဝယ်လက်တွေက ပြန်ပြီးဝယ်ယူနေသလိုဈေးကွက်မှာလည်း အရည်အသွေးကောင်းတဲ့ထိပ်စတွေကိုသာ ဝယ်ယူလာကြပါတယ်။ အရည်အသွေးကောင်းတဲ့ ဆင်တောင်နနွင်းတွေနဲ့ တောင်ပို့လစ(၁)တွေကိုသာ ပြည်ပဝယ်လက်တွေက နှစ်ခြိုက်ပေမယ့် အဲဒီနနွင်းတွေကလည်း အထွက်နည်းလာပါတယ်၊ ဒါကြောင့် အခုနှစ်မှာ ထိပ်စတွေက ပစ္စည်း အရင်ကုန်ပြီးရောနှောစတွေသာ ဈေးကွက်မှာကျန်တယ်လို့သိရပါတယ်။

ဒီတစ်ပတ် နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံးကျပ် ၃၅၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**



### တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်မှပါ ကြက်သွန်နီ ပိုမိုတင်ပို့

ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၆ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၂၈၈၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၀၆၄ တန်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ရှစ်ရာကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၇၂၂၀၇ တန်ဖိုးရှိ ကြက်သွန်နီ ၁၈၆ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မြဝတီမှ တန် ၃၀နဲ့ တာချီလိတ်မှ ၁၅၆ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ၃၆ တန်နဲ့ တာချီလိတ်မှ တန်ချိန် ၁၀၀ စုစုပေါင်း ၁၃၆ တန်သာတင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ထိုင်းနိုင်ငံသို့လည်း ကြက်သွန်နီ တန်ချိန် ၅၀ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဧပြီ ၂၉ ရက်မှ မေ၅ ရက်အတွင်း အမေရိကန် ဒေါ်လာ ၅၃၂၁၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန်ချိန် ၃၆၀ ကိုလည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်သို့ ဆန်တိုးချဲ့တင်ပို့လျက်ရှိသော လာအို

သိန်းမြင့်ဝေ

**ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေ**

၂၀၁၅ ခုနှစ်တွင် နိုင်ငံအလိုက် ဆန်တင်ပို့မှုမှာစုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂ဘီလီယံရှိသည်။ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်းမှ ဒေါ်လာ ၂၆ ဘီလီယံရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှုမှာ ကန်ဒေါ်လာ ၂၄ ဒသမ ၁ ဘီလီယံရှိခဲ့သည်။ စိုက်ပျိုးထုတ်လုပ်မှုပမာဏ (Production Value) အရ ဆန်သည် ကမ္ဘာ့ဒုတိယအရေးကြီးဆုံး နှံစားသီးနှံဖြစ်သည်။ ကမ္ဘာ့အရေးအကြီးဆုံးနှံစားသီးနှံမှာ ပြောင်းဖြစ်သည်။

အစဉ်အလာအားဖြင့် အာရှတိုက်နိုင်ငံများသည် ကမ္ဘာ့ဆန်စပါးအများဆုံးထုတ်လုပ်သောနိုင်ငံများဖြစ်သည်။ ထို့ပြင် အာရှတိုက်နိုင်ငံများသည် ၂၀၁၅ ခုနှစ်တွင် ဆန်အများဆုံးတင်ပို့နိုင်ခဲ့သည်။ အာရှနိုင်ငံများ၏ ၂၀၁၅ခုနှစ် ဆန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ ဘီလီယံရှိပြီး ကမ္ဘာ့ဆန်တင်ပို့မှုတန်ဖိုး၏ ၄ ပုံပုံ ၃ပုံနီးပါးရှိခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၇ ရာခိုင်နှုန်းတင်ပို့နိုင်ခဲ့သည်။

မြောက်အမေရိကနိုင်ငံများသည် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၉ ဒသမ ၈ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂသည် ၇ ဒသမ ၇ ရာခိုင်နှုန်း၊ လက်တင်အမေရိကနှင့် ကာရီဘီယံဒေသတို့သည် ၆ ရာခိုင်နှုန်း အသီးသီး တင်ပို့လျက်ရှိကြပါသည်။

**နိုင်ငံအလိုက်ဆန်တင်ပို့မှုအခြေအနေ**

၂၀၁၅ ခုနှစ်၏ဆန်တင်ပို့မှုအများဆုံးနိုင်ငံ၁၅နိုင်ငံမှာ အိန္ဒိယ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ ဥရုဂွေး၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ဩစတြေးလျ၊ တရုတ်၊ ဘယ်လ်ဂျီယံ၊ ဂါနာ၊ နယ်သာလန်နှင့်စပိန်တို့ဖြစ်သည်။ ဆန်တင်ပို့မှု အများအနည်းအလိုက် ဖော်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါ ၁၅ နိုင်ငံအပါအဝင် မြန်မာနှင့် လာအိုတို့၏ စုစုပေါင်း ကမ္ဘာ့ဆန်တင်ပို့မှုတွင် ပါဝင်သော ဆန်ပို့ကုန် တန်ဖိုးနှင့် ရာခိုင်နှုန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြပါထားပါသည်။

**၂၀၁၅ ခုနှစ်တွင် ဆန်အများဆုံး တင်ပို့ခဲ့သောနိုင်ငံများ (မြန်မာနှင့်လာအိုအပါအဝင် )**

တန်ဖိုး USD

| အဆင့် | နိုင်ငံအမည် | တင်ပို့မှုတန်ဖိုး | ရာခိုင်နှုန်း (*) |
|---|---|---|---|
| ၁ | အိန္ဒိယ | ၆. ၄ ဘီလီယံ | ၃၀. ၁ |
| ၂ | ထိုင်း | ၄. ၅ ဘီလီယံ | ၂၁. ၄ |
| ၃ | အမေရိကန် | ၂. ၁ ဘီလီယံ | ၉. ၇ |
| ၄ | ပါကစ္စတန် | ၁. ၉ ဘီလီယံ | ၉. ၁ |
| ၅ | ဗီယက်နမ် | ၁. ၆ ဘီလီယံ | ၇. ၅ |
| ၆ | အီတလီ | ၅၉၁. ၃ သန်း | ၂. ၈ |
| ၇ | ဥရုဂွေး | ၃၇၇. ၄ သန်း | ၁. ၈ |
| ၈ | ဘရာဇီး | ၃၅၀. ၂ သန်း | ၁. ၇ |
| ၉ | ကမ္ဘောဒီးယား | ၃၃၅. ၁ သန်း | ၁. ၆ |
| ၁၀ | ဩစတြေးလျ | ၃၀၁. ၂ သန်း | ၁. ၄ |
| ၁၁ | တရုတ် | ၂၆၇. ၄ သန်း | ၁. ၃ |
| ၁၂ | ဘယ်လ်ဂျီယံ | ၂၄၂. ၃ သန်း | ၁. ၁ |
| ၁၃ | ဂါနာ | ၂၁၂. ၁ သန်း | ၁. ၀ |
| ၁၄ | နယ်သာလန် | ၁၉၁. ၃ သန်း | ၀. ၉ |
| ၁၅ | စပိန် | ၁၆၈. ၅ သန်း | ၀. ၈ |
| ၁၉ | မြန်မာ | ၁၁၁. ၂ သန်း | ၀. ၅ |
| ၃၂ | လာအို | ၂၉. ၄ သန်း | ၀. ၁ |

Source: World factbook

*** ကမ္ဘာ့ဆန်စုစုပေါင်း တင်ပို့မှုတန်ဖိုး၏ ရာခိုင်နှုန်းဖြစ်ပါသည်။**

ဇယားအရ ၂၀၁၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့ မှုတန်ဖိုး၏ ၃၀ ဒသမ ၁ ရာခိုင်နှုန်း (တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံဖိုး) ဖြင့် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သောနိုင်ငံဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် ၂၁ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့ဒုတိယဆန်အများဆုံးတင်ပို့သော နိုင်ငံဖြစ်သည်။ အမေရိကန်သည် တတိယ၊ ဗီယက်နမ်သည် ပဉ္စမ၊ ကမ္ဘောဒီးယားသည် နဝမနှင့် တရုတ်သည် ၈ကေဒသမ စသည်ဖြင့် အသီးသီးတင်ပို့ခဲ့ကြသည်။ ထို့ပြင် မြန်မာသည် ကမ္ဘာ့ဆန်တင်ပို့မှုတန်ဖိုး၏ သုည ဒသမ ၅ ရာခိုင်နှုန်းနှင့် လာအိုသည် သုညဒသမတစ်ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့သည်။

အထက်ပါ ဇယားအရ ၂၀၁၁ ခုနှစ်မှ စတင်ပြီး ဆန်တင်ပို့မှုတန်ဖိုးတိုးတက်လာသော နိုင်ငံများမှာ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ ဂါနာနှင့် ဩစတြေးလျတို့ဖြစ်သည်။ ကမ္ဘောဒီးယားသည် အဆိုပါကာလအတွင်း ၂၁၅ ရာခိုင်နှုန်း၊ အိန္ဒိယသည် ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဂါနာသည် ၄၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ဩစတြေးလျသည် ၁၀ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။

အလားတူကာလတွင် ဆန်တင်ပို့မှုတန်ဖိုးသိသိသာသာ ကျဆင်းသွားသောနိုင်ငံများမှာ ဗီယက်နမ်၊ဘရာဇီး၊ တရုတ်နှင့် ထိုင်းတို့ ဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့် ဗီယက်နမ်သည် ၅၆ ဒသမ ၃ ရာခိုင်နှုန်း၊ ဘရာဇီး သည် ၄၂ ဒသမ ၉ ရာခိုင်နှုန်း၊ တရုတ်သည် ၃၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် ထိုင်းသည် ၃၀ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ပါသည်။

**စုစုပေါင်းကမ္ဘာ့ဆန်စားသုံးမှု**

၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်း ကမ္ဘာ့ဆန်စားသုံးမှု (Total global rice consumption) မှာ မက်ထရစ်တန် ၄၇၈ ဒသမ ၄၄ သန်းရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန်၁၄၆သန်း စားသုံးပြီး ကမ္ဘာပေါ်တွင်ဆန်အများဆုံး စားသုံးသောနိုင်ငံ (World's leading rice consumer) ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် ဆန်စားသုံးမှုနည်းသောနိုင်ငံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၈၅ သန်း စားသုံးခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ဆန်အများဆုံးတင်ပို့သော နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်းနှင့် အမေရိကန်တို့ဖြစ်ကြောင်း၊ အာရှတိုက်နိုင်ငံများသည် ကမ္ဘာပေါ်တွင် ဆန်အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး အများဆုံး တင်ပို့သော ဒေသဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင်ကမ္ဘာ့ဆန်

**"တရုတ်ဝယ်ယူသူများက လာအိုဆန်အရည်အသွေးကို ကြိုက်နှစ်သက်ခြင်းနှင့် တရုတ်ဈေးကွက်၏ ဝယ်လိုအား တိုးခြင်းတို့ကြောင့်**

တင်ပို့သော နိုင်ငံများတွင် မြန်မာနိုင်ငံသည် သုညဒသမ ၅ ရာခိုင်နှုန်း တင်ပို့ပြီး အဆင့် ၁၉ တွင်ရှိကြောင်း၊ လာအိုနိုင်ငံသည် သုညဒသမ တစ်ရာခိုင်နှုန်းဖြင့် အဆင့် ၃၂ တွင် ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

**တင်ပို့ခွင့်ခွဲတမ်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်**

၂၀၁၅ ခုနှစ်၊ မတ်လတွင် တရုတ်အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (China's National Development and Reform Commission) က လာအိုကုမ္ပဏီတစ်ခုအား တစ်ဦးတည်း ဆန်တင်ပို့သူ (Sole exporter) အဖြစ် သဘောတူသတ်မှတ်ခဲ့သည်။ အဆိုပါကုမ္ပဏီသည် လာအိုမှ ဆန်တန်ချိန် ၈၀၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ခွဲတမ်း (Quota) ရရှိခဲ့သည်။ ထို့ကြောင့် လာအိုနိုင်ငံသည် ၂၀၁၅ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံသို့ပထမဆုံးအကြိမ်အဖြစ် ဆန်များတင်ပို့ခဲ့သည်။ တရုတ်ပြည်သို့ ဆန်တင်ပို့ခဲ့သော ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၅၈ ယွမ် (58 Yuan per Kg) ဖြစ်ပါသည်။

လာအိုနိုင်ငံသည် "၂ + ၃ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်" (2+3 Investment Promotion Scheme) အရ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းဖြစ်ပါသည်။ ဤအစီအစဉ်အရ တောင်သူလယ်သမားများက နှစ်ပိုင်းထည့်ဝင်ရပြီး ကုမ္ပဏီက သုံးပိုင်း တာဝန်ယူဖြည့်ဆည်းပေးရပါသည်။ တောင်သူများက မြေယာ(Land)နှင့်လုပ်အား(Labour) ထည့်ဝင်ရသည်။ ကုမ္ပဏီက ထည့်ဝင်ရသော သုံးပိုင်းမှာ ငွေကြေးစိုက်ထုတ်ခြင်း (Funding)၊ နည်းပညာအကူအညီပေးခြင်း (Technical assistance) နှင့် ဈေးကွက်ရှာဖွေတင်ပို့ခြင်း (Market) တို့ဖြစ်ပါသည်။

**တင်ပို့မှုနှင့်စိန်ခေါ်မှု**

တရုတ်ဝယ်ယူသူများက လာအိုဆန်အရည်အသွေးကို ကြိုက်နှစ်သက်ခြင်းနှင့် တရုတ်ဈေးကွက်၏ ဝယ်လိုအား တိုးခြင်းတို့ကြောင့် လာအိုနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၃၇၀၀ ခန့်တင်ပို့ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၄၂၀၀ ကျော် တင်ပို့ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ဆန်တန်ချိန် ၈၀၀၀ ကျော်ကို လာအိုနိုင်ငံမှ တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချရန် လျာထားကြောင်း သိရှိရပါသည်။

လာအိုသည် အာဆီယံနိုင်ငံများအနက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၀၀ပြည့်နှစ်မှ စတင်၍ လာအိုနိုင်ငံသည် ပြည်တွင်းစားသုံးမှုဖူလုံအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ ထို့နောက် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရန် ကြိုးပမ်းခဲ့သည်။ တရုတ်ဈေးကွက်သည် လာအိုနိုင်ငံက တင်ပို့သော ဆန်၏ အရောင်အဆင်း၊ အနံ့၊ အရသာနှင့် အရည်အသွေးတို့ကို လက်ခံနေပြီဖြစ်ပါသည်။ သို့သော်လည်း လာအိုဆန်စပါးဈေးကွက်၏ စိန်ခေါ်မှုမှာ အရည်အသွေးကောင်းမွန်သော ဆန်များကြိတ်ခွဲပေးသည့် ဆန်စက်များ လုံလုံလောက်လောက်မရှိခြင်းဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းတွင် ဆန်စက်များအများအပြားရှိသော်လည်း အရည်အသွေးပြည့်မီအောင် ကြိတ်ခွဲပေးနိုင်သည့် ဆန်စက်များ နည်းပါးနေသည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်းပြုလုပ်သော စစ်တမ်းအရ တရုတ်ဈေးကွက်က ဝယ်ယူလိုသောစံချိန်စံညွှန်းအတိုင်း ပြည့်မီအောင် ကြိတ်ခွဲနိုင်သည့် ဆန်စက်မှာ တစ်လုံးတည်းသာရှိပြီး အလွန်နည်းပါးနေကြောင်းသိရှိရပါသည်။

လာအိုနိုင်ငံတွင် စိုက်ပျိုးသောဆန်ဖြူများ(Pure white grains) သည် နူးညံ့ပျော့ပြောင်းပြီး ရနံ့သင်းပျံ့ကြသည်။ တောင်သူလယ်သမားများစိုက်ပျိုးသော ဆန်စပါး၏အရည်အသွေးကောင်းမွန်သော်လည်း တရုတ်ဈေးကွက်သို့ တင်ပို့မည့်ဆန်များကို အဆင့်အတန်းမီအောင် ကြိတ်ခွဲရန် လိုအပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိဆန်စက်များသည် အရည်အသွေးနိမ့်ကျသော နည်းပညာကို အသုံးပြုထားသောကြောင့် ပိုမိုအဆင့်မြင့်သည့်စက်နှင့် စက်ပစ္စည်းများ၊ ကြိတ်ခွဲပုံနည်းလမ်းများ လိုအပ်လျက်ရှိသည်။

**ဈေးကွက်ထိုးဖောက်မှုနှင့်အထွက်နှုန်းတိုးရေး**

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် တရုတ်နိုင်ငံ၊ နန်နင်းမြို့၌ကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲ(China-ASEAN Expo) တွင် လာအိုဆန်များကို ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့သည်။ အဆိုပါ (၁၃) ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်အတူ (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကိုလည်းကျင်းပခဲ့သည်။

လာအိုအစိုးရသည် ပြည်ပတင်ပို့ရန်နှင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး(Food Security)အတွက် ခရိုင် (၁၀) ခုကို စပါးစိုက်ပျိုးရန် လျာထားသတ်မှတ်ထားသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရန်အတွက်လည်းကောင်း၊ စီးပွားဖြစ်တင်ပို့ပြီး အကျိုးအမြတ်ရရှိရန်အတွက်လည်းကောင်း လာအိုအစိုးရသည် ဆည်မြောင်းများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။ ထိုကဲ့သို့ တည်ဆောက်ရာတွင် အစိုးရပိုင်ငွေကြေး (Own budget) နှင့်ပြည်ပမှ အတိုးနှုန်းသက်သာသော ချေးငွေများ (Low-interest loans) ကို သုံးစွဲပါသည်။ သီးနှံအထွက်နှုန်းမြင့်မားလာခြင်းက ပြည်သူလူထု၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူဖြစ်စေပြီး ဆင်းရဲမှုလျှော့ချရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေသည်။

စာမျက်နှာ - ၂၄ ➢

## စာတ်ဆီ/ဒီဇယ်

### ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပို

ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၄၇၅၈၂၅ တန်ဖိုးရှိ ဓာတ်ဆီ ၃၃၂၅၅ ဒသမ ၇၀၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၁၇၈၈၈၀ တန်ဖိုးရှိ ဒီဇယ် ၃၉၄၆၇ ဒသမ ၀၃၅ တန် စုစုပေါင်း ၇၂၇၂၂ ဒသမ ၇၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92) နဲ့ အောက်တိန်း (95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၂၇၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၂၀၀ ကျော်အဝင်လျော့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၂၉၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန်၁၀၃၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၇၇၂၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၉ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့(92)တို့ဈေးငြိမ်နေပြီး (95) မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၇၅ ကျပ်၊ အောက်တိန်း (92) ၆၈၅ ကျပ် ၊ အောက်တိန်း (95) ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် ၆၉၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၈ ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၃၇၀၀၀၊ ရောင်းဈေး ကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၅၀၀၀ ဝန်းကျင် ဈေးကျလာတယ်လို့ သိရပါတယ်။ မေ ၈ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၆၂၀၀၀၊ ရောင်း ဈေး ကျပ် ၁၆၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဝန်းကျင် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၅၀၀၀ ဝန်းကျင် ဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်ကျပ် ၂၉၀၀၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ အောက်တိန်း (92)နဲ့ အောက်တိန်း (95)မှာဈေး အနည်းငယ်ကျလာတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၅၀၊ ဒီဇယ် ကျပ် ၇၃၀ ၊အဆင့်မြင့်ဒီဇယ် ကျပ် ၇၅၀၊ အောက်တိန်း (92) ကျပ် ၇၅၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ မေ ၈ ရက် မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေး ကျပ် ၁၄၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေးကျပ် ၁၆၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ် ၃၀၀၀၊ ဓာတ်ဆီ ကျပ်၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ဓာတ်ဆီဈေးငြိမ်နေပေမယ့် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92 )နဲ့ အောက်တိန်း (95 )တို့ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် ၃၃၇၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၃၃၃၀ ၊အောက်တိန်း(95) ကျပ် ၃၅၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံကျပ် ၃၄၀၀၊ အောက်တိန်း (95)တစ်ဂါလံ ကျပ် ၃၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## ပြည်တွင်းငွေလဲနှုန်း အနည်းငယ်မြင့်တက်

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်က အနည်းငယ်ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ကမ္ဘာ့ဈေးကွက်တွင် ဒေါ်လာအညွှန်းကိန်းမြင့်တက်လာသဖြင့် ပြည်တွင်းငွေလဲနှုန်းများလည်း မြင့်တက်လာခြင်းဖြစ်သည်။

"ဒီတစ်ပတ် ငွေဈေးနည်းနည်းပြန်မြင့်လာတယ်။ နိုင်ငံတကာမှာလည်း ငွေဈေးကမြင့်လာလို့ ပြည်တွင်းမှာလည်း မြင့်တက်လာရတာဖြစ်ပါတယ်။ တစ်ပတ်ထဲမှာ ငါးကျပ်လောက် တက်လာတဲ့အတွက် နည်းနည်းတော့ လှုပ်သွားတယ်။ ဒါပေမယ့်အဝယ်နဲ့အရောင်းကတော့ မျှပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် မေ ၈ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့ပြီး မေ ၉ ရက် ညနေပိုင်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်သို့ မြင့်တက်ခဲ့သည်။ မေ ၁၂ ရက်တွင် အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ကျပ်ဖြင့် ရောင်းဝယ်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး အနည်းငယ် ပြန်လည်မြင့်တက်လာ

ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့ရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးကျဆင်းခဲ့ရာ ဈေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သည်။

ပြီးခဲ့သည့်တစ်ပတ်ကတည်းက ရွှေဈေးကျဆင်းလာမှုကြောင့် ပြန်လည်ရောင်းချသူများ များပြားလာခဲ့ကြောင်း၊ ယခုတစ်ပတ်တွင်မူ ဈေးစဖွင့်သည့်နေ့မှာပင် အတက်ပြလာသဖြင့် အဝယ်လိုက်လာခဲ့ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့တစ်ပတ်တုန်းကတော့ ရွှေဈေးကျသွားလို့ ဈေးကွက်ထဲမှာ ပြန်ရောင်းတဲ့သူတွေ များလာတယ်။ ဒီတစ်ပတ်အစမှာပဲ အတက်ပြလာလို့ ဈေးကွက်ထဲမှာ ပြန်ပြီး အဝယ်လိုက်လာတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၈ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၉၃၅၀၀ ရှိခဲ့ရာမှ မေ ၁၀ ရက်တွင် ကျပ် ၈၉၂၅၀၀ ရှိခဲ့သည်။ မေ ၁၃ ရက်တွင် ကျပ် ၈၉၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် မေ ၈ ရက်က တစ်အောင်စလျှင် ၁၂၃၂ အမေရိကန်ဒေါ်လာရှိခဲ့ပြီး မေ ၁၁ ရက်တွင် ပြန်လည်ကျဆင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၁၂၂၀ သို့ ရောက်ရှိခဲ့သည်။ မေ ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၂၈ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာဈေးများ ဆက်လက်တည်ငြိမ်လျက်ရှိကာ အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ရောင်းချလျက်ရှိသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများ ဆက်လက်တည်ငြိမ်ကာ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ဈေးနှုန်းငြိမ်သက်ခဲ့သည့် စတော့ရှယ်ယာဈေးများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ငြိမ်သက်လျက်ရှိသည်။

ဈေးငြိမ်သက်နေသော်လည်း နေ့စဉ်လိုလို အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"အစုရှယ်ယာဈေးတွေက အရင်တစ်ပတ်ကအတိုင်းပဲ ဆက်ပြီးငြိမ်နေတယ်။ ဈေးငြိမ်နေပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပဲရှိနေပါတယ်။ MCB ဘဏ်ရဲ့အစုရှယ်ယာကတော့ အရောင်းအဝယ် လုံးဝမရှိပါဘူး။ ဈေးလည်း ငြိမ်နေပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

ယခုတစ်ပတ်အတွင်း FMI ၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၁၆၀၀၀ ရှိခဲ့ပြီး MTSH ၏ ဈေးနှုန်းမှာ ကျပ် ၄၀၀၀ ရှိခဲ့သည်။

MCB ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၉၀၀၀ ရှိခဲ့ပြီး FPB ၏ရှယ်ယာဈေးနှုန်းမှာ ကျပ် ၂၇၅၀၀ ရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

May 12, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 81.03 |
| CAD | Canada Dollars | 1.37 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 64.32 |
| I DR | Indonesia Rupiahs | 13336.59 |
| JPY | Japan Yen | 113.62 |
| MYR | Malaysia | 4.35 |
| PKR | Pakistan Rupees | 104.83 |
| PHP | Philippines Pesos | 49.78 |
| RUB | Russia Rubles | 57.19 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1127.12 |
| LKR | Sri Lanka Rupe | 152.56 |
| THB | Thailand Baht | 34.73 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 22695.65 |

Source:xe.com

## World Gold Price

May - 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1233 | 1231 | 1231 |
| 9 | 1230 | 1228 | 1228 |
| 10 | 1221 | 1221 | 1221 |
| 11 | 1221 | 1223 | 1223 |
| 12 | 1232 | 1230 | 1229 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8-5-2017 | 893.50 | 893.20 |
| 9-5-2017 | 893.50 | 893.20 |
| 10-5-2017 | - | - |
| 11-5-2017 | 889.50 | 890.00 |
| 12-5-2017 | 892.50 | 892.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6 .91 | 34.62 | 81.30 | 64.23 |
| 9 | 6. 91 | 34.73 | 81.38 | 64.50 |
| 10 | 6 .91 | 34.77 | 81.04 | 64.66 |
| 11 | 6 .90 | 34.75 | 80.97 | 64.43 |
| 12 | 6.90 | 34.73 | 81.03 | 64.32 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8-May | 16.35 | 2602.88 | 1919.68 | 5582.53 | 916.00 |
| 9-May | 16.24 | 2636.48 | 1900.64 | 5543.78 | 914.00 |
| 10-May | 16.21 | 2665.60 | 1894.82 | 5588.80 | 912.00 |
| 11-May | 16.28 | 2674.11 | 1904.00 | 5527.55 | 916.00 |
| 12-May | 16.41 | 2621.70 | 1909.60 | 5625.98 | 922.00 |

Source:kitco.com

## Energy NYMEX 12-5-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.96 | 0.13 | 0.27 |
| Brent Crude Futr (USD/bbl) | 50.91 | 0.14 | 0.28 |
| Gasoline Rbob Fut (Cent/gal) | 156.79 | 0.57 | 0.36 |
| Natural Gas Futr (USD/MMBtu) | 3.37 | -0.01 | -0.24 |
| Heating Oil Futr (Cent/gal) | 149.53 | 0.54 | 0.36 |

## ဘိလပ်မြေ

# ယခုတစ်ပတ်ဘိလပ်မြေတန်ချိန် ရှစ်ထောင်ကျော်ဝင်

ဧပြီလ ၃၀ ရက်မှ မေလ ၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၇၄၃၉ တန်ဖိုးရှိ ဘိလပ်မြေ ၈၃၀၄ ဒသမ ၈၃၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံမှ တန်ချိန် ၃၀၀ နဲ့ အင်ဒိုနီးရှားနိုင်ငံမှ ဘိလပ်မြေ တန်ချိန် ၈၀၀၄ ဒသမ ၈၃၁ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၄၇၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၀၀ကျော်တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းသွက်



ဧပြီလ၃၀ ရက်မှ မေလ ၆ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၃၀၀ ကျော်အဝင်ရှိခဲ့ပြီးယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန်၄၇၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဧပြီလ ၁၅ ရက်မှ ၂၁ရက်အထိ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၄၈၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၁၇၃၉၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၄၄၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ယခုတစ်ပတ်ဘိလပ်မြေအရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၆၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ဘိလပ်မြေဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ (ထိုင်း) ကျပ် ၅၂၀၀ ၊ ကြံ့ ကျပ် ၅၃၀၀ ၊မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင် ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဆင်၊စိန်၊ ကြံ့နဲ့ မြန်မာဆင်ကကျပ် ၅၀ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး)ကျပ်၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဆင်နဲ့စိန်က ဈေးငြိမ်နေပြီးအပါချီနဲ့ ကမ္ဘောဇက ဈေးနည်းနည်းမြင့်လာပါတယ်။ ဆင်ကတော့ ဈေးကွက်ထဲ ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ နဂါးကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ်၆၆၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာအဝင်လျော့

ဧပြီလ ၃၀ရက်မှ မေလ ၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၅၂၅၁၄၄တန်ဖိုးရှိမြေဩဇာ ၂၀၉၈ ဒသမ ၉၁၃တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ် ဘယ်လ်ဂျီယံနိုင်ငံမှ ၁၀၃ ဒသမ ၉၁၃ တန်၊ တရုတ်နိုင်ငံမှ ၁၀၃၅ တန်၊ မလေးရှားနိုင်ငံမှ ၆၇၂ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၈၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း၊ ဩဂဲနစ်၊ ယူရီးယား၊ အမိုးနီးယားဆာလဖိတ် ၂၁ရာခိုင်နှုန်း၊ အမိုးနီးယားဆာလဖိတ် ၂၄ရာခိုင်နှုန်း၊ ကွန်ပေါင်း ၁၆း၁၆း၈၊ ၁၀း၂၃း၁၇ နဲ့ ၂၀း၂၀း၁၅ တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

# ရန်ကုန်မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဧပြီလ ၃၀ ရက်မှ မေ ၆ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၂၀၉၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၃၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာ အဝင်မှာ တန်ချိန် ၃၁၈၉၀ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန်၃၁၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး ၊ ရန်ကုန်နဲ့ တောင်ကြီးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ရောင်းဈေးလည်းငြိမ်နေသလို အရောင်းအဝယ်လည်းတော်တော်အေးနေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၄၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ယခုတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဧပြီနောက်ဆုံးသီတင်းပတ်မှစတင်ပြီး မြေဩဇာဈေးငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ယူရီးယား-ပုလဲနဲ့ တီစူပါ၁၀း၁၀း၅ က အဝယ်လိုက်ပြီး မြေဩဇာဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ယူရီးယားက ကျပ် ၁၀၀၀၊တီစူပါ ၂၀%က ကျပ် ၅၀၀၊ မြားကမ္ဘာ၊ ပိုတက်နဲ့တီစူပါ၁၅ ပတ်လည်က ကျပ်၃၀၀၊ ဓာတ်ဆားက ကျပ် ၆၀၀၊ တီစူပါ ၁၀း၁၀း၅ က ကျပ် ၃၀၀၀ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၅၀၀ ၊ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ်၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀ ၊ မြားကမ္ဘာ ကျပ် ၁၅၄၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် နည်းနည်းကောင်းပြီးဈေးလည်း နည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ယခုတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ်၃၀၀၊ တီစူပါ၄၆%က ကျပ် ၆၀၀၊ မြားသီးစုံက ကျပ် ၂၀၀၊ ပန်းသီးစုံက ကျပ်၄၀၀ဈေးမြင့်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာယူရီးယား(ရွှေတောင်-ပုလဲ) ကျပ် ၂၁၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၈၀၀၊ တီစူပါ ၄၆% ကျပ် ၁၉၆၀၀၊ မြားသီးစုံ ကျပ် ၁၄၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့မှုန့်

# ယခုတစ်ပတ် နို့မှုန့် တစ်မျိုးတည်းသာဝင်

ဧပြီလ ၃၀ ရက်မှ မေလ ၆ရက် အထိ သီတင်းပတ်အတွင်း နို့ဆီ တင်သွင်းမှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာတော့ တန်ချိန် ၆၇၀ ကျော်ထိ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ယခုတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၅၃ ဒသမ ၆၀ တန်၊ အိုင်ယာလန် နိုင်ငံမှ ၂ ဒသမ ၄၆၉တန်၊ စင်ကာပူနိုင်ငံမှ ၁၇ ဒသမ ၀၁ တန်၊ ဩစတြေးလျ နိုင်ငံမှ ၆ ဒသမ ၉၀၆တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂ ဒသမ ၀၉၆ တန်၊ စုစုပေါင်း၂၈၂ ဒသမ ၀၈၁ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၂၆၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၄ မှ ၅/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၄ မှ ၂၈/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၄၈·၄၅ | ၄၈၈·၄၀ | (-) ၃၉·၉၅ |
| ၂။ | လွယ်ဂျယ် | ၁၁၄၉·၅၀ | ၈၃၂·၅၀ | (+) ၃၁၇·၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၆·၅၀ | ၁၇·၅၀ | (+) ၂၉·၀၀ |
| ၄။ | ကန်ပိုက်တီ | ၅၅၂၆·၅၀ | ၅၅၅၉·၅၀ | (-) ၃၃·၀၀ |
| ၅။ | တာချီလိတ် | ၅၀၀၀·၀၀ | ၁၀၀၀·၀၀ | (+) ၄၀၀၀·၀၀ |
| ၆။ | မြဝတီ | ၃၃၈·၈၀ | ၃၆၈·၂၀ | (-) ၂၉·၄၀ |
| ၇။ | ကော့သောင်း | ၁၂၀၂၅·၀၀ | ၅၄၇၅·၀၀ | (+) ၆၅၅၀·၀၀ |
| ၈။ | မြိတ် | ၃၀၀·၀၀ | ၃၆၅၀·၀၀ | (-) ၃၃၅၀·၀၀ |
| | စုစုပေါင်း | ၂၄၈၃၄·၇၅ | ၁၇၃၉၁·၁၀ | (+) ၇၄၄၃·၆၅ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၄ မှ ၅/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၄ မှ ၂၈/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၁၁၇·၂၅၀ | ၂၅၉၁၂·၀၀၀ | (+) ၁၂၀၅·၂၅၀ |
| ၂။ | လွယ်ဂျယ် | ၄၆၄·၅၀၀ | ၃၄၂·၀၀၀ | (+) ၁၂၂·၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၅၉·၇၅၀ | ၁၆၄၁·၀၀၀ | (+) ၄၁၈·၇၅၀ |
| ၄။ | ကန်ပိုက်တီး | ၁၅၀·၀၀၀ | - | (+) ၁၅၀·၀၀၀ |
| ၅။ | မြဝတီ | ၁၄၀၉·၄၂၂ | ၉၁၄·၀၀၀ | (+) ၄၉၅·၄၂၂ |
| ၆။ | ကော့သောင်း | ၁၁၀·၀၀၀ | - | (+) ၁၁၀·၀၀၀ |
| ၇။ | မြိတ် | ၁၂၅·၀၀၀ | ၂၇၀·၀၀၀ | (-) ၁၄၅·၀၀၀ |
| ၈။ | ရိဒ် | ၄၅၅·၂၆၂ | ၂၂၅၀·၀၀၀ | (-) ၁၇၉၄·၇၃၈ |
| | စုစုပေါင်း | ၃၁၈၉၁·၁၈၃ | ၃၁၃၂၉·၀၀ | (+) ၅၆၂·၁၈၃ |

ခင်မိုးသူ

## နှမ်း

# ဆီစက်သမားများ အဝယ်လိုက်လို့ ပြည်နှမ်းနီဈေးပြန်မြင့်

ယခုတစ်ပတ်ပြည်ဈေးကွက်မှာ ဆီကြိတ်နှမ်းနီဈေးမြင့်လာပြီး နှမ်းနက်နှင့် စမုံနက်နှမ်းဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ ယခုအချိန်မှာ နှမ်းဆီကို အဝယ်လိုက်နေသဖြင့် နှမ်းနီဈေးပြန်မြင့်လာတာ ဖြစ်ပါတယ်။ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းသွားသော်လည်း နှမ်းလက်ကျန်များရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မပြတ်ဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့်ယခင်တစ်ပတ်ထက် ကျပ် ၄၇၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၁၆၀၀၊ စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာရခြင်းမှာ ဝယ်လက်ပျောက်သဖြင့် ဈေးကျလာတာဖြစ်တယ်လို့ သိရပါတယ်။ ဆီစက်သမားများက နှမ်းနီကိုအဝယ်ရှိသဖြင့် ဈေးမြင့်လာသလို ဆီဈေးမှာလည်း ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ ဆုံဆီစစ်စစ် တစ်ပိဿာလျှင် ယခင်ကျပ် ၅၀၀၀ မှ ယခုကျပ် ၅၆၀၀ အထိ ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၂၃ သန်းတန် ဖိုးရှိ နှမ်းနက် ၃၂၅ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်း နက် ၂၄၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၈၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၄ သန်း တန်ဖိုးရှိနှမ်းနက် ၆၆ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက် ၅၅ တန်နဲ့နှိုင်းယှဉ်ပါက ၁၀ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်မှာ နှမ်းဖြူတစ်တန် ၁၃၂၈၁၈၅ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၀၀၃၈၆ ကျပ်ရှိရာမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်သီတင်းပတ်မှာတော့ နှမ်းဖြူဈေး ၁၃၂၃၀၇၇ ကျပ် နဲ့ နှမ်းနက်ဈေး ၂၀၉၂၃၀၈ ကျပ်သို့ ဈေးကျဆင်းခဲ့ပါတယ်။နှမ်းများကို တပေါင်းလတွင် စိုက်ပြီး နယုန်လကုန်နဲ့ ဝါဆိုလတွင် ရိတ်သိမ်းကြကာ နှမ်းကောင်းပါက တစ်ဧကလျှင် ၁၅ တင်းကျော် ထွက်ရှိကြောင်း အမရပူရမြို့နယ်မှ နှမ်းစိုက်တောင်သူတွေက ပြောပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ထုတ်လုပ်မှု ကျဆင်းသည့်အတွက် မလေးရှားစားအုန်းဆီဈေး တစ်လအတွင်း အမြင့်ဆုံးနှုန်းသို့ရောက်ရှိ

မလေးရှားစားအုန်းဆီ ထုတ်လုပ်မှုက မူလခန့်မှန်းထားသည့်အောက်သို့ ကျဆင်းခဲ့သည့်အတွက် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးသည် မေ ၁၁ ရက်က အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည်။ ယခု တစ်ကြိမ်မြင့်တက်ခြင်းမှာ ပဉ္စမမြောက်အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

စားအုန်းဆီဈေးမြင့်တက်မှုကို အခြားအလားတူစားသုံးဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးမြင့်တက်မှုကလည်း အထောက်အကူဖြစ်စေခဲ့ကြောင်း ကုန်သည်များက ပြောသည်။ ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် (Bursa Malaysia Derivatives Exchange) တွင် ဇူလိုင်အတွက် စာချုပ်ချုပ်ဆိုသော စားအုန်းဆီဈေးသည် ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး မေ ၁၁ရက် ညနေပိုင်းက တစ်တန်ကို ၂၆၇၂ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၄ ဒသမ ၈၂ ဒေါ်လာ ) နှုန်းရှိခဲ့ရာ ယခုဈေးနှုန်းမှာ မေ ၅ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်သည်။

တစ်ရက်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့သော ဈေးနှုန်းမှာ တစ်တန်ကို ၂၆၇၅ ရင်းဂစ်နှုန်းရှိခဲ့သဖြင့် ဧပြီ၁၀ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ မေ ၁၁ ရက်က ရောင်းချသော စားအုန်းဆီ ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၄၈၅၅၇ တွဲရှိခဲ့သည်။

" ထုတ်လုပ်မှုကိန်းဂဏန်းတွေ ကျဆင်းတာကြောင့် ဈေးနှုန်းတွေမြင့်တက်ခဲ့တာ ဖြစ်ပါတယ်" ဟု ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်လုပ်ငန်းဆောင်ရွက်နေသူ ကုန်သည်တစ်ဦးကပြောသည်။ မေ ၁၁ ရက် နေ့လယ်ဘက် ဈေးကွဲချိန်တွင် မလေးရှားစားအုန်းဆီလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဖြစ်သော မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က စားအုန်းဆီ ထုတ်လုပ်မှု ကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့ရာ ဘုတ်အဖွဲ့၏ ကိန်းဂဏန်းများကို ရည်ညွှန်း၍ ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် ( Dalian Commodity Exchange) တွင် ပဲပုပ်ဆီဈေးမြင့်တက်မှုကလည်း စားအုန်းဆီဈေးမြင့်တက်စေရန် အထောက်အကူပေးခဲ့ကြောင်းလည်း သူက ပြောသည်။



မလေးရှား စားအုန်းဆီဘုတ်အဖွဲ့က ထုတ်ပြန်သော ကိန်းဂဏန်းများအရ စားအုန်းဆီ ဧပြီထုတ်လုပ်မှုသည် ၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၅၅ သန်းရှိခဲ့သည်။ ၈ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၅၉ သန်းရှိလိမ့်မည်ဟု ဈေးကွက်က ခန့်မှန်းထားရာ ထုတ်ပြန်သောစာရင်းများက ခန့်မှန်းချက်အောက် ကျဆင်းခဲ့ကြောင်း ရိုက်တာစစ်တမ်းများအရ သိရသည်။

ဘုတ်အဖွဲ့က ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဧပြီလကုန် လက်ကျန်မှာ လအလိုက် နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၆ သန်းအထိ ရောက်ရှိခဲ့ရာ မူလခန့်မှန်းထားသော တိုးတက်မှုနှုန်း ၆ ဒသမ ၂ ရခိုင်နှုန်းအောက်ကျဆင်းခဲ့သည်။ ဧပြီတစ်လလုံး တင်ပို့မှုမှာလအလိုက် နှိုင်းယှဉ်ပါက ၁ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၈ သန်းရှိခဲ့သည်။

အခြားစားသုံးဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးနှုန်းမှာ အမေရိကန် နိုင်ငံချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့တွင် တစ်ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ရောင်းချသော စားအုန်းဆီဈေးက ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့မှာ ကမ္ဘာ့ဟင်းရွက်ဆီ ဈေးကွက်တွင် ဈေးကွက်ဝေစုကို ယှဉ်ပြိုင်နေသော ကုန်စည်များဖြစ်သဖြင့် ပဲပုပ်ဆီဈေးအတက်အကျက စားအုန်းဆီဈေးအတက်အကျအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၂-၅-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၅၀ | △ |
| ရန်ကုန် | ၄၈၀၀ | ၄၈၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၉၀ | ၁၈၂၀ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၇၀ | ၁၉၃၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၂၀ | ၁၉၀၀ | △ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၈၅၀ | ၂၀၀၀ | △ |
| မုံရွာ | ၄၃၀၀ | ၄၂၀၀ | △ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၀၀ | ၁၉၄၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၂-၅-၂၀၁၇ US$/Ton

| အမျိုးအစား | မေပထမပတ် | မေဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၂.၀၀ | ၆၆၂.၅၀ | ▽ |
| RBD P.Olein | ၆၆၉.၀၀ | ၆၇၅.၀၀ | △ |
| RBD P.Stearin | ၅၉၀.၅၀ | ၆၀၀.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၂-၅-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၃၅.၇၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၀၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၁၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၉.၀၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၉၀.၅၅၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၂-၅-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၅ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၂-၅-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# ပြည်ပကုန်သွယ်မှုကဏ္ဍ၏ အဓိကစိန်ခေါ်မှု Transportation နှင့် Logistics Facilities ဆိုင်ရာ ပြဿနာများ

| မယ်သီတာ |

မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်ကို ရောက်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍနဲ့ ဆက်နွယ်နေတဲ့ ပို့ကုန်သွင်းကုန်ကဏ္ဍဟာလည်း အရေးပါတဲ့ကဏ္ဍ တစ်ရပ်မှာ ပါဝင်နေပါတယ်။

ပို့ကုန်သွင်းကုန်လို့ ဆိုရာမှာလည်း သွင်းကုန်ထက် ပို့ကုန်က ပိုမိုအရေးပါတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ပို့ကုန်ပမာဏ တစ်နေ့ထက်တစ်နေ့ များပြားလာပြီး တစ်နေ့ထက်တစ်နေ့ လွယ်ကူလျင်မြန်ချောမွေ့မှသာ နိုင်ငံရဲ့စီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း ပို့ကုန်သုံးဆတိုးတက်တင်ပို့နိုင်ရေးအတွက်ကိုလည်း စီးပွားရေးဦးတည်ချက်တွေ ချမှတ်ပြီး လုပ်ဆောင်နေတာ တွေ့ရပါတယ်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ ပြည်ပ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနဲ့ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇ ဘီလီယံ ရရှိခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၁၂ ဘီလီယံရရှိခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်က တင်ပို့တင်သွင်းခဲ့တာနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပြည်ပပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၈၂၈ သန်းနဲ့ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၆၃၄ သန်းရရှိခဲ့တဲ့အတွက် ယခင်နှစ်ထက် ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၄၆၂ သန်းပိုမိုတိုးတက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံအသီးသီးနဲ့ ကုန်သွယ်မှုပြုရာမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုနဲ့ရောနယ်စပ်ကုန်သွယ်မှုနဲ့ပါ ကုန်သွယ်မှုပြုနေတာ ဖြစ်ပါတယ်။

ပို့ကုန်ရော သွင်းကုန်ပါ များပြားလာပြီး ကုန်သွယ်မှု ပိုမိုတိုးတက်လာတာနဲ့အမျှ ကုန်းတွင်းဆိပ်ကမ်းနဲ့ ရေပြင်ဆိပ်ကမ်းတွေဟာ တစ်နေ့ထက်တစ်နေ့ ပိုမို အရေးပါနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လက်ရှိမြေပြင် အခြေအနေမှာတော့ ပို့ကုန်ထက် သွင်းကုန်ပမာဏက ပိုမိုများပြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပို့ကုန်သွင်းကုန် ပမာဏ ပိုမိုများပြားလာတာနဲ့အမျှ ဆိပ်ကမ်းတွေမှာ ကုန်သေတ္တာတွေ စုပုံရောက်ရှိနေပြီး ဆိပ်ကမ်းမှာကျပ်တည်းမှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

ဒီနေရာမှာ အဓိကထား သုံးသပ်တင်ပြလိုတာက ပြည်ပကုန်သွယ်မှုမှာ အဓိကစိန်ခေါ်မှု ဖြစ်နေတဲ့ Transportation နဲ့ Logistics Facilities လိုအပ်ချက်တွေကို ရင်ဆိုင်နေရတဲ့ ပြဿနာတွေပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ကြီး ဖြစ်တဲ့ ရန်ကုန်မြို့ဟာ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်တာနဲ့အညီ ဆိပ်ကမ်းပေါင်း ခြောက်ခုနဲ့ ပင်လယ်ရေကြောင်းမှ တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေ၊ ပင်လယ်ရေကြောင်းမှ တင်ပို့မယ့် ကုန်ပစ္စည်းတွေ အတင်အချပြုလုပ်လျက်ရှိပါတယ်။

ဆိပ်ကမ်းပေါင်း ခြောက်ခုမှာ သင်္ဘောလိုင်းပေါင်း ၂၉ လိုင်းဟာ သင်္ဘောအစီးရေပေါင်း ၆၆ စီးနဲ့ ကုန်တင်ကုန်ချလုပ်ငန်းတွေ လုပ်ကိုင်ခဲ့ပေမယ့် ယခုလက်ရှိအခြေအနေမှာတော့ သင်္ဘော ၁၁ စီးက ရပ်နားထားပြီဖြစ်တဲ့အတွက် လုပ်ငန်းလည်ပတ်နေတဲ့ သင်္ဘော ၅၅ စီးသာရှိပါတော့တယ်။

ဒီသင်္ဘောတွေဟာ ရန်ကုန်မြို့ကို အခြေပြုပြီး စင်ကာပူနဲ့ မလေးရှားနိုင်ငံတို့ကို အဓိကထားပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသလို တရုတ်၊ ဗီယက်နမ်၊ ထိုင်းစတဲ့နိုင်ငံတွေနဲ့လည်း ကုန်သွယ်မှုပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပင်လယ်ရေကြောင်းကနေ ကုန်သွယ်မှုဟာ တစ်နေ့ တခြားတိုးတက်လာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းကနေ ကုန်သွယ်မှုကို ဘဏ္ဍာနှစ်အလိုက်ကြည့်မယ်ဆိုရင် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှာ သွင်းကုန်က တန်ချိန် ၁၄ သန်းကျော်ရှိခဲ့ပြီး ပို့ကုန်က တန်ချိန် ၂၃ သန်းကျော်ရှိခဲ့ပါတယ်။ ၂၀၁၄-၁၅ဘဏ္ဍာနှစ်မှာ သွင်းကုန်တန်ချိန် ၁၇သန်းကျော်ရှိခဲ့ ပြီး ပို့ကုန်က တန်ချိန် ၂၆သန်းကျော်ရှိခဲ့တာကြောင့် ပင်လယ်ရေကြောင်းကနေ ကုန်သွယ်မှုပမာဏ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၅-၁၆ဘဏ္ဍာနှစ်မှာတော့ သွင်းကုန်တန်ချိန် ၁၄ သန်းကျော်နဲ့ ပို့ကုန်တန်ချိန် ၅ သိန်းကျော်သာ ကုန်သွယ်မှု ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၆-၁၇ ဧပြီလနဲ့ မေလနှစ်လအတွင်း သွင်းကုန်တန်ချိန် ၉ သိန်းကျော်နဲ့ ပို့ကုန်တန်ချိန် သုံးသိန်းနီးပါး ပင်လယ်ရေကြောင်းကနေ ကုန်သွယ်မှု ပြုနိုင်ခဲ့ပါတယ်။

တင်ပြခဲ့တဲ့ သွင်းကုန်နဲ့ပို့ကုန်ပမာဏကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သုံးနှစ်ကျော်ကာလ အတွင်းမှာ သွင်းကုန်က တန်ချိန် ၅၅ သိန်းကျော်၊ ပို့ကုန်က တန်ချိန် ၂၇ သိန်းကျော် ကုန်သွယ်မှု ပြုနိုင်ခဲ့ပါတယ်။ ဒီအချက်အလက်တွေအရ ကုန်သွယ်မှု လိုငွေပြနေခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကုန်သေတ္တာတင် ယာဉ်ဂိတ်ပေါင်း ၇၁ ဂိတ်ရှိပြီး ပေ ၄၀ ရှည်တဲ့ ကုန်သေတ္တာတင်ယာဉ်က ၁၆၇၅ စီး၊ ပေ ၂၀ ကုန်သေတ္တာယာဉ်က အစီး ၇၀၀ ရှိပါတယ်။ ဒါပေမဲ့လည်း ဒီကုန်သေတ္တာတင်ယာဉ်တွေဟာ အာဆီယံရဲ့စံနှုန်းအရ ပြောရမယ် ဆိုရင် ပေ ၄၀ ရှိတဲ့ယာဉ်အရေအတွက်က ၁၆၇၅ စီးရှိတယ်လို့ ပြောလို့ မရတော့ပါဘူး။ မြန်မာနိုင်ငံမှာ လက်ရှိပြေးဆွဲနေတဲ့ ကုန်သေတ္တာတင်ယာဉ်တွေဖြစ်တဲ့ ၁၂ ဘီးကားတွေ၊ ၁၀ ဘီးကားတွေ ပေ ၄၀ ရှည်တဲ့ ကုန်သေတ္တာတွေကို တင်လို့မရတော့ပါဘူး။ ဒါကြောင့် ကုန်သေတ္တာတင်ယာဉ် အရေအတွက်ဟာလည်း ကျဆင်းလာတော့မှာဖြစ်ပါ တယ်။

မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ ကမ္ဘောဒီးယား၊ ထိုင်းနဲ့ ဗီယက်နမ်တို့ရဲ့ကုန်သေတ္တာတင်ယာဉ်တွေရဲ့ ကုန်သယ်ဆောင်နိုင်မှုပမာဏ နဲ့ မြန်မာနိုင်ငံရဲ့ ကုန်သေတ္တာတင်ယာဉ်တွေရဲ့ ကုန်သယ်ဆောင်နိုင်မှုပမာဏကို နှစ်အလိုက်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ကုန်သေတ္တာတင်ယာဉ် တင်ဆောင်နိုင်တဲ့ကုန်ပမာဏဟာ အင်မတန်နည်းပါးနေတာကို အောက်ပါအတိုင်း တွေ့ရမှာ ဖြစ်ပါတယ်။

| နိုင်ငံ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|
| ကမ္ဘောဒီးယား | ၂၇၄၈၈၅ | ၂၈၈၉၀၄ | ၃၁၆၀၃၁ |
| မြန်မာ | ၅၃၄၈၁၄ | ၆၁၃၅၇၁ | ၇၄၄၇၈၉ |
| ထိုင်း | ၇၇၀၂၄၇၅ | ၈၂၈၃၇၅၆ | ၉၀၇၀၇၁၂ |
| ဗီယက်နမ် | ၉၁၃၇၃၁၀ | ၉၅၁၃၀၇၆ | ၁၀၃၁၈၇၇၂ |

မြန်မာနိုင်ငံရဲ့ ၂၀၁၆ ခုနှစ်အတွင်း ကုန်သေတ္တာတင်ယာဉ်တွေရဲ့ ကုန်သယ်ဆောင်နိုင်မှုပမာဏဟာ တန်ချိန် ရှစ်သိန်းကျော် ကိုးသိန်းနီးပါးရှိကြောင်း သိရပါတယ်။

ဒီပမာဏဟာ နောက်ပိုင်းမှာ ပိုမို မြင့်တက်လာနိုင်စရာအကြောင်းတရားတွေ အများကြီးရှိနေပါပြီ။ အဲဒါတွေက အမေရိကန်နိုင်ငံဟာ ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အဖွဲ့ဝင်အဖြစ်ကနေ နုတ်ထွက်လိုက်တာရယ်၊ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို GSP အခွင့်အရေးတွေ ပေးလိုက်တာရယ် အဲဒီအကြောင်းတရားတွေကြောင့် ထိုင်းတို့ ဗီယက်နမ်တို့ရဲ့ ဈေးကွက်ကို မြန်မာနိုင်ငံက ပိုမိုခံစားခွင့်ရရှိလာနိုင်ပါတယ်။

အမေရိကန်နိုင်ငံဟာ TPP ကနေ နုတ်ထွက်လိုက်တဲ့အတွက် ဗီယက်နမ်နိုင်ငံက အမေရိကန်နိုင်ငံကို တင်ပို့နေတဲ့ ပို့ကုန်တွေ ကျဆင်းသွားနိုင်ပါတယ်။ အဲဒီလို ကျဆင်းသွားမယ့်အခွင့်အရေးတွေဟာ မြန်မာနိုင်ငံဘက်ကို စီးဆင်း လာမယ့် အခွင့်အလမ်းတွေအဖြစ် မျက်ဝါးထင်ထင် မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဲဒီလိုဖြစ်ပေါ်လာမယ့် အခွင့်အရေးတွေကို အမိအရ ဆုပ်ကိုင်ထားနိုင်ဖို့ လိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကုန်သေတ္တာတင်ယာဉ်တွေရဲ့ကုန်ပစ္စည်းသယ်ယူနိုင်မှုပမာဏဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းသွားစရာမရှိဘဲ တိုးတက်လာစရာအကြောင်းသာ ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာ တန်ချိန် ငါးသိန်းကျော် တင်ဆောင်နိုင်ခဲ့ပေမယ့် ၂၀၁၆ခုနှစ်မှာတော့ တန်ချိန်ကိုးသိန်းနီးပါး တင်ဆောင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၇ခုနှစ်အတွက် ခန့်မှန်းတွက်ချက်ရာမှာ ကုန်တန်ချိန်ပေါင်း ၁၀ သိန်းကျော်၊ ၂၀၁၈ ခုနှစ်မှာ ကုန်တန် ချိန်ပေါင်း ၁၂ သိန်းကျော်၊ ၂၀၁၉ ခုနှစ်မှာ ကုန်တန်ချိန်ပေါင်း ၁၄ သိန်းကျော် စသည်ဖြင့် တိုးတက်များပြားလာမှာဖြစ်ပါတယ်။

အလားတူကုန်သေတ္တာတင်ယာဉ်နဲ့ ကုန်တင်ယာဉ်အရေအတွက်ဟာလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာတာကို သုံးသပ်ချက်များအရ သိရှိရပါတယ်။ ကုန်သေတ္တာတင်ယာဉ်အရေအတွက်ဟာ အာဆီယံစံနှုန်းနဲ့ကိုက်ညီမယ့် ယာဉ်တွေဖြစ်ဖို့လိုသလို ၂၀၁၇ ခုနှစ်ကစပြီး နှစ်စဉ်မြင့်တက်လာမှာဖြစ်ပါတယ်။ ဒို့အပြင် ကုန်တင်ယာဉ် အရေအတွက်ဟာလည်း ၃၇ ဒသမ ၃၁ ရာခိုင်နှုန်းအထိ မြင့်တက်လာမှာဖြစ်ပါတယ်။

ကုန်သေတ္တာတင်ယာဉ်တွေ၊ ကုန်တင်ယာဉ်တွေ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အတွက် လက်ရှိရန်ကုန်မှာရှိတဲ့ ဆိပ်ကမ်းတွေနဲ့ လုံလောက်ပါ့မလားဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ ဆိပ်ကမ်းဝန်ဆောင်မှုတွေကရော အပြည့်အဝ ပေးနိုင်ပါ့မလားဆိုတာကိုလည်း စဉ်းစားကြရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ လက်ရှိအခြေအနေ အရ ယာဉ်ကြောကျပ်တည်း ပိတ်ဆို့မှုတွေဖြစ်ပေါ်နေတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရက ကုန်သေတ္တာတင် ယာဉ်တွေနဲ့ ကုန်တင်ယာဉ်တွေ သွား လာချိန်ကို ကန့်သတ်ခဲ့ပါတယ်။

အဲဒီလိုကန့်သတ်ခဲ့ရာမှာ ပထမ တစ်ကြိမ်က ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်းသာ သွားလာခွင့်ရှိတယ်လို့ သတ်မှတ်ခဲ့ပါတယ်။

စာမျက်နှာ - (၂၁)သို့ ➢

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏စီးပွားရေး သုံးရာခိုင်နှုန်းကျော်တိုးတက်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က ခန့်မှန်း

ပြည်ပပို့ကုန်ကဏ္ဍတိုးတက်ခြင်းနှင့်အစိုးရ၏ အသုံးစရိတ် မြှင့်တင်သုံးစွဲမှုများကြောင့် ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၃ ဒသမ၅ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ပြီး ဆက်လက်၍ တိုးတက်မည့်အလားအလာများလည်းရှိရာ ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က ခန့်မှန်းထားပါသည်။

ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးပြန်လည်တည်ငြိမ်လာခြင်း၊ ပြည်တွင်းစားသုံးမှု တိုးတက်လျက်ရှိခြင်းနှင့်အကြီးစားအခြေခံ အဆောက်အအုံ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သုံးစွဲမှုများသည် ၂၀၁၇ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အလွန်အရေးပါကြောင်း ADB က ဖော်ပြထားပါသည်။

ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာပြီး ပို့ကုန်ဈေးနှုန်းမြင့်တက်၍ ထိုင်းနိုင်ငံ၏ စက်မှုထုတ်ကုန်အမျိုးမျိုးတင်ပို့မှုသည် ၂၀၁၇ ခုနှစ်တွင် နှစ်ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် လေးရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊ ယခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ကျင့်သုံးမည့်အလားအလာများ ရှိသော်လည်း ထိုင်းနိုင်ငံ၏ပို့ကုန်တွင် နှစ်ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်းနှင့် အထူးသဖြင့် အမေရိကန်နိုင်ငံ၏ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲသည် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

လယ်ယာထုတ်ကုန်ဈေးနှုန်းပြန်လည်ကောင်းမွန်လာပါက ဝင်ငွေမြင့်တက်၍ ပုဂ္ဂလိကစားသုံးမှုလည်း တိုးတက်လာမည်ဖြစ်သည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုသည် နိမ့်ကျနေဆဲရှိသော်လည်း ယခုနှစ်တွင် သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ တိုးတက်မှုရရှိနိုင်ပါသည်။ စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအားသည် ပျမ်းမျှ ၆၀ ဒသမ ၅ ရာခိုင်နှုန်းလည်ပတ်မှုရှိသော်လည်း အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုးနှင့် ဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများသည် ကုန်ထုတ်စွမ်းအား၏ ရာခိုင်နှုန်း ၉၀ကျော်အထိ တိုးတက်လာပါသည်။

အစိုးရ၏ အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများကြောင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုအပေါ် ယုံကြည်မှုမြင့်တက်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးတက်လာနိုင်ပါသည်။ ထို့ကြောင့် ထိုင်းအစိုးရအနေဖြင့် ရေတိုအားဖြင့် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အဓိကမောင်းနှင်အားဖြစ်သည့် အကြီးစား အခြေခံအဆောက်အအုံစီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာအသစ်များတိုးတက်လာစေမည့်စတုတ္ထစက်မှုတော်လှန်ရေး Thailand 4.0 သည် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်ကြောင်း၊ Thailand 4.0 ကို အကောင်အထည်ဖော်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကအရေးပါကြောင်း၊ ထိုင်းနိုင်ငံ၏ ကျွမ်းကျင်လုပ်သားရှားပါးမှုသည် ရေတိုတွင် စီးပွားရေးကို အနည်းငယ်သာ ထိခိုက်နိုင်သော်လည်း ရေရှည်တွင် သိသိသာသာ ထိခိုက်မည်ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ရန်အတွက် ပုဂ္ဂလိက ပညာရေးကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့်သက်ကြီးရွယ်အိုအရေအတွက်မြင့်တက်နေသည့်လူ့အဖွဲ့အစည်းသည် တိုင်းပြည် စီးပွားရေးအတွက်စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်းနှင့် ၂၀၁၈ခုနှစ်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲသည်လည်း တိုင်းပြည်၏ စီးပွားရေး အပေါ် အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## တရုတ်နိုင်ငံနှင့် Belt & Road အဖွဲ့ဝင်နိုင်ငံများ ကုန်သွယ်မှုတိုးမြှင့်

တရုတ်နှင့် Belt & Road လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများအချင်းချင်း ကုန်စည်ကုန်သွယ်မှုမှာ ယခင်နှစ်ထက် ယခုနှစ် ပထမသုံးလပတ်အတွင်း ၂၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားထားပါသည်။ ပို့ကုန်အနေနှင့် ၁၅ ဒသမ ၈ရာခိုင်နှုန်းနှင့် သွင်းကုန်မှာ ၄၂ ဒသမ ၉ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ကြောင်း သိရပါသည်။ အဓိကအားဖြင့် အခြေခံအဆောက်အအုံလုပ်ငန်းများကြောင့် တရုတ်ကုန်စည်များအား ဝယ်ယူမှုများပြားခဲ့ပါသည်။

အပြန်အလှန် နှစ်ဘက်ရင်းနှီးမြှုပ်နှံမှုမှာလည်း တိုးတက်မှုရှိခဲ့ပြီး ပထမသုံးလပတ်အတွင်း Belt & Road အဖွဲ့ဝင်၄၃ နိုင်ငံ၌ တရုတ်မှ ဘဏ္ဍာရေးကဏ္ဍမဟုတ်သည့်နယ်ပယ်တွင် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅ ဘီလီယံရှိပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ၄ ရာခိုင်နှုန်းရှိကြောင်းဆက်လက်ဖော်ပြထားပါသည်။ အလားတူ Belt & Road အဖွဲ့ဝင်နိုင်ငံများမှတရုတ် ၌ စီးပွားရေးလုပ်ငန်းအသစ် ၇၈၁ခု ဖွင့်လှစ်ခဲ့ပြီး ၄၀ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ကုမ္ပဏီများအနေဖြင့် နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံရာတွင် ရံဖန်ရံခါ မျှော်လင့်မထားသည့် ဥပဒေဆိုင်ရာနှင့်ယဉ်ကျေးမှုဆိုင်ရာ အခက်အခဲများနှင့် ကြုံတွေ့လေ့ရှိကြောင်း၊ ဥပမာအိမ်ရှင်နိုင်ငံများ၏စီးပွားရေးဆိုင်ရာမူဝါဒပြောင်းလဲခြင်း၊ငွေကြေးလဲလှယ်နှုန်းမတည်ငြိမ်ခြင်း စသည်တို့နှင့် ကြုံတွေ့ရကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# တရုတ်နိုင်ငံတွင် ၂၀၂၀ခုနှစ်၌ တစ်နာရီလျှင် ကီလိုမီတာ ၄၀၀နှုန်း ခုတ်မောင်းနိုင်သည့် အမြန်ရထားကို စတင်ပြေးဆွဲမည်

တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ ခုတ်မောင်းနိုင်သည့် မြန်နှုန်းမြင့်ရထားကို ၂၀၂၀ခုနှစ်၌ တရုတ်နိုင်ငံတွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ အဆိုပါရထားအား စွမ်းအင်သုံးစွဲမှုသက်သာပြီး အလေးချိန်ပေါ့ပါးစေရန် Carbon Fiber Aluminium Alloy ကို အသုံးပြု တည်ဆောက်ထားကြောင်း သိရှိရပါသည်။ ယခင်က တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ အမြန်နှုန်းဖြင့်ပြေးဆွဲသည့် ရထားနှင့် နှိုင်းယှဉ်ပါက ခရီးသည်တစ်ဦး၏စွမ်းအင်သုံးစွဲမှုပမာဏကို၁၀ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါ နည်းပညာမြင့်ရထားကို ပြည်တွင်းသုံးစွဲမှုအပြင် One Belt, One Road နိုင်ငံများ၏ ဈေးကွက်တွင် ရောင်းချရန် မျှော်မှန်းထားကြောင်းသိရသည်။ တရုတ်ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် အခွင့်အလမ်းကောင်းဖြစ်သည့်အပြင် ဒေသတွင်းဆက်သွယ်မှု တိုးမြှင့်ရာတွင်လည်း ထိရောက်မှုရှိစေမှာဖြစ်ကြောင်း ဆက်လက်ဖော်ပြထားပါသည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission ) က အသစ်ပြေးဆွဲမည့် မြန်နှုန်းမြင့်ရထားစီမံကိန်းသည် လူဦးရေသိပ်သည်းမှုများသောနိုင်ငံများတွင် ဘတ်စ်ကားကို နှစ်အတန်ကြာ သုံးစွဲနေသည့်စနစ်မှ ရထားပို့ဆောင်ရေးစနစ်သို့ ပြောင်းလဲရန်အတွက် အထောက်အကူဖြစ်စေကြောင်းပြောကြားပါသည်။ အထူးသဖြင့် အာရှအလယ်ပိုင်း၊အရှေ့တောင်အာရှအရှေ့အလယ်ပိုင်းနှင့် ဥရောပအရှေ့ပိုင်းနိုင်ငံများသည် လက်ရှိ ပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်ရန်နှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် (Public transportation system)ကို ပြောင်းလဲတိုးတက်ရန်အတွက် အမြန်ရထားလမ်းများအား အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဆက်လက်ဖော်ပြထားပါသည်။

ယခုမြန်နှုန်းမြင့်ရထားကို ပေကျင်းနှင့်ရှန်ယန်းလမ်းကြောင်း၌ စတင်စမ်းသပ်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၌ ရထားလမ်းတည်ဆောက်မှုပြီးစီးမည်ဖြစ်သည်။ တရုတ်သည် လွန်ခဲ့သည့်ဆယ်စုနှစ်ကတည်းက ကမ္ဘာ့အကြီးဆုံး မြန်နှုန်းမြင့်ရထားကွန်ရက် တည်ဆောက်သည့်နိုင်ငံဖြစ်ပြီး မြန်နှုန်းမြင့်ရထားထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတွင် လက်ရှိဦးဆောင်နေသည့်နိုင်ငံဖြစ်ကြောင်းသိရသည်။ ယခုပြည်တွင်းပြေးဆွဲနေသည့် ခရီးသည်တင် မြို့ပတ်ရထားများမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ နှင့် ၂၅၀ ကီလို မီတာနှုန်းဖြင့် ခုတ်မောင်းနေသည့် ရထားများဖြစ်ပြီး မြန်နှုန်းမြင့်ရထားမှာ တစ်နာရီ ကီလိုမီတာ ၃၅၀ အထိ ပြေးဆွဲကြောင်း နိုင်ငံတော်ရထားပို့ဆောင်ရေးညွှန်ကြားမှုဌာနက ပြောကြားပါသည်။ တရုတ်သည် ပြည်တွင်းနည်းပညာဖြင့် ရထားတည်ဆောက်မှု ဆိုင်ရာ ကိရိယာများကို ဈေးနှုန်းကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ထုတ်လုပ်ရောင်းချနိုင်အောင် ဦးစားပေး ဆောင်ရွက်နေကြောင်းသိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ အမြန်မာသံရုံး၊ ပေကျင်းမြို့**

## တရုတ်နိုင်ငံ၏ ပြည်တွင်းနည်းပညာဖြင့် ပထမဆုံးတည်ဆောက်သည့် ခရီးသည်တင် C919 လေယာဉ်စတင်စမ်းသပ်ပျံသန်း

တရုတ်၏ ပြည်တွင်းနည်းပညာဖြင့်တည်ဆောက်သည့် ခရီးသည်တင် C919 လေယာဉ်စတင် စမ်းသပ်ပျံသန်းမှုအစီအစဉ်ကို မေလ ၅ ရက်က ရှန်ဟိုင်း၌ ပြုလုပ်ခဲ့ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ကီလိုမီတာ ၃၀၀၀ ကျော်မှ တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းဖြင့် ၇၉ မိနစ်ကြာစမ်းသပ်ပျံသန်းခဲ့ပြီး လာရောက်ကြည့်ရှုသူဦးရေ ၃၀၀၀ ကျော်ရှိခဲ့ကြောင်း သိရပါသည်။ တရုတ်၏လေကြောင်းတီထွင် ဆန်းသစ်မှုနည်းပညာနှင့်ထုတ်လုပ်မှုစွမ်းရည်အတွက် မှတ်ကျောက်တစ်ခုဖြစ်သည့်အပြင် ယခုဆောင်ရွက်နေသည့် Supply Side Reform ၏တီထွင်ဆန်းသစ်မှုဖြင့် လုပ်ငန်းမြှင့်တင်မည့် ကုန်ထုတ်လုပ်မှု စီးပွားရေးအတွက် အားထုတ်မှုတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီက ပြောကြားခဲ့ပါသည်။

C919 စီမံကိန်းကို ၂၀၀၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် State Owned Commercial Aircraft Corp of China က ဒါလီယံမြို့၌ ထုတ်လုပ်ခဲ့ပါသည်။ C919 ၏အဓိကအားသာချက်မှာနိုင်ငံတကာလေကြောင်းပျံသန်းမှု စည်းမျဉ်းနှင့် စံချိန်စံညွှန်းများအရ တည်ဆောက်ထားသည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ အလားတူ လေယာဉ်များနှင့်နှိုင်းယှဉ်ပါက စွမ်းအင်သုံးစွဲမှုသက်သာခြင်း၊ ကျယ်ဝန်းသည့်ထိုင်ခုံနှင့် ခေတ်မီနည်းပညာမြင့် အထောက်အပံ့ပစ္စည်းများဖြစ်သည့်အတွက် သက်သောင့်သက်သာရှိခြင်း၊အင်ဂျင်သံဆူညံမှုနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုကို နည်းပညာဖြင့် ထိန်းချုပ်လျှော့ချထားခြင်းစသည့်အချက်များဖြင့် ပြည့်စုံမှုရှိကြောင်း သိရှိရပါသည်။ လေယာဉ်အစိတ်အပိုင်း ၅၀ ရာခိုင်နှုန်းကျော်မှာ ပြည်တွင်း၌ ထုတ်လုပ်သည့် ပစ္စည်းများဖြစ်ပြီး ၅၅၅၅ ကီလိုမီတာကို တစ်ဆက်တည်း ပျံသန်းနိုင်ကြောင်းသိရသည်။ ခရီးသည် ၁၅၈ဦးမှ ၁၇၄ ဦးအထိ လိုက်ပါစီးနင်းနိုင်ပြီး အမြင့်ဆုံးတင်ဆောင်နိုင်သည့် ကုန်အလေးချိန်မှာ ကီလိုဂရမ် ၂၀၀၀၀ ရှိပါသည်။ ခရီးသည် တင်ဆောင်ပျံသန်းမှု မစတင်မီ တရုတ်မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့ (China Civil Aviation Administration) ၏ ခွင့်ပြုသည့် အထောက်အထားလက်မှတ်ရရှိရန်နှစ်နှစ်မှသုံးနှစ်အထိ အချိန်ယူရမည်ဖြစ်ကြောင်းသိရှိရသည်။

ယခုအခါ လေယာဉ်အစီးပေါင်း ၅၇၀ ကို ဝယ်ယူရန် အမှာစာများ လက်ခံရရှိထားကြောင်းသိရသည်။ ထို့ကြောင့် အနာဂတ်တွင် လက်ရှိ Boeing နှင့် Airbus ဈေးကွက်ကို နေရာယူနိုင်ရန် မျှော်မှန်းထားကြောင်း Commercial Aircraft Corp of China က ပြောကြားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော စျေးနှုန်းများနှင့် စျေးကွက်အခြေအနေ (၁၂-၅-၂၀၁၇)

ဇော်ဝင်း

## လားရှိုးစျေးကွက်မှာ ပြောင်းစျေးတက်ပြီး အရောင်း အဝယ်သွက်

ယခုတစ်ပတ် လားရှိုးစျေးကွက်မှာ ပြောင်းစျေးဆက်လက်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကပြောင်းစျေး တစ်ပိဿာကျပ် ၄၀၀ ထိ စျေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၄၂၀ ( တစ်တန်ကျပ် ၂၅၇၂၀၀)အထိ ဆက်လက် စျေးမြင့်တက်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှု အနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၁၂၅၇၄၀၀ သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၃၄၈၈၇၀၀ ထိရှိခဲ့တာကြောင့် ယခင်တစ်ပတ်ထက် စျေးပိုမိုတက်ခဲ့သလို အရောင်းအဝယ်လည်း သွက်ခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာကို ၃၄ ကျပ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးစျေးကွက်မှာ ပြောင်းစျေးငြိမ်သော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် တောင်ကြီးစျေးကွက်မှာ ပြောင်းစျေးငြိမ်ခဲ့ကြောင်းသိရပါတယ်။ ပြောင်းစျေးအနေနဲ့ ယခင်တစ်ပတ်က စျေးနှုန်းအတိုင်း ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၃၆၀ ( တစ်တန်ကျပ် ၂၂၀၄၆၀) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပိဿာချိန် ၄၇၀၀၀၀ သာ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၅၀၀၀၀၀ ထိ ရှိခဲ့တာကြောင့် စျေးငြိမ်သော်လည်း အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်စျေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီစျေး တက်ရိပ်ပြ

ယခုတစ်ပတ် ဘုရင့်နောင်စျေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ စျေးပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ FAQ (RC) အနေနဲ့ ယခင်တစ်ပတ်က တစ်တန်ကျပ် ၉၂၂၀၀၀ ထိ စျေးဆက်လက်ကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တန်ကျပ် ၉၆၅၀၀၀ ထိ ပြန်လည်စျေးမြင့်လာခဲ့တာကြောင့် ယခင်တစ်ပတ် ထက်တစ်တန်ကို ကျပ် ၄၃၀၀၀ခန့် ပြန်လည် စျေးမြင့်ခဲ့ပါတယ်။ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကို ကျပ် ၁၁၆၆၀၀၀ထိ စျေးဆက်လက်ကျဆင်းခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၁၂၁၃၅၀၀ထိ စျေးပြန်လည် မြင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ကထက် တစ်တန်ကို ကျပ် ၄၇၅၀၀ ပြန်လည် စျေးမြင့်လာခဲ့ကြောင်းသိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၆၃၃၀၀၀ ထိ စျေးဆက်လက်ကျဆင်းခဲ့ရာက ယခုတစ်ပတ် မှာတော့ တစ်တန်ကျပ် ၆၆၃၀၀၀ ထိ ပြန်လည်စျေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ စျေးနှုန်းအနေနဲ့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ကျပ် ၃၀၀၀၀ ပိုမိုစျေးမြင့်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်စျေးကွက်မှာ ပြောင်းစျေးတက်ကာ အရောင်း အဝယ်သွက်

ယခုတစ်ပတ် မူဆယ်စျေးကွက်မှာ ပြောင်းစျေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းစျေး ၅၀ ကီလိုတစ်အိတ်ကို ၆၈ယွမ် မှ ၇၄ယွမ် (တစ်တန်ယွမ် ၁၃၆၀ မှ ၁၄၈၀) သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ၅၀ ကီလိုတစ်အိတ်ကို ယွမ် ၇၀ မှယွမ် ၈၀( တစ်တန်ယွမ် ၁၄၀၀ မှ ၁၆၀၀ ) ထိ စျေးမြင့်လာခဲ့ကြောင်း သိရပါတယ်။

ပြောင်းစျေးမြင့်ခဲ့သလို တစ်ဖက်နိုင်ငံသို့ ယခင်တစ်ပတ်က တန်ချိန် ၂၃၄၇၄ တန်သာ တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၂၄၃၈၁ တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ကထက် ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာစျေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံစျေးမြင့်

ယခုတစ်ပတ် မုံရွာစျေးကွက်မှာ စျေးနှုန်းဆက်တိုက်ကျဆင်းခဲ့တဲ့ မတ်ပဲနဲ့ ပဲစင်းငုံတို့ပြန်လည် စျေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ မတ်ပဲစျေးနှုန်းအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၁၅ ကျပ်ထိ စျေးဆက်တိုက် ကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၁၅၆၀(တစ်တန်ကိုကျပ် ၉၅၅၃၂၀ )ထိ ပြန်လည်စျေးမြင့်လာခဲ့ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်လုပ်ငန်းများ၊ရန်ကုန်၊မန္တလေးဝယ်လက်များက ပုံမှန်ဝယ်ယူမှုရှိတာကြောင့် တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၇၅ ကျပ်ထိစျေးဆက်လက်ကျဆင်းခဲ့ရာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၂၅ကျပ် (တစ်တန်ကျပ် ၆၂၇၇၀၀) ထိ ပြန်လည်စျေးမြင့်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူခဲ့ပြီး တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၃၂၅ကျပ်(တစ်တန် ကျပ် ၁၄၂၃၈၀၀)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၈၈၅ ကျပ် (တစ်တန် ကျပ် ၁၁၅၄၃၅၀ ) နဲ့ယခင် တစ်ပတ်ထက် စျေးမြင့်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၄၁၈ ကျပ်မှ ယခုတစ်ပတ်မှာ၄၃၅ ကျပ် (တစ်တန်ကျပ် ၂၆၆၃၉၀) နဲ့ ယခင်တစ်ပတ်စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မန္တလေးစျေးကွက်မှာ မတ်ပဲ ၊ပဲစင်းငုံနဲ့ ပဲတီစိမ်းရွှေဝါ ပြန်လည်စျေးတက်

ယခုတစ်ပတ် မန္တလေးစျေးကွက်ထဲမှာ မတ်ပဲ၊ ပဲစင်းငုံတို့ အရောင်းအဝယ်သွက်ခဲ့ကြောင်းသိရပါတယ်။ ရန်ကုန်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ စျေးမြင့်တက်ခဲ့တာကြောင့် ဝယ်လိုအား များခဲ့ပြီး မန္တလေး ကုန်စည်ဒိုင်မှာလည်း ယခုလိုစျေးနှုန်း မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။ယခင်တစ်ပတ် မတ်ပဲတစ်ပိဿာကျပ် ၁၅၀၀နဲ့ စျေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၁၇ကျပ်(တစ်တန်ကျပ် ၉၉၀၂၃၀)နဲ့ ပြန်လည် စျေးမြင့်တက်လာခဲ့ပြီး တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၃၃ ကျပ်ထိ စျေးကျခဲ့ပေမယ့်ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၀၀၀ (တစ်တန်ကျပ် ၆၁၂၃၉၀) နဲ့ စျေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်းရွှေဝါက တစ်ပိဿာ ၁၈၈၄ ကျပ်ထိ စျေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၀၃၆ ကျပ် (တစ်တန်ကျပ် ၁၂၄၆၈၂၀) နဲ့ ပြန်လည်စျေးမြင့်လာခဲ့ပြီး တရုတ်ဝယ်လက်က ဝယ်လိုအားများတာကြောင့် အရောင်းအဝယ်သွက်ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ၂၂၂၂ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ် တစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန်ကျပ် ၁၄၉၆၆၈၀) နဲ့ စျေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၉၅၆ ကျပ်နဲ့ ဆက်လက်စျေးငြိမ်နေပြီး ယခင် တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၃၇၈ ကျပ် စျေးမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ၁၄၂၈၇၀၀) ထိ စျေးကျခဲ့ကြောင်းနဲ့ နှမ်းမျိုးစုံ တစ်နေ့ အိတ်၈၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံစျေးကွက်မှာ ပဲစင်းငုံနီစျေးတက်၊ ပဲတီစိမ်းစျေးငြိမ်

ယခုတစ်ပတ် အောင်လံစျေးကွက်မှာ ပဲစင်းငုံနီ စျေးပြန်တက်ပေမယ့် ပဲတီစိမ်းကတော့ ဆက်လက်စျေးငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံတစ်ပိဿာ ၉၇၅ ကျပ်ထိ စျေးဆက်လက်ကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၀၂၅ ကျပ် ( တစ်တန်ကျပ် ၆၂၇၇၀၀) ထိ စျေးမြင့်လာခဲ့ပါတယ်။ စျေးမြင့်လာခဲ့ပေမယ့် ပဲစင်းငုံနီ နယ်အဝင်နည်းလာခြင်း၊ ရန်ကုန်ဝယ်လက်က လိုအပ်သလောက်သာ ဝယ်ယူခြင်းတို့ကြောင့် အရောင်းအဝယ်အေးခဲ့ပြီး တစ်နေ့အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ သုံးပတ်ဆက်တိုက် စျေးငြိမ်ခဲ့ပြီး တစ်ပိဿာကျပ် ၁၅၇၅ ( တစ်တန်ကျပ် ၉၆၄၅၁၀ ) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီက ယခင်တစ်ပတ်စျေး တစ်ပိဿာကျပ် ၂၀၀၀ ( တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ ဆက်လက်စျေးငြိမ်နေပြီး တစ်နေ့အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးစျေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနဲ့ ပဲစင်းငုံ စျေးတက်

ယခုတစ်ပတ် မကွေးစျေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံတို့ ပြန်လည်စျေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ ဆက်တိုက် စျေးနှုန်းကျဆင်းခဲ့တဲ့ မတ်ပဲက ယခင်တစ်ပတ်စျေး တစ်ပိဿာကျပ် ၁၅၁၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀) ထိ ပြန်လည်စျေးမြင့်လာခဲ့ကြောင်း သိရပါတယ်။အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၉၅၀ ထိ စျေးဆက်လက်ကျဆင်းခဲ့ရာကနေ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၂၅ ကျပ် (တစ်တန်ကျပ် ၆၂၇၇၀၀) ထိ ပြန်လည် စျေးမြင့်ခဲ့ပါ တယ်။ ယခင်တစ်ပတ်ထိ သုံးပတ်ဆက်တိုက် တစ်ပိဿာကျပ် ၁၅၀၀ နဲ့ စျေးငြိမ်နေတဲ့ ပဲတီစိမ်းကလည်း ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၁၇၄၀ (တစ်တန်ကျပ် ၁၀၆၅၅၅၀) ထိ စျေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ထောပတ်ပဲ တစ်ပိဿာ ၁၁၅၅ ကျပ်နဲ့ စျေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၁၈၅ကျပ် ( တစ်တန်ကျပ် ၇၂၅၆၈၀) နဲ့ ဆက်လက်စျေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီက ယခင်တစ်ပတ်စျေး တစ်ပိဿာ ၂၂၄၅ ကျပ် (တစ်တန်ကျပ် ၁၃၇၄၈၁၀) နဲ့ ဆက်လက် စျေးငြိမ်နေခဲ့ပေမယ့် နှမ်းဖြူထိပ်စ ယခင်တစ်ပတ်စျေး တစ်ပိဿာကျပ် ၂၄၀၀ မှ ယခုတစ်ပတ် တစ်ပိဿာ ၂၃၅၅ ကျပ် (တစ်တန်ကျပ် ၁၄၄၂၁၇၀) နဲ့ နှမ်းနက်စမုံ ယခင်တစ်ပတ်စျေး တစ်ပိဿာကျပ် ၂၈၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၅ ကျပ်(တစ်တန်ကျပ် ၁၅၆၄၆၅၀) အသီးသီး စျေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတ စျေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း စျေးတက်

ယခုတစ်ပတ် ဟသ်ာတစျေးကွက်မှာ မတ်ပဲစျေးပြန်လည် စျေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၁၅၂၀ ထိ စျေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၁၆၀၀ (တစ်တန်ကျပ် ၉၇၉၈၂၀) ထိ စျေးပြန်လည်မြင့်လာခဲ့ပါတယ်။ စျေးကွက်အတွင်း မတ်ပဲဝင်ရောက်မှု များပြားလာခဲ့သလို အရောင်းအဝယ်လည်း များခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်ယူမှုများတာကြောင့် တစ်နေ့ကိုအိတ် ၄၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၃၃၅ ကျပ်ထိ စျေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၅၅ ကျပ် (တစ်တန်ကျပ် ၂၁၇၃၉၀) ထိစျေးမြင့်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုအားကောင်းတာကြောင့် တစ်နေ့အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(Myantrade)၏ တစ်နှစ်တာခရီးကို ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အတွက် မျှော်တွေးကြည့်ခြင်း




MTC (Ygn)

### မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစကနဦးခြေလှမ်းများ

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်တွင် ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ်တာဝန်ယူပြီးနောက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ခေတ်နှင့် လျော်ညီအောင် ပြုပြင်ခဲ့သည့်အချိန်မှစ၍ ပုဂ္ဂလိက ကဏ္ဍစီးပွားရေးလုပ်ငန်းများသည် လျင်မြန်စွာဖွံ့ဖြိုးလာခဲ့ပါသည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်၏မူဝါဒများနှင့် လိုက်လျောညီထွေမှုဖြစ်စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကုန်သွယ်မှုဖြေလျှော့ရေး၊ ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုပညာပေးရေး အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ လိုက်ပါအကောင်အထည်ဖော်လျက်ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ ဧပြီလတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအဖြစ် ဦးစွာပြောင်းလဲဖွဲ့စည်းပြီး တစ်နှစ်နှင့် ခြောက်လခန့်အကြာ ၂၀၁၅ ခုနှစ်၌ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနအဖြစ် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ဆက်လက်၍ နိုင်ငံတကာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့များကို လေ့လာပြီး ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization -Myantrade) ဟူ၍ စတင်မွေးထုတ်ခဲ့ပါသည်။ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၈၀ ကျော်ခန့်ဖြင့် စတင်ဖွဲ့စည်းထားခဲ့ပါသည်။

### ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ

ပြည်ပနှင့် ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များအတွက် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု အသာစီးရရှိခြင်းသည် သတင်းအချက်အလက်ပေါ် အခြေခံသည်။ Myantrade ၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ဖြန့်ဖြူးပေးခြင်း၊ ပို့ကုန်တိုးမြှင့်ရန်နှင့် ပြည်တွင်းကုန်သွယ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ကြီးများတွင် Myanmar Trade Centre - မြန်မာကုန်သွယ်မှု ဗဟိုဌာန ၁၄ ခုကို ဖွင့်လှစ်ပေးရန် လျာထားခဲ့ပြီး ယခုအချိန်တွင် ၁၁ ခု ဖွင့်လှစ်ပြီးဖြစ်ပါသည်။ နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက် ပြသရန် စုစည်းပေးခြင်း၊ တင်ပို့မည့် ဈေးကွက်ရှိလုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အရေအတွက် ကန့်သတ်ချက်များကို သိရှိစေရန်အပြင် ဝယ်ယူသုံးစွဲသူများ၏ အကြိုက်၊ ဒီဇိုင်း၊ အရောင်၊ ခေတ်ထုံးတမ်း ရွေးချယ်မှုများကို လုပ်ငန်းရှင်များ ကြိုတင်တွေးဆနိုင်ရန် အတွက် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုဂံမြို့များ၌ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးပြီး အသိအမြင်များ ဖလှယ်နိုင်ခဲ့ပါသည်။

ထပ်မံ၍ ဥရောပသမဂ္ဂ၏ ဈေးကွက်သတင်းအချက်အလက်များကို ရရှိစေရန်အတွက် EU Export Help Desk ကို GIZ ၏ Trade Development Programme အစီအစဉ်နှင့် ပူးပေါင်း၍ ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ဒုတိယထပ်တွင် ၂၀၁၆ ခုနှစ်၊မေလ ၂၇ ရက်နေ့၌ ဖွင့်လှစ်ပေးခဲ့ပါသည်။ Myantrade ၏ သတင်းအချက်အလက်များကို Online ပေါ်၌ ကြည့်ရှုနိုင်ရန်နှင့် အရောင်းအဝယ် ပြုလုပ်နိုင်ရန်အတွက် www.trade.gov.mm ဟူသည့် ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားပြီးဖြစ်ပါသည်။

ပြည်တွင်းကုန်သွယ်မှုဌာနမှလည်း ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက် လက်ကမ်းစာစောင်များဖြန့်ဝေပေးသည့်လုပ်ငန်းများကိုလည်းကောင်း၊ သတင်းအချက်အလက်နှင့် သုတေသနဌာနခွဲသည် နိုင်ငံရပ်ခြားရှိ စီးပွားရေးသံမှူးများနှင့် ဆက်သွယ်ချိတ်ဆက်၍ အဆိုပါနိုင်ငံများရှိ ကုန်သွယ်ရေး၊ စီးပွားရေးနှင့်စပ်လျဉ်းသည့်သတင်းများကို Commerce Journal ၌ ဖော်ပြပေးခြင်းဖြင့်လည်းကောင်း၊ ကုန်သွယ်မှုပြုရန် အလားအလာရှိသည့် ကုန်ပစ္စည်းများကို ရှာဖွေဖော်ထုတ်ပြီး ဝယ်လက်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့်လည်းကောင်း ဝန်ဆောင်မှုကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ကြုံရသည့် အခက်အခဲပြဿနာနှင့်စိန်ခေါ်မှုများကိုလည်း အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်ပေးလျက်ရှိပါသည်။

### ပါဝင်ဆင်နွှဲခဲ့သည့် ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများ

Myantrade သည် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၌ ပြည်တွင်းကုန်စည်ပြပွဲ ၄၄ ပွဲ၊ ပြည်ပကုန်စည်ပြပွဲ ၃၉ ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်စည်ပြပွဲ ၁၂ ပွဲတို့ကို ကျင်းပခဲ့ရာ လိုအပ်သည့် အထောက်အပံ့များပေးခဲ့ပါသည်။ ဌာနအကြီးအကဲများကလည်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခြင်း၊ စီးပွားရေးတွေ့ဆုံပွဲများအတွက် မိတ်ဖက်များရှာဖွေပေးခြင်း၊ ပြခန်းအတွင်းဌာန၏လုပ်ငန်းစဉ်များနှင့် မြန်မာထုတ်ကုန်များကို ပြပွဲလာသူများ လေ့လာနိုင်စေရန်အတွက် နမူနာထုတ်ကုန်များ ပြသခြင်းအပြင် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း တစ်စိုက်မတ်မတ် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါသည်။ မြန်မာစီးပွားရေးလုပ်ငန်းရှင်အများဆုံးပါဝင်သည့်(၁၃)ကြိမ်မြောက်CAEXPO ပွဲကြီးသို့ လုပ်ငန်းရှင် ၄၅၀ ဦးခန့်နှင့် ပြခန်းပေါင်း ၁၅၀ခန့်ပါဝင်ပြသခဲ့ရာ ပြပွဲကော်မတီမှ ချီးမြှင့်သည့် ဆုများဖြစ်သည့် Best Trade Visitor Organizer ဆု၊ Best Industry Organizer ဆု၊ Best City of Charm Pavilion ဆုတို့ကို ရရှိခဲ့ရာ အောင်မြင်သောပန်းတိုင်တစ်ခုဖြစ်ပါသည်။

Myantrade သည် နှစ်စဉ်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်စည်ပြပွဲများ ကျင်းပပေးခြင်း၊ ၎င်းတို့ထဲမှ အရည်အသွေးမြင့် ထုတ်လုပ်နိုင်သည့် ရွက်ပုန်းသီးလုပ်ငန်းရှင်များကို နိုင်ငံတကာ ကုန်စည်ပြပွဲသို့ တက်ရောက်ရန် လက်တွဲခေါ်ယူ၍ သွားရောက်ပြသခဲ့ရာ ဝယ်လက်အသစ်များ ရရှိလာခြင်း၊ ပြပွဲသို့တက်ရောက်ခြင်းဖြင့် အခြားနိုင်ငံများမှ ထုတ်လုပ်သော ထုတ်ကုန်များ၏ ထုပ်ပိုးမှုအခြေအနေနှင့် ဒီဇိုင်းအသစ်များ ဖန်တီးလာနိုင်ခြင်း၊ ထုတ်ကုန်အသစ်များထုတ်လုပ်ရန် အတွေးအမြင်အသစ်များရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

> **အမေရိကန်၊ ဥရောပသမဂ္ဂ စသည့် ဒေသများသို့ ကုန်ပစ္စည်းများတင်ပို့ရန် ရောင်းသူနှင့် ဝယ်သူအကြား တံတားတစ်စင်းသဖွယ် ချိတ်ဆက်ပေးရန် အဓိက တာဝန်အရှိဆုံးဌာနသည် . . .**

ယခုနှစ်တွင် Myantrade မှ ကြီးမှူး၍ တောင်ကြီး၊ ပုသိမ်၊ မကွေး၊ မန္တလေးနှင့် လှိုင်ကော်မြို့များ၌ ပြည်ပပို့ကုန် အလားအလာရှိသော ကုန်စည်ပြပွဲကို ကျင်းပခဲ့ပြီး အဆိုပါဒေသရှိ အရည်အသွေးမီထွက်ကုန်များအား သိရှိကာ နိုင်ငံတကာ ဝယ်လက်များနှင့် ချိတ်ဆက်ပေးနိုင်ခဲ့ပါသည်။

ယခင်က အာရှ၊ အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများ၌ ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများကို ပါဝင်ဆင်နွှဲခဲ့ရာမှ ယခုအခါ အီတလီနိုင်ငံနှင့် တူရကီနိုင်ငံ၌ ခြောက်လကြာ ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်စည်ပြပွဲများသို့လည်းကောင်း၊ ဂျာမနီနိုင်ငံ နုရင်ဘတ်နှင့် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် ကျင်းပသည့် Biofach 2017 နှင့် Seafood Expo Global 2017 သို့ လည်းကောင်း Myantrade မှ ဦးဆောင်၍လုပ်ငန်းရှင်များနှင့်အတူ တက်ရောက်ခဲ့ပါသည်။

### ရရှိခဲ့သည့်အောင်မြင်မှုမှတ်တိုင်များ

Myantrade သည် နိုင်ငံတကာကုန်စည်ပြပွဲများသို့ ပါဝင်ပြသရန် ဖိတ်ကြားစာရရှိသည့်အခါ သက်ဆိုင်ရာ အသင်းအဖွဲ့များအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အလားအလာရှိသောလုပ်ငန်းရှင်များကို ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့တွင် ကျင်းပခဲ့သည့် Gift Show & Handicraft ၊ Thai OTOP City ၊ ThaiFex ၊ International Furniture Fair၊ Textile & Decoration Fair ၊ Jewelery Fair ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နှစ်စဉ်ကျင်းပလေ့ရှိသည့် ကူမင်းကုန်စည်ပြပွဲနှင့် နန်နင်း China ASEAN Expo အပြင် နယ်စပ်ဒေသမြို့များ၌ ပြုလုပ်သည့် ပြပွဲများသို့ သွားရောက်ပြီး နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် Mekong Design Selection ၌ Japan Design Promotion ၏ ဆုလေးဆုကို Bagan House နှင့် Everstand ယွန်းထည်ဆိုင်တို့ကလည်းကောင်း၊ Link 64 နှင့် YK Collection တို့သည်လည်းကောင်း၊ Tokyo Game Show 2016 တွင် ဆိုက္ကားသမားငပိန်ဂိမ်းကို ထုတ်လုပ်သည့် Myan Play Co., Ltd သည် အကဲဖြတ်ဒိုင်များ၏ အထူးဆုကိုလည်းကောင်း၊ နန်နင်းကုန်စည်ပြပွဲ၌ ပြပွဲကျင်းပသည့် Organizer မှ ချီးမြှင့်သည့် ဆုသုံးဆုကိုလည်းကောင်း၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် Innovative Craft ပြပွဲ၌ ကြိမ်ထည်ပစ္စည်းများ ထုတ်လုပ်သည့် Bella Interiors Co., Ltd သည် ဒီဇိုင်းဆုကိုလည်းကောင်းရရှိခဲ့ကြပါသည်။အဆိုပါကုမ္ပဏီသည် ဂျပန်နိုင်ငံ၏ နာမည်အကြီးဆုံး JDP ၏ ဒီဇိုင်းဆုကိုလည်း ယခင်က ရရှိခဲ့ပါသည်။ ထို့အပြင် Myanmar Golden Produce Co., Ltd သည် ရုရှားနိုင်ငံသို့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များနှင့် Power Maw Shan Co., Ltd သည် အိုင်ယာလန်နိုင်ငံသို့ မြန်မာလက်ဖက်များကို တင်ပို့နိုင်ခဲ့သည့်နည်းတူ အမရပူရမှ နှင်းဝတ်မှုံ သဘာဝဆိုးဆေးချည်ထည်လုပ်ငန်းနှင့် ပဲခူးမြို့ရှိပန်းကမ္ဘာ အမှတ်တရပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတို့သည်လည်း ကိုရီးယားဈေးကွက်သို့ကုန်ပစ္စည်းများ တင်ပို့ နိုင်ခဲ့ပါသည်။

ဤသို့ ကုန်စည်ပြပွဲများကို ပါဝင်ပြသခြင်းအားဖြင့် ထုတ်ကုန်များအတွက် ဈေးကွက်ဝေစုအသစ်များရရှိရုံသာမက ထုတ်ကုန်အသစ်များကိုလည်း ထုပ်ပိုးမှုကောင်းကောင်းဖြင့် ထုတ်လုပ်တင်ပို့နိုင်ကြောင်း တွေ့ရှိရပါသည်။

### အနာဂတ်အတွက် မျှော်မှန်းချက်များ

ယခင်က အာရှ အာဆီယံနိုင်ငံများသို့သာ အဓိက ကုန်သွယ်မှုပြုခဲ့ရာမှ ယခုအခါ ဝယ်လိုအားရှိပြီး အကောက်ခွန် အခွင့်အရေး ပေးသည့် အမေရိကန်၊ ဥရောပသမဂ္ဂ စသည့်ဒေသများသို့ ကုန်ပစ္စည်းများတင်ပို့ရန် ရောင်းသူနှင့် ဝယ်သူအကြား တံတားတစ်စင်းသဖွယ် ချိတ်ဆက်ပေးရန် အဓိကတာဝန်အရှိဆုံးဌာနသည် 'မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့' ဖြစ်ပါသည်။

စာမျက်နှာ - ၂၄ ➢

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ (ရိဒ်ခေါဒါရ်-ဇိုခေါဒါရ်) နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ အိန္ဒိယနိုင်ငံဘက်မှပြန်လည်ဖွင့်လှစ်

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၊ ဇိုခေါဒါရ်တွင် တရားဝင်ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့နှင့် ပြင်ပမှ ဝင်ရောက်လုပ်ကိုင်သော အလုပ်သမားများ အချင်းချင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် မြန်မာ-အိန္ဒိယ ( ရိဒ်ခေါဒါရ်-ဇိုခေါဒါရ် )နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံ ကျန်ဖိုင်းအုပ်ချုပ်ရေးမှူးက ဧပြီ ၁၃ ရက်မှစ၍ တစ်လကြာ ယာယီ ပိတ်ထားခဲ့ပါသည်။



အခင်းဖြစ်ပွားမှု အခြေအနေနှင့် ပတ်သက်၍ ရိဒ်ကုန်သွယ်ရေးစခန်း တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇေယျာကျော်ကျော်၊ အကောက်ခွန်မှူး ဦးမျိုးဇော်ဦး၊ ရဲအုပ် ဇော်ဇော်ကျော်၊ လဝကမှူး ဦးတေဇာလင်းနှင့် ရိဒ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်တို့သည် ဧပြီ ၁၃ ရက်နေ့တွင် ဇိုခေါဒါရ်သို့ သွားရောက်၍ ဇိုခေါ်ဒါရ်ဒါ အုပ်ချုပ်ရေးမှူး Pu Khua Hlum နှင့် တွေ့ဆုံပြီး အိန္ဒိယနိုင်ငံမှ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခွင့် ပိတ်ပင်ထားမှုနှင့် ပတ်သက်၍ မေးမြန်း စုံစမ်းပြီးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ရန်ကုန်မြို့ အခြေစိုက်အိန္ဒိယသံရုံးမှ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ တာဝန်ရှိသူထံ ဆက်သွယ်မေးမြန်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ဆက်သွယ်မေးမြန်း ဆောင်ရွက်ချက်အရ လုပ်ငန်းများ ခေတ္တ ရပ်ဆိုင်းထားရခြင်းမှာ ဒေသတွင်းတရားဥပဒေစိုးမိုးရေးအတွက်ဖြစ်ပြီး မေ ၉ ရက်မှစ၍ လုပ်ငန်းများ ဆိုင်းငံ့ထားမှုအားပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံဘက်မှ အချင်းချင်း ပဋိပက္ခဖြစ်ပွားသည့် အလုပ်သမားများအား ဥပဒေကြောင်းအရ အရေးယူမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဇိုခေါဒါရ် အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဘက်မှ ကုန်သည်များကလည်း နှစ်နိုင်ငံချစ်ကြည်ရေးတံတားမှ တစ်ဆင့် မေ ၁၀ ရက်နေ့မှစ၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရပါသည်။

မီဇိုရမ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင်ရှိပြီး မြန်မာနိုင်ငံရှိ ရိဒ်ကုန်သွယ်ရေး စခန်းမှတစ်ဆင့် ကုန်သွယ်မှု ပြုလုပ်နေသာ ဒေသဖြစ်ပါသည်။

ရိဒ်ကုန်သွယ်ရေးစခန်း အနေဖြင့် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်အမေရိကန် ဒေါ်လာ ၉ ဒသမ ၅၃၀ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၅ ဒသမ ၄၁၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ဒသမ ၉၄၁ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၂၅၅ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၅ ဒသမ ၈၂၈ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၈၃ ဒေါ်လာသန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၉၉၆ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၂၃ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အနေဖြင့် အမေရိကန် ဒေါ်လာ ၄၀ ဒသမ ၂၁၉ ဒေါ်လာ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှု ပမာဏများ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**နှစ်နိုင်ငံ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၃ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၆၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ကွမ်းသီးတန်ချိန် ၆၇၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၃ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်းတန်ဖိုးရှိကွမ်းသီး ၄၅၅ တန်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၃ သန်းတန်ဖိုးရှိ ကွမ်းသီး ၃၀၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီး တစ်မျိုးသာ တင်ပို့ခဲ့သော်လည်း တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် စီးကရက်၊ ပန်းသီး၊ အုန်းသီးနဲ့ နန့်ဖာလုံအမယ်စုံကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဧပြီကုန်သွယ်မှုကာလတူထက်ပိုမို

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဧပြီလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆၇၅ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄၂၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဧပြီလုပ်ငန်းဆောင်ရွက်မှုကို ကာလတူဖြစ်တဲ့ ၂၀၁၆ ခုနှစ် ဧပြီ ဆောင်ရွက်နိုင်မှုနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၁ သန်းနဲ့ သွင်းကုန်အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇၀ သန်းပိုမို ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၈၁ သန်းပိုမိုခဲ့တယ်လို့ မြဝတီကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

ကာလတူထက်ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက် ပစ္စည်းအုပ်စုနဲ့ အခြားပစ္စည်းအုပ်စုတို့တွင် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်သလို သွင်းကုန်ပိုင်းတွင်လည်း လူသုံးကုန်ပစ္စည်းအုပ်စုမှ ဘက်ထရီခြောက်များ၊ လျှပ်စစ်မီးသီးနဲ့ မီးချောင်းများ၊ နို့ဆီနို့စိမ်း၊ ဆပ်ပြာ၊ အချိုမှုန့်၊ နို့မှုန့်၊ သွားတိုက်ဆေးနဲ့ ပရိဘောဂများ ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်တွင် ဧပြီလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ မြေပဲဆန်၊ မန်ကျည်းသီး(အစေ့ပါ)၊ ငါးမျိုးစုံ၊ မန်ကျည်းသီး(အစေ့မပါ)၊ ပဲတီစိမ်း၊ သီဟိုဠ်စေ့၊ ကဏန်း၊ နနွင်းတက်၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများမှာ မော်တော်ဆိုင်ကယ်၊ အချိုရည်၊ သကြား၊ လယ်ထွန်စက်၊ ဂက်စ်၊ ဓာတ်မြေဩဇာ၊ VAN၊ BUS၊ TRUCK ၊ MINI TRUCK၊ LIGHT TRUCK တို့ဖြစ်တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၁၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၄၃၅၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၅၅၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၀၁ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက် ကုန်များ ပိုမိုတင်ပို့ခဲ့သော်လည်း ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်အောက် ရေထွက်ကုန်လျော့နည်းတင်ပို့ခဲ့တဲ့ အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၃၅ တန်၊ မြိတ်ကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၄ သန်းတန်ဖိုးရှိ ငါးမှုန့်၊ ငါးမျိုးစုံ၊ ကဏန်း၊ ကင်းမွန်၊ ပုစွန်၊ ငါးအသားလွှာ၊ သဲကဏန်းတို့ကို ၂၉၉၆ တန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်နဲ့ အခြားရေထွက်၊ ပုစွန်၊ ရေဘဝဲတို့ကို ၁၂၂၁ တန်တင်ပို့ ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ဧပြီကုန်သွယ်မှု လျာထားချက်ထက် ကျော်လွန်

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ဧပြီလကုန်သွယ်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၄၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁၀ သန်းဆောင်ရွက်ခဲ့တဲ့ အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၅၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အကောင်အထည်ဖော်မှုအခြေအနေမှာ ၁၁၈ ဒသမ ၇၃ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့တဲ့အတွက် လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။

ဧပြီဆောင်ရွက်မှုကို ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈၂ သန်း ပိုမိုဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။

ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ ပိုမိုရခြင်းမှာ ဧပြီလအတွင်း၌ ရော်ဘာ၊ ငါးမျိုးစုံ၊ ငါးမှုန့်၊ ငါးခြောက်၊ ကဏန်းသေး (အသေ)၊ ပုစွန်ခြောက်တို့ လျော့နည်းတင်ပို့ခဲ့သော်လည်း ရေငန်ပုစွန်၊ ကင်းမွန်(အခွံချွတ်)၊ ကင်းမွန်၊ ရေခူခြောက်၊ သဲကဏန်း၊ အေးခဲပုစွန်၊ ကင်းမွန် (လိပ်)၊ အေးခဲကဏန်းပျော့နဲ့ ငါးအသားလွှာတို့ကို ပိုမိုတင်ပို့ နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင်လည်း လူသုံးကုန်ပစ္စည်းအုပ်စုတွင် ဟင်းချက်ဆီ၊ မုန့်မျိုးစုံ၊ ကြက်စာနဲ့ နို့ဆီတို့ကို လျော့နည်းတင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှု ပစ္စည်းအုပ်စုဖြစ်တဲ့ ဘိလပ်မြေ၊ ငါးဖမ်းပိုက်၊ သံချောင်း၊ ဓာတ်မြေဩဇာ၊ ဂျပ်စက္ကူပုံး၊ ဒီဇယ်ဆီတို့ ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန် ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ရေငန်ပုစွန်၊ အေးခဲ ပုစွန်၊ ကဏန်း၊ ရေခူခြောက်၊ ရော်ဘာ၊ သဲကဏန်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အချိုရည်၊ ပလတ်စတစ်ပြား၊ ငါးဖမ်းပိုက်၊ ကြွေပြား၊ အင်ဂျင်ဝိုင်တို့ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၇၂၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၀၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၀ သန်း၊ တန်ချိန်အားဖြင့် ၁၃ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးမျိုးစုံ၊ ငါးမှုန့်၊ ငါးဆား နယ်နဲ့ ငါးစီဖောင်းတို့ ပိုမိုတင်ပို့ခဲ့တာကြောင့် ရေထွက်ကုန် တင်ပို့မှု ပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်တရုတ်နိုင်ငံမှာ ငါးရှဉ့်ဈေးရော ကဏန်းဈေးပါ ယခင်တစ်ပတ် ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစုသို့ သွားရောက်ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးသည် လှည်းကူးမြို့နယ် ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှု ဌာနစု (CTQM) သို့ မေ ၈ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးရာ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ၊ CTQM ဌာနမှူး ဦးကျော်ငွေတို့က CTQM ၏ သမိုင်းကြောင်း၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်း တင်ပြခဲ့ပါသည်။



ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး က CTQM အား Center of Excellence (COE) အဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ သမား ရိုးကျပို့ကုန်များဖြစ်သည့် ဆန်၊ ပဲတို့သာမက ကော်ဖီ၊ ဟင်းသီးဟင်းရွက် အစရှိသော အလားအလာရှိသည့် သီးနှံများအား တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် ထုပ်ပိုးစနစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သုတေသနပြုလုပ်၍ ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံတွင် အစားအစာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပို့ကုန်သီးနှံများ၊ စမ်းသပ်စစ်ဆေးပေးလျက်ရှိသည့် ဓာတ်ခွဲခန်းအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုရေး ဆောင်ရွက်ရန်၊ ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှု လိုအပ်ချက်များဖြစ်သော Technical Regulation ကို စောင့်ကြည့်မည့် အဖွဲ့ဖွဲ့စည်း၍ Regulation များ ပြောင်းလဲမှုရှိပါက လှုံ့ဆော် အသိပေးသည့်စနစ် (Alert System) ထူထောင်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် CTQM ရှိ သီးနှံ (ဓာတုရူပ) ဓာတ်ခွဲခန်း၊ ဆီနှင့် ဆီထွက်သီးနှံ ဓာတ်ခွဲခန်း၊ မှိုဆိပ်ဓာတ်ခွဲခန်း၊ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်း၊ ပိုးမွှားဓာတ်ခွဲခန်း၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ပူးပေါင်း တည်ထောင်ထားသော မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းများ၏ လုပ်ငန်း ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ငွေငွေနွယ် (CTQM)**

# မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်များ ပိုမို တင်သွင်းလာ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်မတိုင်မီက ကုန်သွယ်ရေးဦးစီးဌာန နေပြည်တော် (ရုံးချုပ်) ၏ ခွင့်ပြုလိုင်စင်ဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှု ပမာဏပိုမို တိုးတက်စေရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လက်ရှိစခန်းမှ ခွင့်ပြုပေးနေသည့် သွင်းကုန်ပစ္စည်းများအပြင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်တွင် ကျင်းပပြုလုပ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၄/ ၂၀၁၆) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူ ခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်မှစ၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မော်တော်ဆိုင်ကယ်တင်သွင်းရန် သွင်းကုန်လိုင်စင် လျှောက်ထားမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ မှန်ကန်မှုရှိပါက ရုံးချုပ်ခွင့်ပြုချက်အား စောင့်ဆိုင်းရန်မလိုဘဲ စခန်းတာဝန်ခံ၏ ခွင့်ပြုချက်ဖြင့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နေ့ချင်းပြီး နာရီပိုင်းအတွင်း သွင်းကုန်လိုင်စင်အား Auto License ဖြင့် ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။



ဎင်းအပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ နယ်စပ်ဒေသများရှိ လုပ်ငန်းရှင်ငယ်များ တရားဝင်ကုန်သွယ်မှု ဆောင်ရွက်လာစေရေး အတွက် (အထူးသဖြင့် တရုတ်နယ်စပ်မှ) ပြည်တွင်း ဝယ်လိုအားရှိသည့် မော်တော်ဆိုင်ကယ် တင်သွင်းမှုနှင့် ပတ်သက်ပြီး တစ်ဖက်နိုင်ငံမှ မော်တော်ဆိုင်ကယ် တရားမဝင် ဝယ်ယူနေမှုများရှိနေ၍ တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လာစေနိုင်ရေးအတွက် (ITC) မှတ်ပုံတင်ကတ်ဖြင့် ဆောင်ရွက်သူလုပ်ငန်းရှင်များအား ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၆/ ၂၀၁၆) မှ မော်တော်ဆိုင်ကယ်တင်သွင်းခွင့်ကို ဖြေလျော့ခွင့်ပြုပြီးဖြစ်ပါသည်။



ထို့ကြောင့် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ITC မှတ်ပုံတင်ထားပြီး သက်တမ်းရှိသူ လုပ်ငန်းရှင်တစ်ဦးလျှင် တစ်ရက် မော်တော်ဆိုင်ကယ် တစ်စီးနှုန်းဖြင့် တစ်ပတ်လျှင် မော်တော်ဆိုင်ကယ်စီးရေ ငါးစီးအထိ တစ်ကြိမ်တည်း စုဆောင်းတင်သွင်းလိုပါကလည်း လိုင်စင် ဆောင်ရွက်ခွင့်ပြုပြီး လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု အပေါ် မူတည်၍ ITC ဆောင်ရွက်ခွင့်ပြုသည့်တန်ဖိုး တစ်ရက်လျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် တစ်ပတ်လျှင် ကျပ်သိန်း ၁၅၀ ခွင့်ပြုဘောင်အတွင်း စီးရေတိုးမြှင့်၍ ခွင့်ပြုပေးသွားမည်ဖြစ်သည်။ တစ်ဦးချင်း ITC ကတ်ဖြင့် ဆိုင်ကယ်တင်သွင်းသူလုပ်ငန်းရှင်များ ကုန်သွယ်မှု ဆောင်ရွက်ရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုင်စင်ခွင့်ပြုသတ်မှတ်ကာလအား ယခင်ခုနစ်ရက်အစား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၃/ ၂၀၁၆) ၏ သဘောတူခွင့်ပြုချက်အရ ၁၄ ရက်အထိ တိုးမြှင့်ခွင့်ပြုပြီး ဖြစ်ပါသည်။

ထိုသို့ မော်တော်ဆိုင်ကယ် တင်သွင်းမည့် လုပ်ငန်းရှင်များအတွက် သွင်းကုန်လိုင်စင်ခွင့်ပြု သည့် အပိုင်းတွင် လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးနေသဖြင့် သွင်းကုန်လိုင်စင်

| မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် |

လျှောက်ထားသည့် အရေအတွက်မှာ ယခင်ကထက် ပိုမိုများပြားလာပြီး တရုတ်နိုင်ငံမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလမှ မတ်လအထိ ဆိုင်ကယ်တင်သွင်းမှုစီးရေ စုစုပေါင်း ၅၄၆၃၂၄ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၇၈ သန်းခန့်အထိ အမှန်တင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီအတွင်း၌ သွင်းကုန်လိုင်စင် ခွင့်ပြုမှုအနေဖြင့် မော်တော်ဆိုင်ကယ် ခွင့်ပြုစီးရေ စုစုပေါင်း ၉၄၇၄၃ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၈၈၉ သန်းခန့်ကို ခွင့်ပြုခဲ့ပါသည်။ ဎင်းအပြင် တရုတ်နိုင်ငံမှ မိမိနိုင်ငံသို့ အများဆုံး တင်သွင်းလျက်ရှိသည့် တရုတ်ဆိုင်ကယ် ကုန်အမှတ်တံဆိပ်များမှာ KENBO , CANDA , TOYOMAX , DAYANG , YUNDE , SHAYAN , FOLLOW ME , SUPERANBO ,TARYAN , FELLING, NEW ZHINENG နှင့် LOUJIA စသည်တို့ဖြစ်ပါသည်။

မော်တော်ဆိုင်ကယ် တင်သွင်းလိုသည့် လုပ်ငန်းရှင်များ ကြိုတင်သိရှိနိုင်စေရန် တရုတ်နိုင်ငံဘက်မှ မိမိပြည်တွင်းသို့ မူဆယ်(၁၀၅)မိုင်၊ ကုန်သွယ်ရေးဇုန်မှ ယခုဘဏ္ဍာနှစ်အတွင်း အများဆုံး တင်သွင်းနေသည့် တရုတ်ဆိုင်ကယ်များ၏ လက်ရှိအတည်ပြု လိုင်စင်ခွင့်ပြုဈေးနှုန်းများအပေါ် မိုဒယ်နှစ်၊ ကုန်အမှတ်တံဆိပ်နှင့် အင်ဂျင်ပါဝါအလိုက် မော်တော်ဆိုင်ကယ် တစ်စီးချင်းအပေါ် နိုင်ငံတော်သို့ ပေးသွင်းရန် ကျသင့်သည့် အခွန်နှုန်းထားများကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ကျသင့်အခွန်နှုန်းထားများကို ကောက်ခံရာတွင် ငွေလဲနှုန်းနှင့် အခွန်ပေးဆောင်ရန်သတ်မှတ်ချက်အရ တရုတ်ဆိုင်ကယ်အသစ် တစ်စီးဝယ်ယူမည်ဆိုပါက နိုင်ငံတော်သို့ ပေးဆောင်ရမည့်

စာမျက်နှာ - ၂၁ ➢

W.M.L.A

WIN MARLAR AUNG TRADING CO.,LTD

WOOD-BASED FACTORY




YANGON OFFICE
No.38, Room-201, Moe Kaung Road,
Yankin Township, Yangon.
Tel: (+95) 9 730 99739
(+95) 9 320 00145
Fax: (+95) 9 730 99739
Email : wmla yangon@gmail.com



MANDALAY OFFICE
(G-5, A/C) Phoyarzar Street,
Pyigyitagon Township,
Industrial Zone (1), Mandalay.
Tel: (+95) 25154499, (+95) 25153166, (+95) 5165406
Fax: (+95) 2 51 54499
Email : wmla factory@gmail.com.
www.winmarlaraung.com



PPC
Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



## Property Services

- Property Management
- M & E Services
- Cleaning
- Security

## Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

## Real Estate Services

- Leasing, Purchasing & Selling

**No.22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964**
**Email : ppcmyanmar@gmail.com | Website : www.ppcmyr.net**

THAYA
ENGINEERING CO., LTD

PH-09 518 6262
09 250 290 622



“သာယာ” ကုမ္ပဏီမှ အရည်အသွေးကောင်းမွန်သော အလူမီနီယမ်ချောင်းများကို ပြည်ပမှ တိုက်ရိုက်တင်သွင်း၍ လက်လီလက်ကား ဖြန့်ချိပေးခြင်းနှင့်အတူ တပ်ဆင်ခြင်းများကိုလည်း အကောင်းဆုံး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ထို့ကြောင့် သင်နှင့်သင့်မိသားစု ပတ်ဝန်းကျင် သာသာယာယာနှင့် စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရန် “သာယာ” နှင့် ဆက်သွယ်လိုက်ပါ။

KING TONY
® The best tools of the world




Yasmin Enterprise Co.,Ltd

# PHYO SERVICES CO.,LTD.

## CAR SHOWROOM & SALES CENTER



Address : No. 67-B/1, Pho Sein Road, Bahan Township, Yangon.
Tel : 01-546102, 548069

# SWY Group Co.,Ltd

SHWE WAH YAUNG
Agriculture Production Co.,Ltd

SHWE WAH YAUNG
General Services Co.,Ltd

S W Y Group Trading Co.,Ltd





Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar
☎ : 01-680 803 , 01-686 158 , 01-686 251 Fax : 01-686 251

Warehouse : No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar
☎ : 01-680 803 , 01-686 158 , 01-686 251 Fax : 01-686 251

website : www.swygroup.com , Webmail : lumawmm@swygroup.com , thaungtikes@swygroup.com

## ရော်ဘာ

### ရော်ဘာဈေး ဆက်လက်ကျဆင်း

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၉ သန်းတန်ဖိုးရှိ ရော်ဘာ ၁၉၈၈ တန်ကျော်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 တန်ချိန် ၇၆၀၊ RSS 5 ၂၄၈ တန်၊ MSR 20 ၅၀၃ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS 3 တန်ချိန် ၃၀၀ နဲ့ MSR 20 ၁၅၆ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာတန် ၂၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၆ ၂၀၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာ တင်ပို့မှု ၄ ၂၂၁ တန် လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန် ကျပ် ၂၀ ဒသမ ၉၂၃ သိန်းရှိပြီး၊ ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၈၀၇၈ ကျပ် ဈေးကျပါတယ်။ RSS 5 တစ်တန်ဈေးမှာ ကျပ် ၂၀ ဒသမ ၀၄၄ သိန်းရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်း တန်ဖိုးရှိ RSS 3 တန် ၈၀ ကို မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့ ပါတယ်။ ယခင်တစ်ပတ်က ၂၉၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၂၁၄ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး ဆက်လက်ကျ ဆင်းလာတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေး ကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ချ၍ မြန်မာနိုင်ငံရော် ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန် ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |

**ယဉ်ယဉ်အေး**

### မူဆယ်မှ သကြားပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈၅၁ သန်း တန်ဖိုးရှိ Re-export သကြားတန်ချိန် ၂၅၉၆၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၂၅၇၀၉ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မူဆယ်မှ သကြား တန် ၂၀၀ ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၃ သန်း တန်ဖိုးရှိ Re-export သကြား ၂၃၉၃ တန်နဲ့ သကြားဖြူ ၇၆၄ တန်ကျော် တင်ပို့ ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ သကြားတန်ချိန် ၃၁၉၀ နဲ့ နှိုင်းယှဉ်ပါက ယခု တစ်ပတ်မှာ ချင်းရွှေဟော်မှ သကြားတန်ချိန် ၃၀ ခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်က အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၂ သန်း တန်ဖိုးရှိ Re-export သကြား ၁၄၉၅ တန်ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်ကတင်သွင်းခဲ့တဲ့ ၁၂၈၃ တန် ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ် မြဝတီမှ သကြားတန်ချိန် ၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၄၂၉ တန်ဖိုးရှိလက်ဖက်ခြောက် ၈၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၆ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ရှစ်တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ် ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၇၆၁၈ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၇၀ ကျော်ကို ဧပြီ ၂၉ ရက်မှ မေ ၅ရက် အထိ သီတင်းပတ်အတွင်း တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၅ တန်ပိုမိုတင် ပို့ခဲ့တာ တွေ့ရပါတယ်။



မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက်အခါးခြောက်ကို ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချကြောင်း သိရပါတယ်။ ရှမ်း ပြည်နယ်ရှိ စံပြလက်ဖက်ခြောက်စက်ရုံတွင် အခြောက်ခံပြီး ထွက်ရှိလာတဲ့ လက်ဖက်ခြောက်ကို စံချိန်စံညွှန်းပြည့်မီသဖြင့် ဂျာမနီနိုင်ငံမှ ဝယ်ယူခြင်းဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

### တရုတ်နိုင်ငံသို့ ကော်ဖီစေ့ တန် ၃၀ ကျော်တင်ပို့

မေပထမပတ်တွင် အမေရိကန်ဒေါ်လာ ၂၉၆၄၇ တန်ဖိုးရှိ ကော်ဖီစေ့ ၃၃ တန်ခွဲကို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဧပြီမှာ မူဆယ်မှ ကော်ဖီစေ့တင်ပို့မှု မရှိခဲ့ပါဘူး။ ကော်ဖီစေ့တစ်တန်ကို မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၁၂ သိန်းဝန်းကျင်ရှိကြောင်း မူဆယ် ကုန်စည်ဒိုင်မှ သိရပါတယ်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးတဲ့ဒေသများမှာ တောင်ငူ၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ရှမ်းပြည်နယ်ရှာင်ဒေသနဲ့ ချင်း ပြည်နယ်တို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီ ၁၈ တန်ကို မေလအတွင်း ဆွစ်ဇာလန်နိုင်ငံသို့ တင်ပို့ ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြောင်း



### တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၂ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၁၅၈၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၈၇၅၀ တန်၊ လွယ်ဂျယ်မှ ၂၆၆၇ တန်၊ ချင်းရွှေဟော်မှ ၁၃၈ တန်ခွဲနဲ့ ကန်ပိုက်တီမှ ၂၅ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါ စခန်းလေးခုပေါင်း မှ ပြောင်း ၃၁၆၃၉ တန်ကျော် တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၉ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပြောင်းတစ်တန် ဈေး ၂၃၉၃၈၂ ကျပ်ရှိရာမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက် သီတင်းပတ်မှာတော့ ၂၄၆၁၅၄ ကျပ်သို့ ဈေးမြင့်တက်ခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာ သယ်ယူခ ၇၀ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၉၇၉ စီးဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ် ဈေးမှာ တစ်တန်ကို ယွမ် ၁၂၈၀ ရှိကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေး စခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၂၈၀၀ တန်ဖိုးရှိ ပြောင်းတန် ၁၀၀ ကို ဧပြီ ၂၉ ရက်မှမေ ၅ ရက် သီတင်းပတ်မှာ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြောင်းပိုမိုတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၃၀ မှ မေ ၆ ရက်အထိ ရက်သတ္တပတ် အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၁ သန်းတန်ဖိုးရှိ ပြောင်း ၂၈၃၂ တန် ကျော် တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ၉၂ တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၇၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ၂၆၄၀ ပိုမိုတင်ပို့ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ တစ်နှစ်တာ အတွင်း မြန်မာ့ပြောင်းကို ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၃ ဒသမ ၀၆၃ သန်းဖိုး ဝင်ငွေရရှိခဲ့ပြီး ပြောင်းတန်ချိန် ၁၂၉၅၀၆၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ဒါကြောင့် ယမန်နှစ် ကာလတူတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၀၆၆၂၃ တန် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂ သန်း ကျော် လျော့နည်းရရှိခဲ့ပါတယ်။

ယခုတစ်ပတ် ဘုရင့်နောင်ကုန်စည်ဒိုင်က ထုတ်ပြန်ခဲ့တဲ့ မြန်မာ့ပြောင်းဈေး နှုန်းမှာ FOB ဈေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၉၀-၂၁၀ ဖြစ်ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

## ပဲရဆေး

### မူဆယ်မှ တရုတ်နိုင်ငံသို့ ပဲရဆေးပိုမိုတင်ပို့

ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၈ သန်း တန်ဖိုးရှိ ပဲရဆေးကုန်ကြမ်း အမယ် ၁၂ မျိုး ၊ တန်ချိန်အားဖြင့် ၁၂၀၂ တန် ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ပဲရဆေး ၁၁၈၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ပဲရဆေး အမယ်များမှာ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ တောချင်း၊ ချင်းခြောက်၊ နနွင်းတက်၊ နနွင်းခေါင်း၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ မိကျောင်း ကွမ်းဖတ်စေ့၊ မာလာဥ၊ မာလာဥခေါင်းနဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ကွမ်းစားဂမုန်း၊ နနွင်းခေါင်း၊ ကြောင်လျှာစေ့နဲ့ ချင်း ခြောက်တို့ ပိုမိုတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ နေလဲစေ့၊ မာလာ ဥနဲ့ ဒရင်ကောက်မြစ်တို့ တင်ပို့ခဲ့တာကြောင့် ပဲရဆေး ပိုမိုတင်ပို့ရတာဖြစ်ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# Mandalay Recruitment Fair 2017

# အလုပ်အကိုင်ပြပွဲတွင် အူရီဒူး ပါဝင်ပြသမည်

မန္တလေးမြို့တွင် မေ ၂၁ ရက်၌ကျင်းပမည့် Mandalay Recruitment Fair 2017 အလုပ်အကိုင်ပြပွဲတွင် ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် အူရီဒူးမြန်မာက ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မေလ ၂၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ ရွှေပြည်သာဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ဆန်းသစ်တီထွင် ဖန်တီးနိုင်မှုစွမ်းရည်များကို အမြဲအသုံးချနိုင်မည့်စိန်ခေါ်မှုများနှင့် ပြည့်ဝနေသည့် အလုပ်အကိုင်ဝန်းကျင်တွင် တက်ကြွပျော်ရွှင်စွာ အလုပ်လုပ်ကိုင်လိုသူတိုင်း ယခုအလုပ်အကိုင်ပြပွဲသို့ မိမိတို့၏ကိုယ်ရေးရာဇဝင်နှင့်တကွ လာရောက်လျှောက်ထားနိုင်ကြောင်း အူရီဒူးမြန်မာက သတင်းထုတ်ပြန်ခဲ့သည်။

**မယ်သီတာ**

## စာမျက်နှာ - (၁၇) . . . မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် . . . မှအဆက်

စုစုပေါင်း အခွန်ကျသင့်ငွေမှာ အနည်းဆုံး ကျပ်လေးသောင်းကျော်မှ အများဆုံး ကျပ် ရှစ်သောင်းကျော်ကြားတွင်သာရှိပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ တရားဝင်လိုင်စင်ပြုလုပ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ဆိုင်ကယ် ကနဦးလိုင်စင် လျှောက်ထားရာ၌ ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်၊ အကောက်ခွန်ဦးစီးဌာနမှ လိုင်စင်အရ သွင်းကုန်ကြေညာလွှာ(ID)၊ Note Down (အမှန်တင်သွင်း စစ်ဆေးချက်) တို့နှင့် အတူတင်ပြပြီးရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် မော်တော်ဆိုင်ကယ် ကနဦးလိုင်စင်အား ထုတ်ပေးလျက်ရှိပါသည်။

တရားဝင် ကုန်သွယ်မှုနည်းလမ်းဖြင့် တင်သွင်းလာသည့် ဆိုင်ကယ်များကို ဝယ်ယူလျှင် မိမိဒေသသို့ ရောက်ရှိပါကသက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ တရားဝင်လိုင်စင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပြီး၊ တရားမဝင် ကုန်သွယ်မှုနည်းလမ်းဖြင့် တင်သွင်းလာသည့် ဆိုင်ကယ်များကို ဝယ်ယူမိလျှင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ တရားဝင်လိုင်စင်ဆောင်ရွက်ခွင့်မရရှိဘဲ မြို့ပေါ်တွင် အသုံးပြုပါက ဥပဒေအရဖမ်းဆီးခံရမည်ဖြစ်ပြီး ဆိုင်ကယ်ဝယ်ယူမည့် ပြည်သူများအတွက် ဆုံးရှုံးနစ်နာမှုများ မရှိစေရန် အသိပေးလိုက်ရပါသည်။

သို့ဖြစ်၍ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ဆိုင်ကယ် တင်သွင်းလိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များတစ်ဦးချင်း (ITC) ကတ်ဖြင့် ဆိုင်ကယ်တင်သွင်းသူ လုပ်ငန်းရှင်တို့အတွက်သွင်းကုန်လိုင်စင် လျှောက်ထားမှုအပိုင်းတွင် နေ့ချင်းပြီးနာရီပိုင်းအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ခွင့်ပြုပေးနေကြောင်းနှင့် မော်တော်ဆိုင်ကယ် တင်သွင်းမှုနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အသေးစိတ်သိရှိလိုပါက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်ရေးဦးစီးဌာန e-mail-dobtmuse105@gmail.comသို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၈၂ - ၅၅၁၁၀၊၀၈၂-၅၅၀၀၃ ၊၀၈၂-၅၅၁၀၃ များသို့လည်းကောင်း၊ အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။ ကျသင့်အခွန်နှုန်းထားများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.commerce.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## စာမျက်နှာ - (၁၂) ➢➢➢ ပြည်ပကုန်သွယ်မှုကဏ္ဍ၏ အဓိကစိန်ခေါ်မှု . . . . . . . . . မှအဆက်

ဒါပေမဲ့ နောက်ပိုင်းမှာ ပို့ကုန်တွေ တင်ဆောင်လာတဲ့ ကုန်သေတ္တာတင်ယာဉ်တွေကို ညဘက်မှာသာ သွားလာခိုင်းပြီး သွင်းကုန်တွေ တင်ဆောင်လာတဲ့ယာဉ်တွေကိုတော့ နေ့ရောညပါ သွားလာဖို့ သတ်မှတ်ခဲ့ပါတယ်။

ပို့ကုန်တွေ တင်ဆောင်လာတဲ့ ယာဉ်တွေကို ညဘက်မှသာ သွားလာစေတဲ့အတွက် ပို့ကုန်တွေအပေါ်မှာ ကုန်ကျစရိတ်တွေ တက်လာတာ တွေ့ရပါတယ်။ ညဘက်မှသာ ကုန်တင်ရတဲ့အတွက် ပို့ကုန်အတွက် ကုန်ကျစရိတ်တွေဟာ ယခင်ကထက် ပိုမိုကုန်ကျလာခဲ့ပါတယ်။

ဒါ့အပြင် အခြားသောကုန်သွယ်မှု ကိစ္စရပ်များမှာလည်း ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် အကောက်ခွန်ရှင်းလင်းမှု မပြုလုပ်ခင် ရက်ပေါင်း ၃၀မှ ရက် ၁၈၀ အထိ ကုန်ပိုင်ရှင် Supplier က ကုန်ဝယ်ယူသူ Buyer အလွယ်တကူဝယ်ယူနိုင်ရေးအတွက် ကုန်ပစ္စည်းများကို လာရောက်ပြီး ကုန်ပစ္စည်း အပ်နှံတဲ့စနစ်ကို ကျင့်သုံးဖို့လိုပါတယ်။

အဲဒီစနစ်ကို ကျင့်သုံးမယ်ဆိုရင် ဆိပ်ကမ်းမှာ ကျပ်တည်းမှုတွေ လျော့ပါးသက်သာသွားနိုင်သလို ယာဉ်ကြော ပိတ်ဆို့မှုတွေလည်း လျော့ပါးသွားနိုင်မှာဖြစ်ပါတယ်။

Bonded Warehouse စနစ် ကောင်းမွန်လာပြီဆိုရင် ငွေကြေးဈေးကွက်လည်း တည်ငြိမ်လာမှာဖြစ်ပါ တယ်။ ဈေးကွက်ဆိုတာဟာ ရောင်းလိုအားနဲ့ဝယ်လိုအားပေါ်မှာ တည်မှီနေ တာကို အားလုံး အသိပဲဖြစ်ပါတယ်။ Bonded Warehoues စနစ်တွေ ကောင်းလာတဲ့အတွက် သွင်းကုန်ပစ္စည်းတွေဟာ Bonded Warehouse မှာပဲ ရှိနေတော့မှာဖြစ်တဲ့အတွက် ငွေကြေးဈေးကွက်ကလည်း အထိုက်အလျောက် တည်ငြိမ်လာမှာဖြစ်ပါတယ်။ Bonded Warehouse တွေ ကောင်းလာပြီဆိုရင် ငွေပေးချေမှုပုံစံတွေလည်း ပြောင်းလာမှာဖြစ်ပါတယ်။ တိုက်ရိုက်ငွေပေး ချေမှုပုံစံဆိုတာထက် Credit စနစ်ကို ပြောင်းသွားပြီး ငွေကြေးဈေးကွက်တည်ငြိမ်မှုကို အထောက်အကူပြုလာမှာဖြစ် ပါတယ်။

ဒါကြောင့် အဲဒီစနစ်ကို ရန်ကုန်မြို့ မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာကုန်တင် ကုန်ချဆိပ်ကမ်းများမှာ အကောက်ခွန် ဦးစီးဌာနနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့က ပူးပေါင်းကြီးကြပ်ပြီး ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သင့်တဲ့ စနစ်တစ်ခုပဲ ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ ပို့ကုန်ကို ဦးစားပေးတဲ့နိုင်ငံဖြစ်တဲ့အတွက် ကုန်တင်ယာဉ်တွေ သွားလာခွင့်ပြုရာမှာလည်း ပို့ကုန်ကုန်တင်ယာဉ်တွေကို ဦးစားပေးပြီး သွားလာစေဖို့ခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုလွယ်ကူချောမွေ့အဆင်ပြေမှသာလျှင် နိုင်ငံတော်ရဲ့ ပို့ကုန်ရငွေ တွေ အများအပြားဝင်ရောက်လာပြီး နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမှာဖြစ်ပါတယ်။

အခုလိုမျိုး ကုန်တင်ယာဉ်သွား လာမှုကို ကန့်သတ်ခွင့်ပြုရာမှာ သက်ဆိုင်ရာဌာနတွေနဲ့ တိုင်ပင်ဆွေးနွေးပြီးမှသာ ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ကုန်သွယ် မှုကဏ္ဍမှာ ကုန်သွယ်မှု ပိုငွေပြနေမှသာ နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကိုပြန်လည်ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

ကုန်တင်ယာဉ်သွားလာခွင့်တွေကို ကန့်သတ်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ၊ ကွန်တင်နာတင်မော်တော်ယာဉ် ပိုင်ရှင်တွေ၊ ကုန်တင်ယာဉ်ပိုင်ရှင်တွေ၊ ဆိပ်ကမ်းပိုင်ရှင်တွေ၊ အကောက်ခွန် ရှင်းလင်းရေးကိုယ်စားလှယ်တွေ စတဲ့ လုပ်ငန်းရှင်အသီးသီးနဲ့ အကျေအလည် ဆွေးနွေးပြီးမှ ကန့်သတ်သင့်ပါတယ်။

မြန်မာနိုင်ငံရဲ့နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းမှာ အဓိကအသက်သွေးကြောဖြစ်တဲ့ ရန်ကုန်မြစ်ဟာ ပင်လယ်ကူး သင်္ဘောကြီးများ ဆိုက်ကပ်သွားလာပြီး ကုန်သွယ်မှုလုပ်ငန်းတွေ လုပ်ဆောင်နေတာဟာ နှစ်ပရိစ္ဆေဒကြာမြင့်နေပြီ ဖြစ်ပါတယ်။ အဲဒီလို နှစ်ပရိစ္ဆေဒကြာမြင့်လာတဲ့အတွက် ရန်ကုန်မြစ်အတွင်းမှာ နုန်းတွေ အနည်ထိုင်လာပြီး မြစ်ကျဉ်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဆိပ်ကမ်းပေါင်း ခြောက်ခုရှိရာမှာ လက်ရှိလုပ်ငန်းလည်ပတ်နေတဲ့ ဆိပ်ခံတံတားပေါင်း ၂၃ စင်း ရှိပြီး တည်ဆောက်ဆဲက နှစ်စင်း၊ တည်ဆောက်ရန်လျာထားက ၃၂ စင်းရှိပါတယ်။ လက်ရှိလည်ပတ်နေတဲ့ ဆိပ်ခံတံတား ၂၃ စင်းအနက် MITT နဲ့ MIPL ဆိပ်ခံတံတားနှစ်စင်းသာ ရန်ကုန်မြစ်ရဲ့ပြင်ပမှာရှိနေပြီး ကျန် ၂၁ စင်းကတော့ ရန်ကုန်မြစ်ထဲမှာရှိနေတာ ဖြစ်ပါတယ်။

ပင်လယ်ဝကနေ ရန်ကုန်မြို့မှာရှိတဲ့ ဆိပ်ကမ်းတွေဆီကို သွားရာ ရန်ကုန်မြစ်ကြောင်းတစ်လျှောက်မှာ မြစ်ကျဉ်းတွေဖြစ်ပေါ်နေတာကြောင့် ၁၆၇ မီတာထက်ကြီးတဲ့ သင်္ဘောတွေ ဝင်ရောက် ဆိုက်ကပ်လို့မရပါဘူး။ ဒါကြောင့် သင်္ဘောကြီးတွေဟာ အပြင် ဆိပ်ကမ်းတွေဖြစ်တဲ့ MITT နဲ့ MIPL ဆိပ်ကမ်းတွေမှာပဲ ဝင်ရောက်ဆိုက်ကပ်ကြရပါတယ်။

အဲဒီဆိပ်ကမ်းနှစ်ခုဟာ သင်္ဘော ခြောက်စီးသာ တစ်ပြိုင်နက်တည်း ကုန်တင်ကုန်ချလုပ်နိုင်တဲ့အတွက် သင်္ဘောကြီးတွေဟာ ဆိပ်ခံတံတားရရှိဖို့ ပင်လယ်ဝမှာ ရက်အတန်ကြာအောင် စောင့်ဆိုင်းကြရပါတယ်။ အဲဒီလိုစောင့်ဆိုင်းရတဲ့အတွက် တစ်ရက်ကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကနေ ၃၀၀၀၀ အထိ သင်္ဘောပိုင်ရှင်ထံကို ဒဏ်ကြေးအဖြစ်နဲ့ ပေးသွင်းရပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့တွင်းမှာကလည်း ပို့ကုန်တင်ပို့မယ့် ကုန်သေတ္တာတင်ယာဉ်တွေကို ညဖက်မှသာ သွားလာမောင်းနှင်ခွင့်ရတဲ့အတွက် မလိုအပ်ဘဲ ကုန်ကျစရိတ်တွေ မြင့်တက်နေရတာကို တွေ့ရှိရပါတယ်။

ဒီကုန်ကျစရိတ်တွေဟာ ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်တွေကပဲ ကျခံရ တာဖြစ်တဲ့အတွက် ကုန်စည်ခတွေ မြင့် တက်လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုးဖြစ်ရပ်တွေကို ဖြေရှင်းနိုင်ဖို့အတွက် နည်းလမ်းရှာကြံကြရမှာဖြစ်ပါတယ်။

ဖြေရှင်းရမယ့်နည်းလမ်းတွေကို သက်ဆိုင်ရာဌာနများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ကုန်သေတ္တာတင်ယာဉ် ပိုင်ရှင်များ၊ အကောက်ခွန်ရှင်းလင်းရေး ဆိုင်ရာအေဂျင်စီများစတဲ့ Logistic ကဏ္ဍမှာ ဆက်နွှယ်ပတ်သက်နေသူတွေ အားလုံး ဝိုင်းဝန်းပူးပေါင်းပြီး ဖြေ ရှင်းကြရမှာဖြစ်ပါတယ်။

ကုန်သေတ္တာတင်ယာဉ်တွေ ပိုမို တိုးတက်များပြားလာဖို့အတွက် ကားတွေ တင်သွင်းမယ့်အစား Used Assemble လုပ်တာမျိုးကို ခွင့်ပြုပေးဖို့လို ပါတယ်။

ကုန်တင်သင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်ဖို့အတွက် ပင်လယ်ဆိပ်ကမ်းတစ်လျှောက် ပင်လယ်ပြင်ဧရိယာတွေမှာ General Cargo Terminal အသစ်တွေ တိုးချဲ့ဆောက်လုပ်သွားဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံခြားငွေလဲနှုန်းတည် ငြိမ်ဖို့အတွက် Bonded Warehouse တွေ ယခုထက်ပိုမိုများပြားအောင်တိုးချဲ့ တည်ဆောက်ဖို့လိုပါတယ်။

မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ဝန်ကြီးဌာနချင်းပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်ဆောင်ရွက်မှုမှာ အားနည်း လျက်ရှိတာကို အားလုံးသိရှိပြီးဖြစ်ကြမှာပါ။

ဒီအချက်ဟာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုး တိုးတက်ဖို့အတွက် အရေးပါတဲ့အချက် တစ်ချက်အနေနဲ့ပါဝင်နေတာကို သတိ ပြုရပါမယ်။

ယခုဖြစ်ပေါ်နေတဲ့ကိစ္စတွေမှာ ကုန်သေတ္တာတင်ယာဉ်ကိစ္စ၊ ဆိပ်ကမ်းတွေမှာ ကုန်သေတ္တာတွေ ကျပ်တည်းနေတဲ့ကိစ္စ၊ ဆိပ်ကမ်းမလုံလောက်မှုကိစ္စ စတဲ့အရေးကိစ္စတွေအားလုံးဟာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတစ်ခုတည်းနဲ့သာ သက်ဆိုင်တာမဟုတ်သလို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တစ်ခုတည်းနဲ့လည်း သက်ဆိုင်ခြင်းမရှိပါဘူး။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ စတဲ့ သက်ဆိုင်ရာဌာနအသီးသီးတို့ ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကုန်သွယ်မှုကိစ္စသာမက အခြားသောကိစ္စများကို စတင်ဆောင်ရွက်ရာမှာ ဝန်ကြီးဌာနများအနေနဲ့ လိုအပ်တဲ့ကိန်းဂဏန်း အချက်အလက်ပြုစုခြင်းနဲ့ သုတေသနပြုမှုတွေကို လုပ်ဆောင်ရာမှာ အသုံးစရိတ်ကို ချွေတာ သုံးစွဲကြပါတယ်။ လုပ်ငန်းတစ်ခု စတင်လုပ်ဆောင်ရာမှာ ဒါမှမဟုတ် အပြောင်းအလဲတစ်ခု ပြုလုပ်ကြရာမှာ သုတေသန ပြုလုပ်ခြင်းနဲ့ ကိန်းဂဏန်းအချက်အလက် ကောက်ယူစုဆောင်းခြင်းဟာ လုပ်ငန်းအောင်မြင်မှုရရှိဖို့အတွက် အထောက်အကူပြုနိုင်တယ်ဆိုတာ မေ့ထားလို့မရပါဘူး။

ဆိပ်ကမ်းတွေ၊ Bonded Warehouse တွေ၊ ကုန်သေတ္တာတင်ယာဉ် အရေအတွက် ပိုမိုများပြားအောင် ဆောင်ရွက်ရာမှာ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေကို လုပ်ကိုင်ခွင့်ပြုသင့် ပါတယ်။

မြန်မာနိုင်ငံရဲ့ရာသီဥတုအခြေအနေ အရ ယခုလက်ရှိကာလဟာ ကောက်ပဲသီးနှံနဲ့ လယ်ယာထွက်ကုန်များကို နိုင်ငံရပ်ခြားတိုင်းပြည်များသို့ တင်ပို့နေရတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီလိုအချိန်မျိုးမှာ နှောင့်နှေးကြန့်ကြာမှုတွေ ရှိနေမယ်ဆိုရင် ပို့ကုန်တင်ပို့ရာမှာ အခက်အခဲတွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

ဒါကြောင့် သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရတဲ့အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးဖို့အတွက် သက်ဆိုင်ရာဌာနများအနေနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Source : ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေးကော်မတီ အစည်းအဝေးသို့ တင်ပြခဲ့တဲ့စာရင်းများ။**

# ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်လုပ်ငန်းရှင်များတွေ့ဆုံ



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်လုပ်ငန်းရှင်များ၏ တွေ့ဆုံပွဲကို မေ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရပါတယ်။

အဆိုပါတွေ့ဆုံပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်ရှိသော ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ စွန့်ဦးတီထွင် လုပ်ငန်းရှင် လူငယ်များကို ပြည်နယ်စီးပွားရေး တိုးမြှင့်ရန်၊ ပြည်သူလူထု အလုပ်အကိုင် အခွင့်အရေးများရရှိရန်၊ ဆင်းရဲမှုလျှော့ချရန်၊ ဒေသ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရှမ်းပြည်နယ်အစိုးရနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ပါတယ်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအနေနဲ့ ပြည်သူ့ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ ချိတ်ဆက်ပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာအောင် Opportunities Investment in Shan State ဆိုပြီး ဖိတ်ခေါ်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီဆိုပါက ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၊ SMEs လုပ်ငန်းရှင်များအနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ပြင်ဆင်ထားဖို့လိုမည်ဖြစ်ကြောင်း၊ ၁၉၉၂ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှာ ယခုအခါ အသင်းဝင် အင်အား ၄၀၀ကျော်နှင့် ညီနောင်အသင်း ၁၅ သင်းကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေကို ကိုယ်စားပြုတဲ့အသင်းအဖွဲ့တွေက ကြိုးစားလုပ်ဆောင်ရမှာဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ယခုလိုမျိုးစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အားကောင်းလာအောင် အသင်းအဖွဲ့များနဲ့ ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြောကြားပါတယ်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် တက်ရောက်လာသည့် ညီနောင်အသင်းအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံ၊ ညောင်ရွှေမြို့နှင့် ဖယ်ခုံမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၂၈ ဦး တက်ရောက်ခဲ့ကြတယ်လို့ သတင်း ရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

**စာ-၃ ● ● ● စားသုံးသူရေးရာဦးစီးဌာန၏ ● ● ● မှအဆက်**

စပ်လျဉ်း၍ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တစ်ဖက်တွင်လည်း စားသုံးသူလိုအပ်လျက်ရှိသော ထုတ်ကုန်များကို စားသုံးသူထံ အလွယ်တကူရောက်ရှိစေရန် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ထုတ်ကုန်များအရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်စေရေးဆောင်ရွက်ပေးရန် လည်း လိုအပ်သည့်အပြင် သယ်ယူပို့ဆောင်မှုစရိတ်လျှော့ချနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏ပို့ကုန်ကဏ္ဍကို အထောက်အကူပြုစေသည့်အတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခြေခံစားကုန်များ၏ ဒေသအလိုက် နေ့စဉ်ဖြစ်ပေါ် နေသည့် ဈေးနှုန်းများကို လေ့လာစိစစ်သွားရန် လိုအပ်သလို လယ်ယာထွက် ပို့ကုန်သီးနှံများ၏ စိုက်ပျိုးထွက်ရှိမှု၊ သုံးစွဲမှု၊ ပိုလျှံမှုနှင့် ပြည်ပတင်ပို့နိုင်မည့် အလားအလာများကို လေ့လာသုံးသပ်နေကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းထားပြီး သည်များကို အားကောင်းခိုင်မာအောင် ပေါင်းစပ်ပေးခြင်းများ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့က လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများမှ မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၇း၃၀ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC(IR)**

# ကားဈေးတန်းမာနေသော်လည်း အရောင်းအဝယ်အေးနေ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း မေလဒုတိယပတ် အခြေအနေမှာ ကားဈေးတန်းများမာနေသော်လည်း အရောင်းအဝယ်ထင်သလောက်မဖြစ်ဘဲ ဈေးကွက်အေးစက်နေကြောင်း သိရသည်။

ရန်ကုန်မြို့ကားဈေးကွက် သာမကမန္တလေးဈေးကွက်နှင့် ဝယ်လိုအားရှိသည့် အခြားနယ်ဈေးကွက်များမှာပါ ကားဈေးတန်းများ မာနေသော်လည်း အဝယ်များအေးနေကြောင်း ယခင်ရှိပြီး၊ သုံးပြီး အကွာရာနိမ့်ကားဟောင်းများသာ အရောင်းအဝယ် အနည်းငယ်ရှိကြောင်း၊ ရန်ကုန်ကားဈေးကွက်မှာမူ ရန်ကုန်လိုင်စင် ကားဟောင်းများသာ အဝယ်ရှိပြီး၊ နယ်လိုင်စင်ထွက်ကားသစ်များမှာ လက်ရှိအမြင့်ဈေးတန်းများနှင့်ပင်ရှိနေပြီး ဝယ်ယူသူများမှာလည်း လတ်တလော နယ်လိုင်စင်နှင့်ပတ်သက်၍ ကြားရသော သတင်းများကြောင့် နယ်လိုင်စင်မဝယ်ယူကြဘဲ အကွာရာတန်း မည်မျှကွာသည်ဖြစ်စေ ရန်ကုန်လိုင်စင်ကားများသာ ဝယ်ယူလေ့ရှိကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်မှ ပြောသည်။

ရန်ကုန်ကားဈေးကွက်တွင် ဧပြီ ၁ ရက်မှစတင်၍ အခွန်နှုန်းထားအသစ်နှင့် စလစ်ကပ်ကားများအား အခွန်ပေးသွင်းစေသည့်အတွက် သင်္ကြန်ပွဲတော်အပြီးနောက်ပိုင်းကာလများတွင် စလစ်ကပ်ကားအသစ် တင်သွင်းမှုနည်းပါးသွားပြီး၊ ဧပြီမတိုင်မီ တင်သွင်းခွင့်ရယူထားသော စလစ်ကပ်ကားများသာ အရောင်းအဝယ်ရှိကြောင်း၊ ယင်းဈေးကွက်မှာ စလစ်ကပ်ကား တစ်ပိုင်တစ်နိုင်တင်သွင်းထားသူများ၊ အရောင်းပြခန်းအချို့မှ စလစ်ကပ်ကားအချို့စသည်တို့သာဖြစ်ပြီး ယခုရောင်းချခဲ့သည့်ဈေးတန်းများမှာ ယခင်ဈေးတန်းများနှင့်နှိုင်းယှဉ်လျှင် များပြားသော်လည်း နောင်ဖြစ်လာမည့် စလစ်ကပ် ကားဈေးတန်း ခန့်မှန်းချေအား မရောက်သေးသည့်အတွက် အသင့်အတင့် ရောင်းအားရှိ ဈေးကွက်ဖြစ်ခဲ့ကြောင်း၊ သို့ရာတွင် မေလလယ်ခန့်ကာလတွင် စလစ်ကပ်ကားများ နယ်အဝယ်မှ အစပြန်လည်လျှော့ကျလာပြီး ဖရီးပါမစ် ကားဟောင်းများ အထူးသဖြင့် ဟွန်ဒါဖစ်၊ ဗင်၊ ဘယ်လ်တာဆလွန်းစသည့် ရောင်းတန်းဝင် ရန်ကုန်လိုင်စင်အကွာရာနိမ့်ကားလေးများသာ အရောင်းအဝယ်ရှိတော့ကြောင်း၊ သို့ရာတွင် ကျောင်းဖွင့်ရာသီမရောက်မီ ယခုကဲ့သို့ကြားကာလတွင် ယခင်နှစ် ကျောင်းမဖွင့်မီအချိန်ကလောက် ရောင်းအား မရှိတော့ကြောင်း ၎င်းက ပြောသည်။

လတ်တလော ရန်ကုန်ကားဈေးကွက်အတွင်း အကြားသတင်းများဖြင့် အလုပ်လုပ်နေကြပြီး ယာဉ်ဟောင်းအပ်နှံစလစ်များ၏ ဈေးတန်းကျဆင်းလာမှုနှင့် လက်ကျန်အပ်ကုန်စနစ်ကားများ စလစ်ဈေးတန်းအစားထိုးရာခိုင်နှုန်းတစ်ခုဖြင့် လက်ခံနိုင်မည်ဆိုသည့် တွက်ဆမှုများကြောင့် စလစ်ကပ်ကားများ ဈေးကွက်တွင် အဝယ်နည်းလာပြီး မဝယ်မဖြစ် အသုံးလိုသူများကိုသာ ရောင်းတန်းရှိလူကြိုက်များကားများဖြစ်သော သိန်း ၄၀၀ ဝန်းကျင် အာလ်ဖတ်၊ ကလူဂျာ၊ အာဗီအာစသည့် ကားများ အနည်းငယ် ရောင်းချရကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ကလူဂျာ (၂၀၀၅) | ယာယီ | ၄၀၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | စူဇူကီး/ဆွစ် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဝှရှ် (၂၀၀၉) | ယာယီ | ၂၈၀ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | အာဗီအာ (၂၀၁၀) | ယာယီ | ၃၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | အက်ဇီယို (၂၀၁၃) | ယာယီ | ၂၃၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၃၀ သိန်း | 3.0 ဓါတ်ဆီ |
| ၉။ | မက်ခ်တူး (၂၀၀၃) | 3J | ၂၄၀ သိန်း | 2.0 ဓါတ်ဆီ |

# ကသာခရိုင်တွင် လိုင်ချီးသီး( ခေါ် ) တရုတ်ဆီးသီးများ ရောင်းအားကောင်း

ကသာခရိုင်အတွင်းရှိ ကသာ၊ ထီးချိုင့်၊ အင်းတော် မြို့နယ်များမှာ လိုင်ချီးသီးခေါ် တရုတ်ဆီးသီးများ အများအပြား စိုက်ပျိုးကြတဲ့အနက် ကသာမြို့နယ်မှာ အများဆုံးစိုက်ပျိုးတာ တွေ့ရပါတယ်။ ဖေဖော်ဝါရီမှာ ဖူးပွင့်ပြီး မေမှာမှည့်ပါတယ်။ စားသုံးမှုများလို့ ရောင်းအားကောင်းပါတယ်။ မန္တလေး၊ မုံရွာ၊ ရန်ကုန်၊ ရွှေဘိုမြို့ကြီးများသို့ တင်ပို့ရောင်းချနေတာတွေ့ရပါတယ်။

ကုန်သည်များက အပင်အောက်ဈေးနဲ့ ဝယ်ယူပါတယ်။ အလုံးတစ်ရာပါတစ်တွဲ တစ်ထောင်ကျပ်နဲ့ ရောင်းရပါတယ်။ အပင်ကြီးတစ်ပင်မှ ပုံမှန်အတွဲတစ်ရာကျော်ရပါတယ်။အခြားမြို့ကြီးဈေးကွက်မှာ တစ်တွဲကျပ် ၂၅၀၀၊ ၃၀၀၀ အထိ ရောင်းရတယ်လို့ သိရပါတယ်။ လိုင်ချီးသီး(ခေါ်) တရုတ်ဆီးသီးကို ဖျော်ရည်အဖြစ်လည်းကောင်း၊ စည်သွပ်ဗူးများဖြင့်လည်းကောင်း ပြုလုပ်ရောင်းချလို့ရောင်းအားကောင်းကြောင်း ဈေးကွက်မှသိရပါတယ်။ အခြားမြို့ ဈေးကွက်ကိုတင်ပို့ရင် အတွဲတစ်ရာပါ ခြင်းကြီးများနဲ့ ထုပ်ပိုးတင်ပို့ရပါတယ်။ ကသာတစ်မြို့နယ်တည်းမှပင် နေ့စဉ်မှန်လုံကားများနဲ့ ခြင်းကြီးနှစ်ဆယ်ကျော်တင်ပို့ရောင်းချမှုရှိနေတယ်လို့ ကုန်သည်များထံက သိရပါတယ်။

**ကြည်နိုင်ဦး ( အင်းတကော် )**

# ဒေးဒရဲမြို့နယ် ထောင်မှူးချောင်းကျေးရွာတွင် စပါးတန် ၂၅၀ ကျ အဆင့်မြင့် ပေါင်းဆန်စက်ရုံဖွင့်လှစ်



ဖျာပုံခရိုင်ဒေးဒရဲမြို့နယ် ထောင်မှူးချောင်းကျေးရွာတွင် Agrastar Myanmar Co, Ltd ၏ အဆင့်မြင့် ပေါင်းဆန်စက်ရုံအား မေ ၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပေါင်းဆန်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ သံအမတ်များ၊ မြန်မာနိုင်ငံဆန်စက်/ ဆန်စပါးကုန်သည်အသင်း ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်ရှိ ဆန်စက်အသင်း ဥက္ကဋ္ဌနှင့် ဆန်စက်လုပ်ငန်းရှင်များ Agrastar Myanmar Co,Ltd မှတာဝန်ရှိသူများ တက်ရောက်ကြပါသည်။

Agrastar Myanmar Co.,Ltd. အနေဖြင့် တစ်နေ့လျှင် စပါးတန် ၂၅၀ ကျ အဆင့်မြင့်ပေါင်းဆန်စက်ရုံတည်ဆောက်ရန် စီမံကိန်းချမှတ်၍ လုပ်ဆောင်ခဲ့ရာ မြန်မာနိုင်ငံမှ Chin Crop Group ၊ စင်ကာပူနိုင်ငံအခြေစိုက် Agro Crop Interntaional Pte Ltd. နှင့် ကနေဒါနိုင်ငံအခြေစိုက် Riverwest Capital တို့ပူးပေါင်း၍ အဆိုပါ ပေါင်းဆန်စက်ရုံကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းပေါင်းဆန်စက်ရုံမှ ထွက်ရှိလာသည့် ပေါင်းဆန်များကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချမည်မဟုတ်ဘဲ နိုင်ငံတကာဈေးကွက်သို့သာ ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း သိရသည်။

Agrastar Myanmar Co.,Ltd. အနေဖြင့် ယခုတည်ဆောက်ခဲ့သည့် ပေါင်းဆန်စက်ရုံအား အမေရိကန်ဒေါ်လာ ၁၅သန်း အကုန်အကျခံ၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ဆက်လက်၍လည်း အဆင့်မြင့် ပေါင်းဆန်စက်ရုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယခုအခါ စီမံကိန်းပထမအဆင့်ပြီးစီးသည့်အနေဖြင့် တစ်နေ့လျှင် တန် ၂၅၀ ကျ စက်ယူနစ်များ တပ်ဆင်လည်ပတ် ကြိတ်ခွဲရာ အောင်မြင်သဖြင့် ဖွင့်ပွဲအခမ်းအနားကျင်းပရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စက်ကြိတ်စွမ်းအားအနေဖြင့် တစ်နေ့လျှင် စပါးတန် ၂၅၀၊တစ်လလျှင် စပါးတန် ၇၅၀၀ နီးပါး ကြိတ်ခွဲနိုင်ပြီး ဆန်တန်အနေဖြင့် တစ်နေ့လျှင် ဆန်တန် ၁၅၀၊ တစ်လလျှင် ဆန်တန်၄၅၀၀ နီးပါး ကြိတ်ခွဲလည်ပတ်နိုင်ကြောင်း သတင်းရရှိသည်။ **မင်းဇော်မွန် (ဖျာပုံ)**



# ဖျာပုံမြို့တွင် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ အကြိုတွေ့ဆုံပွဲကျင်းပ

MAPCO နှင့်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့မှ ကြီးမှူးကျင်းပသည့် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ အကြိုတွေ့ဆုံပွဲ အခမ်းအနားကို မေ ၈ ရက်က ဖျာပုံမြို့၊ သီရိအဏ္ဏဝါ မြို့တော်ခန်းမတွင်ကျင်းပခဲ့ရာ အခမ်းအနားသို့ ခရိုင်/မြို့နယ်မှ သက်ဆိုင်ရာဌာန အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လယ်ယာစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် အခြားအမယ်သစ် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စုစုပေါင်း ၄၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကော်မတီဝင် ဦးသောင်းဝင်းက တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ တွေ့ဆုံပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် ကန်ထရိုက်(အကျိုးတူ) လယ်ယာစနစ် (Contract Farming System)၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဖျာပုံခရိုင်ရှိမြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းအသင်းအစုအဖွဲ့များရှိ တောင်သူများက ၎င်းတို့တွေ့ကြုံနေရသော လုပ်ငန်းအခက်အခဲများ၊ လိုအပ်ချက်များနှင့် ပြောင်းလဲပြုပြင်သင့်သည်များကို ဆွေးနွေးတင်ပြကြပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်နှင့် သက်ဆိုင်ရာခရိုင်အဆင့်ဌာနဆိုင်ရာများက မြို့နယ်အသင်းအစုအဖွဲ့ အလိုက်ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်း အကြံပြုဖြည့်စွက် ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အကြိုဆွေးနွေးပွဲမှ တိုင်းအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးမည့် ခရိုင်အဆင့် ကိုယ်စားလှယ်လေးဦးအား ကဏ္ဍအလိုက်ရွေးချယ်၍ ခေါင်းစဉ်များ လျာထားသတ်မှတ်ပြီး ကျိုက်လတ်မြို့တွင် မေလ ၁၅ ရက်၌ ကျင်းပမည့် ဧရာဝတီတိုင်းဒေသကြီး တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖျာပုံခရိုင်မှ တောင်သူကိုယ်စားလှယ် ၁၀၀ ဦးအား ရွေးချယ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၅-၅-၂၀၁၇ မှ ၁၉-၅-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ငွေကြေး၊ စီးပွားရေးကိစ္စများ သတိဖြင့်ဆောင်ရွက်ပါ။ ဆုံးရှုံးနစ်နာမှုများရှိတတ်၍ သတိဖြင့်ဆောင်ရွက်မှ သင့်တော်မည်။ တစ်ဇွတ်ထိုးဆန်ဆန်ပြုလုပ်မိပါက အမှားနှင့်သာ ရင်ဆိုင်ရတတ်သည်။ အပြိုင်အဆိုင်အနှောင့်အယှက်နှင့်တွေ့ရပါက စိတ်ခိုင်ခိုင်ဖွဲ့ရှိရှိဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုတွေရရှိလာပါလိမ့်မည်။ ဆရာသမား အကြီးအကဲများ၏ စကားကိုလိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးကောင်းများ ရရှိမည်။ အလုပ်ရာထူး အဆင့်တိုးမြင့်လာတတ်သည်။ အခွင့်အရေးကောင်းများ ရရှိလာ ပါလိမ့်မည်။

**ယတြာ။ ။ခရီးသွားသူအား ခရီးစရိတ်လှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** အငြင်းပွားစရာကိစ္စများကြုံရတတ်သည်။ မိမိလုပ်ငန်းကို သူတစ်ပါး ဝင်ရောက်လုပ်ကိုင်ခြင်းမျိုးရှိတတ်သဖြင့် သတိပြုပါ။ မိမိမလုပ်ချင်သောကိစ္စတစ်ခုကို လုပ်ကိုင်ရတတ်သည်။ ယှဉ်ပြိုင်ရမှုကြုံသော်လည်း မိမိကအနိုင်ရတတ်ပါသည်။ ငွေကြေးကံကောင်းနေတတ်သည်။ လျှို့ဝှက်ကြံစည်ဆောင်ရွက်သောကိစ္စများ၊ အကျိုးအမြတ်ရရှိတတ်ပါသည်။ အိမ်ထောင်ဖက်ကျန်းမာရေး အနည်းငယ်ညံ့တတ်သည်။ စိတ်ကူးမရှိဘဲခရီးသွားရခြင်းမျိုးရှိမည်။ အကူအညီများလည်း ရရှိတတ်ပါသည်။

**ယတြာ။ ။ကုံကော်ပန်းကို ဘုရားတွင်ကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးကံကောင်းမည်။ မမျှော်လင့်ဘဲရရှိသည့်သဘောဖြစ်မည်။ အိမ်ထောင်ရေး သာယာမှုရှိမည်။ လူလွတ်ဖြစ်က အိမ်ထောင်ကျတတ်သည်။ ဆရာသမားကြီးသူများနှင့် စိတ်ဝမ်းကွဲမှုဖြစ်တတ်သည်။ မိမိ၏ အခွင့်အရေးများ၊ သူတစ်ပါးလက်ထဲသို့ ရောက်ရခြင်းမျိုးလည်း ကြုံတတ်ပါသည်။ ထီကံကောင်းတတ်သည်။ အလုပ် အကိုင်အဆင်မပြေသောအခါ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေ အောင်မြင်သွားတတ်ပါသည်။ လုပ်ငန်းအဆက်အသွယ်ရရှိတတ်ပါသည်။

**ယတြာ။ ။သာကူမုန့်ဖက်ထုပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စိတ်ဆန္ဒများလောကြီးနေတတ်သည်။ ငွေကြေးကိစ္စများ ဆင်ဆင်ခြင်ခြင်ဆောင်ရွက်နိုင်မှ သင့်တော်ရုံရှိမည်။ သတိ၊ပညာနှင့်ဆောင်ရွက်မည်ဆိုလျှင် အိမ်၊ခြံ၊ မြေအဆောက်အဦကိစ္စများအောင်မြင်မှုရရှိမည်။ မိတ်ဆွေသစ်များထပ်မံရရှိလာတတ်ပါသည်။ ငွေကြေးကိစ္စအတွက် စကားပြော အဆင်မပြေဖြစ်တတ်သည်။ အခက်အခဲကိုကျော်ဖြတ်ရင်းဖြင့် အခွင့်အရေးကို ရရှိစေတတ်ပါသည်။ စည်းစိမ်သစ်များရရှိတတ်သည်။ အပျော်လွန်မှုများကို ရှောင်ရှားမှ ဘဝအတွက်ကောင်းမွန်မည်ဖြစ်သည်။

**ယတြာ။ ။ကောက်ညှင်းဆန်ဖြင့်လုပ်သော မုန့်တစ်မျိုးမျိုးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** မိတ်ဆွေအပေါင်းအသင်းများကြောင့် မိမိ၏ စီးပွားရေး၊ အိမ်ထောင်ရေးနှင့်အချစ်ရေးကိစ္စများ အကျိုးတစ်စုံတစ်ရာရှိနေတတ်သည်။ အခြားကိစ္စရပ်များ၌ မိမိအားကူညီထောက်ပံ့မှုများရရှိနေတတ်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်၍လည်း၊ ဆက်စပ်မှု ရှိနေတတ်ပါသည်။ ဘာသာရေးကိစ္စများကြောင့် မိတ်ဆွေ၊ အပေါင်းအသင်း၊ ခင်မင်သူ ရရှိလာတတ်သည်။ ယုံကြည်မှုပို၍ ခိုင်မာလာခြင်းများလည်းရှိတတ်ပါသည်။ ပညာသင်ဘက်များမှလည်းငွေကြေးအကူအညီများရရှိလာတတ်ပါသည်။

**ယတြာ။ ။မဟာမြတ်မုနိမြတ်စွာဘုရားအားရည်စူး၍လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းကိစ္စဖြင့်ခရီးသွားရတတ်သည်။ စီးပွားရေးလုပ်ငန်းများရေရှည်မျှော်တွေးပြီး ဖွဲ့ကြိုးစွာဖြင့် လုပ်ကိုင်နေရတတ်သည်။ အိမ်ထောင်ဖက်၏ အကျိုးကြောင့် ပစ္စည်းကောင်းများရရှိခြင်း၊ ငွေကြေး၊ အမွေပစ္စည်းများရရှိခြင်း၊ အိမ်၊ မြေများလည်း ရရှိမည်။ အိမ်သစ်ဆောက်ရတတ်သည်။ ယင်းကာလတွင် သတ္တုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်ပြီး အကျိုးအထူးပေးနေတတ်သည်။ ကျန်းမာရေး၊ လူမှုရေးတို့တွင်သင့်တင့်သောကံကောင်းမှုရှိနေမည်။

**ယတြာ။ ။သစ်သီးဆွမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအတွက် ကူညီမည့်သူ၊ ဆွေမျိုးအသိုင်းအဝိုင်းအတွင်းမှ ရောက်လာတတ်သည်။ အားထားရသူများ ဖြစ်နေတတ်သည်။ လိုအပ်သော ငွေပစ္စည်းများကို စုဆောင်းနိုင်၊ ထိန်းသိမ်းနိုင်သော အခြေအနေတွင်ရှိနေတတ်သည်။ စာပေရေးသားခြင်း၊ ပစ္စည်းရှာဖွေစုဆောင်းမှုများကို သတိဝီရိယနှင့် ရှာဖွေလုပ်ကိုင်နေရတတ်သည်။ နိုင်ငံတကာအတွေ့အကြုံရှိသူတို့နှင့် ဆက်ဆံရမှုရှိလာလိမ့်မည်။

**ယတြာ။ ။ထောပတ်လှူပါ။**

# သစ်သီးဝလံဈေးကွက်သို့ ပြည်ဒေသထွက် မြကျောက်သရက် ဝင်ရောက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း သစ်သီးဝလံဈေးကွက်သို့ မေလဆန်းမှစ၍ သရက်သီးမှည့်များ စတင်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပြည်ခရိုင်၊ ပြည်မြို့နယ်တွင် မြကျောက်၊ ရင်ကွဲ၊ မချစ်စု၊ ဘုတ်ဆုံသီး စသည်ဖြင့် အမျိုးအစားများစွာရှိသော်လည်း မြကျောက်သရက်သီးအထွက်ပိုများလို့ပြည်ဒေသရဲ့ ဒေသထွက်လက်ဆောင်တစ်ခုအဖြစ်ပါဝင်နေခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်နှင့် ပြည်တစ်ဖက်ကမ်း၊ ရွှေဘုံသာမုနိဘုရားအနီး ကျေးရွာများမှလည်း မြကျောက်သရက်သီးများ ထွက်ရှိတာကြောင့် ရွှေဘုံသာမုနိဘုရားကြီး၏ ဈေးတန်းတစ်လျှောက်မှာ ယခုလိုအချိန် ကာလများတွင် သရက်သီးအရောင်းဆိုင်များ ပြည့်နှက်လျက်ရှိကြကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်သူများက ပြည်ဒေသထွက် လက်ဆောင်တစ်ခုအဖြစ် ဝယ်ယူကြပါတယ်။ သရက်သီးမှည့်များမှာ ပေါ်စ အချိန်ဖြစ်လို့ သရက်သီးအလုံးချောပါက တစ်လုံး ကျပ် ၇၀၀၊ အလတ်ဆိုလျှင် တစ်လုံးကျပ် ၅၀၀၊ အသေးဆိုလျှင် ကျပ် ၃၀၀ မှ ကျပ် ၄၀၀ အတွင်းရှိပြီး အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ၁၅ လုံးပါခြင်းတစ်ခြင်းလျှင် ကျပ် ၆၀၀၀ နှင့် ကျပ် ၅၀၀၀ အကြား ရောင်းချနေတာကိုလည်း တွေ့ရပါတယ်။ သရက်သီးမှည့်ရာသီချိန်ဖြစ်လို့ သစ်သီးဝလံဈေးကွက်မှာ မေလအတွင်း မြကျောက်သရက်ဈေးကွက်တွင်ကျယ်လျက်ရှိနေခဲ့ပါတယ်။ **ခင်ဆွေဝင်း**

# မူဆယ်နှင့် စစ်တွေမှ နန္နင်းတက်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၇၇၈၂ တန်ဖိုးရှိ နန္နင်းတက်(ရှမ်းစ) ၆၂၀ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၆၂၄ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ သုံးတန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၂၀၀ တန်ဖိုးရှိ နန္နင်းတက် နှစ်တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မူဆယ်မှ တင်ပို့ခဲ့တဲ့နန္နင်းက ရှမ်းစနန္နင်းတွေဖြစ်ပြီး စစ်တွေကပို့တဲ့ နန္နင်းက တောင်ကုတ်မှလာတဲ့ နန္နင်းလို့ သိရပါတယ်။ ရှမ်းနန္နင်းက အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးအနည်းငယ်တက်လာတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင် မှ သိရပါတယ်။ **မော်မော်အောင်**

# ပြည်ဈေးကွက်သို့ ကြက်သွန်ဖြူအသစ်များ ဝင်ရောက်မှုကြောင့် ဈေးအနည်းငယ်ကျ

ပြည်(ပွဲရုံ) ဈေးကွက်အတွင်းသို့ ကြက်သွန်ဖြူအသစ်တွေ ဝင်ရောက်လာတာတွေ့ရပါတယ်။ အစိုဓာတ်ရှိနေပေမယ့် ဈေးကွက်ဝင် အရွယ်အစားရှိပြီး၊ ဈေးနှုန်းကျဆင်းတာကြောင့်လည်း အရောင်းအဝယ်ကျ မသွားဘဲ ပုံမှန်ရောင်းဝယ်နေတာတွေ့ရပါတယ်။ ကြူကုတ်စရော၊ ရှမ်းစပါ အသစ်တွေချည်း ဝင်ရောက်လာတာ တွေ့ရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးတွေကတော့ ပြည်(ပွဲရုံဈေး) လက်ကားတစ်ပိဿာလျှင် ရှမ်းစ ကျပ် ၃၃၀၀ မှ ကျပ် ၃၅၀၀ ထိရှိပြီး၊ ကြူကုတ်စ တစ်ပိဿာ ကျပ် ၅၇၀၀ တို့ဖြစ်ပါတယ်။ လက်လီဈေးများတွင်တော့ ရှမ်းစ ကျပ် ၄၅၀၀ နှင့် ကြူကုတ်စ ကျပ် ၆၈၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ အဝင်အနေဖြင့် ပြည်ဈေးကွက်အတွင်း မှာ ကြက်သွန်ဖြူအဟောင်းလက်ကျန်ကိုသာ ရောင်းချနေကြရတဲ့အတွက် ပွဲစားများလက်ဝယ်ကျန်ရှိနေတဲ့ ကြက်သွန်ဖြူ အသစ်အဝင်မရှိခင် စပ်ကြား ကြိုက်ဈေးခေါ်ပြီး ဈေးဖြစ်ခဲ့တာကြောင့် ဈေးနှုန်းအမြင့်ဆုံးရောက်ခဲ့ပြီး၊ ယခုတစ်ပတ်မှာ ရှမ်းပြည်ရော တရုတ်ဘက်ကပါ ကြက်သွန်ဖြူအသစ်ထွက်လာတာကြောင့် ဈေးကွက်မှာ ကြက်သွန်ဖြူအဝင်များသလို အဆွဲလည်းများကြောင်း သိရပါတယ်။ ကြက်သွန်ဖြူရှမ်းစဆိုလျှင် အရည်အသွေးပါကောင်းပြီး တစ်ပိဿာ ကျပ် ၃၀၀၀ ဝန်းကျင်ပေါက်ဈေးကြောင့် အရောင်းအဝယ်ပိုဖြစ်တာတွေ့ရပါတယ်။ **နီနီဝင်း**

## စာ-၁၅ . . . . မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့. . . . မှအဆက်

စာ-၁၅ . . . . မှအဆက်

ထို့အပြင် ရှေ့တန်းတိုက်စစ်မျိုးများဖြစ်သည့် စီးပွားရေးသံမှူးများအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် တိုင်းပြည်၏ ထွက်ကုန်များ နိုင်ငံတကာဈေးကွက်ရရှိရန် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ရပါမည်။ ဝန်ထမ်းများသည် ပြည်သူအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်နှင့် ရလဒ်ကောင်းများရရှိအောင် မခိုမကပ်ဘဲ အားသွန်ခွန်စိုက် လုပ်ဆောင်ရန် ဝန်ကြီးဌာနနှင့် တိုင်းပြည်တိုးတက်အောင် အလုပ်အကျွေးပြုရမည်ဖြစ်ပါသည်။

အိမ်နီးချင်းနှင့် အာရှနိုင်ငံများသည် ၁၉၅၀ ခုနှစ် ဝန်းကျင်မှစ၍ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းကို ထူထောင်၍ လုပ်ငန်းရှင်များအား ဌာနမှ ဝန်ဆောင်မှုပေးခဲ့ရာ အတော်ပင်ခရီးရောက်နေပြီး ကမ္ဘာ့ကုန်စည်ပြပွဲများကိုလည်း စနစ်တကျ လက်ခံကျင်းပနိုင်ကြောင်း တွေ့ရှိရပါသည်။

သို့သော်လည်း အကြံတူလျှင် နောက်လူသာစမြဲမို့ အခြားနိုင်ငံများ၏ အခက်အခဲ၊ အတွေ့အကြုံ၊ စိန်ခေါ်မှုစသည့် ကိစ္စရပ်များကို လေ့လာပြီး ဖြေရှင်းဆောင်ရွက်နိုင်လျှင် အနာဂတ်၌ စီးပွားရေးလုပ်ငန်းရှင်များ၏ အားကိုးယုံကြည်မှုရရှိယုံသာမက Myantrade ၏ အောင်မြင်မှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာမည်ဖြစ်ပါသည်။

## စာ-၇ . . . . တရုတ်သို့ ဆန်တိုးချဲ့တင်ပို့လျက်ရှိသော . . . . မှအဆက်

စာ-၇ . . . . မှအဆက်

လာအိုနိုင်ငံတွင် နှစ်စဉ်မိုးစပါး ၇၇၈၀၀၀ ဟက်တာကျော်နှင့် နွေစပါး ၁၂၆၆၀၀ ဟက်တာကျော် စိုက်ပျိုးလျက်ရှိသည်။ သို့သော်လည်း ကုန်းမြေ သို့မဟုတ် ယာမြေတွင် စိုက်ပျိုးသော စပါး ၂၂၆၀၀၀ ဟက်တာခန့်သည် မိုးရွာသွန်းမှုပေါ်မူတည်နေပါသည်။ အဆိုပါ မြေဧရိယာများတွင် ရေသွင်းစိုက်ပျိုးနိုင်သော ဆည်မြောင်းများ မသွယ်တန်း၊ မတည်ဆောက်ရသေးသောကြောင့်ဖြစ်ပါသည်။ စပါးစိုက်ပျိုးရာတွင် တောင်သူလယ်သမားများအတွက် အဓိကစိန်ခေါ်မှု များမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စပါးထုတ်လုပ်မှုနှင့်သယ်ယူပို့ဆောင်မှု စရိတ်ကြီးမြင့်နေခြင်းဖြစ်ပါသည်။

လာအိုနိုင်ငံ၊ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနသည်တရုတ်အစိုးရနှင့် ပူးပေါင်း၍ စပါးစိုက်ပျိုးရန် စီစဉ်လျက်ရှိပါသည်။ တရုတ်နိုင်ငံသို့ အရည်အသွေးပြည့်ဝသော ဆန်များပိုမိုတင်ပို့နိုင်ရေးအတွက် အဓိက ပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်ပယ် လေးမျိုးမှာ ရေ (Water)၊ မျိုးစေ့ (Seeds)၊ ဓါတ်မြေဩဇာ (Fertilizer) နှင့် သီးနှံစိုက်ပျိုးသည့် ရာသီ (Season) တို့ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လာအို၏ ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၄ ဒသမ ၁၂ သန်းရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆန် ထုတ်လုပ်မှုတန်ချိန် ၄ ဒသမ ၃၅ သန်းသို့ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လာအိုနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် ဆန်တန်ချိန် ၅ သန်းခန့်ထုတ်လုပ်မည်ဖြစ်ပါသည်။ Source: vientianetimes.com


SINMA FURNISHINGS CO., LTD.
SINMA FURNISHINGS
No. 103/A, Dhamazedi Road, Kamayut Township, Yangon, Myanmar.
Tel : +95-1-539413, +95-9-4500 35694
3rd Floor, Thiri Mingalar Market (Old Building) KyeeMyinTaing Township, Yangon.
Tel: +95-1-2300974, 2301004, 2301008, Fax: +95-1-2315581 Email: info@sinmafurniture.com
No. 51, 62nd Street, Between Ma Naw Ha Yi Street & Sein Pan Street,
Chan Mya Tha Si Township, Mandalay.
Tel: +95-2-81698, +95-9-91036216, +95-9-444020510, +95-9-457183540
No. 2, Thiri Yadana Road, Corner of Zayar Htarni Road,
Commercial Complex, Ottayathiri Township, Naypyitaw, Myanmar.
Tel: +95-67-433312, +95-67-433325, Hotline : +95-67-433316


GOOD RAINBOW TRADING CO., LTD
Home Securituy, Home Decoration & Accessories
Lift Acess System
Door Acess System
Biometric System
BARRIER GATE & TURNSTILE SYSTEM
ELID FC 1205 CAR PARK ACCESS CONTROL SYSTEM
- MICROPROCESSOR BASED CAR PARK ACCESS CONTROL SYSTEM FOR 1 ENTRY AND 1 EXIT.
- GUIDED BY THE MENU AND INSTURUCTIONS APPEARING ON THE LCD (EXTREMELY BASE TO PROGRAM)
- OFFERS A WIDE RANGE OF REDERS . . . SUCH AS (MAGNETIC READERS, WIEGANT READERS, PROXIMITY READERS, BAR CODE READERS, SMART CARD READERS)
Multi-function Keypad
2 YEARS WARRANTY
For Swing/ Folding
For Sliding
ထွစ်ဇာလန်နည်းပညာဖြင့်ထုတ်လုပ်ပြီး မလေးရှားမှတိုက်ရိုက်တင်သွင်း YOU GATE Motor များရွေးချယ်
ခြင်းဖြင့် လူကြီးမင်းတို့၏ ပျော်ရွှင်စရာအချိန်များကို အကျိုးရှိစွာအသုံးချလိုက်ပါ။
အမှတ် (၂၁၄/က)၊ဝေဇယန္တာလမ်း၊မြေညီထပ်(အောင်ရတနာဆေးရုံအနီး)
သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
Office Phone : 01-8550136
Phone : 09250355898, 09240112259, 09 979134506


ကမ္ဘာကျော်
စားသောက်ကုန်၊ ဆေးဝါး၊ ရေသန့် နှင့်
ဓာတုဗေဒကုန်ကြမ်း ရောင်းဝယ်ရေး
Sodium Hydrosulfite
Potassium Permanganate
Ferric Chloride
Sodium Citric BP
Citric Acid
Sulphur Powder
Benzoic Acid
Potassium Chloride BP
Caustic Soda
CMC
အမှတ် (၁၁၁)၊၂၇လမ်း (အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
Ph : 01-378613,381169,09-73246652,09-5082816,09-250506751
Email:kabarkyawchemical@gmail.com


SYNTECH Your partner in hygiene
SINGAPORE နိုင်ငံရှိ SYNTECH CHEMICALSစက်ရုံကြီးမှ
တစ်ဦးတည်း ကိုယ်စားလှယ်ဖြန့်ချိပါသည်။
HOUSEKEEPING အတွက် CHEMICALS မျိုးစုံ
FOOD & BEVERAGE အတွက် CHEMICALS မျိုးစုံ
LAUNDRY လုပ်ငန်းများအတွက် CHEMICALS မျိုးစုံ
FOOD PROCESSING လုပ်ငန်းများအတွက် CHEMICALS မျိုးစုံ
FACTORY များအတွက် CHEMICALS မျိုးစုံ
SANITISER & DISINFECTANT မျိုးစုံ
MHAN THIT TRADING CO., LTD.
No(43), Kyauk Myaung Street, Kyauk Myaung Gyi Quarter, Tarmwe Township,
Yangon. Tel : 01-8604367, 09-43108700, 09-428167979, 09-428139952
Email : mhanthit@gmail.com Website : www.syntechchem.com

# International Trade Weekend Course Batch(2) သင်တန်းဖွင့်ပွဲကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း၏ International Trade Weekend Course Batch(2) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ UMFCCI မှ တာဝန်ရှိသူများ၊ JICA မှ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ယခုသင်တန်းတွင် ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စသည့် လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ပို့ချလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာ လုပ်ငန်းများကို သင်ကြားပို့ချပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် Fully Online Licensing System ကို စတင်ကျင့်သုံးလျက်ရှိရာတွင် ပို့ကုန် ၂၈မျိုး၊ သွင်းကုန် ၁၅ မျိုးကို စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဝင်းဒိုးအထောက်အကူပြု MACCS စနစ်ကိုလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၀ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ လေးလ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ခေတ်အမီဆုံး လောင်စာဆီသိုလှောင်စခန်းကို သီလဝါအထူးစီးပွားရေးဇုန်တွင်ဖွင့်လှစ်

Puma Energy Asia Sun ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ခေတ်အမီဆုံး လောင်စာဆီသိုလှောင်စခန်းကို သီလဝါအထူးစီးပွားရေးဇုန်တွင် မေ ၆ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ လောင်စာဆီသိုလှောင်စခန်းကို အမေရိကန်ဒေါ်လာ ၉၂ သန်း ရင်းနှီးမြှုပ်နှံကာ တည်ဆောက်ထားခြင်းဖြစ်ပြီး စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စတင်ခွင့်ပြုခဲ့ပြီးနောက် ပထမဆုံးဖွင့်လှစ်သည့် သိုလှောင်စခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

Puma Energy Asia Sun ၏ လောင်စာဆီသိုလှောင်ကန်သည် ဆီကုဗမီတာ ၉၁၀၀၀ သိုလှောင်ထားနိုင်စွမ်း ရှိကြောင်း သိရသည်။ ယင်းလောင်စာဆီသိုလှောင်ကန်တွင် P.E.A.S ၏ သိုလှောင်ဖြန့်ဖြူးရေး ထောက်ပံ့အဆောက်အအုံများကို မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် အမေရိကန်ရေနံအသင်းစံနှုန်းများ(API)၊ အမေရိကန်အင်ဂျင်နီယာဆိုင်ရာစံနှုန်း (ASME) နှင့် အမျိုးသားမီးဘေးအန္တရာယ်ကာကွယ်ရေးအသင်း (NFPA) တို့အပါအဝင် ဆောက်လုပ်ရေး၊ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ တည်ဆောက်ထားကြောင်း သိရသည်။ ထို့အပြင် မီးသတ်စနစ်များ၊ အားကောင်းသော အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုစနစ်၊ ထိန်းချုပ်စနစ်များလည်း ပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့အခြေခံအဆောက်အအုံ၊ ခေတ်မီအရည်အသွေးထိန်းချုပ်မှု လုပ်ငန်းစဉ်တွေ၊ လွတ်လပ်တဲ့ ရုံးတွင်း ဓာတ်ခွဲစမ်းသပ်ခန်းတွေကြောင့် ဒီလုပ်ငန်းနယ်ပယ်မှာ စံချိန်တစ်ခုတင်နိုင်မှာကို ဂုဏ်ယူမိပါတယ်။ ဒီလိုပြိုင်ဘက်ကင်းတဲ့ ဝိသေသတွေကြောင့် P.E.A.S ကို မြန်မာနိုင်ငံမှာ စိတ်ချယုံကြည်ရတဲ့ အရည်အသွေးမြင့်လောင်စာဆီ ပံ့ပိုးတဲ့ ကုမ္ပဏီအဖြစ် တည်ဆောက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒီသိုလှောင်စခန်းရဲ့ အရည်အသွေးကို အစဉ်အမြဲ စစ်ဆေးထိန်းသိမ်းနေတဲ့စနစ်ကြောင့် နိုင်ငံမှာလိုအပ်နေတဲ့ လောင်စာဆီတွေကို ဖြည့်တင်းရာမှာ ဆီသဘော်တိုင်း၊ ဆီသယ်ယာဉ်တိုင်းဟာ တူညီတဲ့ အရည်အသွေးနဲ့ အရေအတွက်ကို အမြဲရရှိနေမယ်ဆိုတာ သေချာပါတယ်"ဟု Puma Energy Asia Sun ၏ ဥက္ကဋ္ဌ ဦးဝင်းကျော်က ပြောကြားခဲ့သည်။

Puma Energy Asia Sun သည် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်သိုလှောင် ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးကုမ္ပဏီ Puma Energy နှင့် မြန်မာနိုင်ငံမှ Asia Sun Energy (ASE) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော ကုမ္ပဏီတစ်ခုဖြစ်သည်။

**မယ်သီတာ**




## လူမှုရေးတာဝန်ယူသော ပြင်သစ်လုပ်ငန်းများအား ဖိတ်ခေါ်မည်

ကျင့်ဝတ်လိုက်နာပြီး လူမှုရေးတာဝန်ယူသော ပြင်သစ်လုပ်ငန်းများအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံစေရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားရန် ကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြင်သစ်-မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ မေ ၅ရက်က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း UMFCCI ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ မြန်မာ့ထွက်ကုန်များအား ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ခေတ်မီပြင်သစ်နည်းပညာများအား မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့နိုင်ရေးတို့ကို နှစ်ဖက် အဖွဲ့အစည်းများ အဓိကပူးပေါင်းလုပ်ဆောင်သွားမည်ဟု ပြင်သစ်-မြန်မာ ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌ Mr Julien Esch က ပြောကြားခဲ့သည်။

ပြင်သစ်နှင့် စီးပွားဆက်ဆံရေး မြှင့်တင်ခြင်းဖြင့် မြန်မာ့အရင်းအမြစ်များအား ခေတ်မီနည်းပညာသုံးကာ တန်ဖိုးမြှင့်ကုန်များ ထုတ်လုပ်နိုင်မှာဖြစ်သလို ပြင်သစ်ကို အခြေခံ၍ အခြားသောဥရောပနိုင်ငံများနှင့်လည်း စီးပွားကူးသန်းမှု ခြေဆန့်နိုင်မည်ဟု ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်။

ပြင်သစ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စားလျက်ရှိနေကြောင်း Mr. Julien Esch က ပြောသည်။

ပိုမိုရှင်းလင်းတိကျသော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများက ပြင်သစ်အပါအဝင် ဥရောပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း Mr Julie Esch က အကြံပေးပြောကြားခဲ့သည်။

လာရောက်မြှုပ်နှံပြီးအကျိုးအမြတ်ယူကာ ပြန်ထွက်သွားသည့် လုပ်ငန်းမျိုးထက် ရေရှည်ရင်းနှီးမြှုပ်နှံပြီး မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးမည့် လုပ်ငန်းမျိုးကိုသာ ဖိတ်ခေါ်လိုကြောင်း အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားခဲ့သည်။

နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် နှစ်နိုင်ငံစီးပွားရေးခရီးစဉ်များ စီစဉ်ပြုလုပ်ရေး၊ လုပ်ငန်းရှင်များတွေ့ဆုံပွဲများနှင့် ကုန်သွယ်မှုနှင့် ကုန်စည်ပြပွဲများ ကျင်းပရေးတို့တွင် ကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြင်သစ်-မြန်မာ ကုန်သည်/စက်မှုအသင်းတို့ ပူးပေါင်းလုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသသည်။

DICA နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ပြင်သစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၄၀ ကျော်ရှိနေပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၁၀ ဝန်းကျင်သာရှိနေကြောင်း သိရသည်။

**မယ်သီတာ**

## မလေးရှားနှင့် ထိုင်းနိုင်ငံသို့ တစ်မိနစ်လျှင် ကျပ် ၅၀ ဖြင့် ဖုန်းခေါ်ဆိုနိုင်ပြီ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် နေထိုင်ကြသည့် မြန်မာလူမျိုးများထံသို့ အထူးဈေးနှုန်းများဖြင့် ဖုန်းခေါ်ဆိုနိုင်သည့် အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MPT သုံးစွဲသူများအနေဖြင့် အဆိုပါနှစ်နိုင်ငံမှ မည်သည့်ဖုန်းနံပါတ်ကိုမဆို ဖုန်းခေါ်ဆိုခြင်း၊ စာတို (SMS) ပေးပို့ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ပြီး တစ်မိနစ်လျှင် ဖုန်းခေါ်ဆိုခ ကျပ် ၅၀ ၊ စာတို (SMS) တစ်စောင်လျှင် ၁၅ ကျပ်နှုန်းသာ ကျသင့်မည်ဖြစ်သည်။ အဆိုပါနှုန်းထားသည် ယခင်က ပုံမှန်သတ်မှတ်ထားသော ခေါ်ဆိုခနှုန်းထားများထက် ၇၅ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းအထိ လျှော့ချပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ရယူသုံးစွဲလိုသူများအနေဖြင့် MPT ၏ GSM နှင့် WCDMA အသုံးပြုသူများအနေဖြင့် ငွေကျပ် ၁၀၀၀ နှင့်အတူ (ကုန်သွယ်ခွန်အပါအဝင်) *2050# သို့ဖုန်းခေါ်ဆိုခြင်း(သို့မဟုတ်) MPT4U အက်ပလီကေးရှင်းကို အသုံးပြု၍သော်လည်းကောင်း၊ (သို့မဟုတ်) *106# သို့ ဖုန်းခေါ်ဆိုပြီး ရယူနိုင်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်ကို ရယူသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



## မြို့ကြီးများ၏ ၁၅-၅-၂၀၁၇ မှ ၁၉-၅-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၅-၅-၂၀၁၇) | အင်္ဂါ(၁၆-၅-၂၀၁၇) | ဗုဒ္ဓဟူး(၁၇-၅-၂၀၁၇) | ကြာသပတေး(၁၈-၅-၂၀၁၇) | သောကြာ(၁၉-၅-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F |
| မန္တလေးမြို့ | ၅၀% ၃၄°C/၉၄°F | ၄၀% ၃၄°C/၉၃°F | ၆၀% ၃၁°C/၈၈°F | ၅၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၂°F |
| လားရှိုး | ၉၀% ၂၇°C/၈၁°F | ၉၀% ၂၆°C/၇၈°F | ၈၀% ၂၅°C/၇၇°F | ၇၀% ၂၇°C/၈၀°F | ၈၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၉၀% ၂၉°C/၈၅°F | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| တောင်ကြီး | ၆၀% ၂၆°C/၇၉°F | ၅၀% ၂၅°C/၇၈°F | ၈၀% ၂၄°C/၇၅°F | ၇၀% ၂၂°C/၇၃°F | ၈၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| ဘားအံ | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| တောင်ငူ | ၃၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F | ၃၀% ၃၃°C/၉၁°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၆°C/၉၇°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၃°C/၉၁°F | ၆၀% ၃၃°C/၉၂°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | ၄၀% ၃၄°C/၉၄°F | ၆၀% ၃၃°C/၉၃°F | ၅၀% ၃၃°C/၉၃°F |
| မြိတ် | ၉၀% ၃၀°C/၈၆°F | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၆၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၀°C/၉၁°F |
| မကွေး | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၃°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| ဖလမ်း | ၆၀% ၂၆°C/၇၈°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၃°C/၇၃°F | ၅၀% ၂၄°C/၇၆°F |

# အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့တွင် အပူချိန်များမြင့်တက်လာ၍ အပူလှိုင်းများ ဖြတ်သန်းလာဖွယ်ရာရှိ

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့ဖြစ်သည့် ပန်ဂျပ်နှင့် ဟာရာနာပြည်နယ်တို့တွင် နေ့အပူချိန်များမြင့်တက်လျက်ရှိရာ အပူလှိုင်းများ ဖြတ်သန်းလာဖွယ်ရာရှိနိုင်ကြောင်း အိန္ဒိယနိုင်ငံမိုးလေဝသဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

ယခုအခါ ပန်ဂျပ်နှင့် ဟာရာနာပြည်နယ်တို့တွင် နေ့အပူချိန်များသည် ၄၅ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်များသည် ဆက်လက်မြင့်တက်လာနိုင်သဖြင့် ကျန်းမာရေးကို ဂရုပြုနေထိုင်ကြရန် အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အထူးသဖြင့် ဟာရာနာပြည်နယ်ရှိ ဟီဆာမြို့သည် အပူချိန်အမြင့်ဆုံးသော မြို့တစ်မြို့ဖြစ်လာပြီး အပူချိန် ၄၅ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိလာပြီဖြစ်ကြောင်း၊ ထို့ပြင် အမ်မလာနှင့် ကာနာလ်ဒေသတို့တွင် အပူချိန်များသည် ၄၁ ဒသမ ၈ ဒီဂရီဆဲလ်ဆီးယပ်စ်နှင့် ၄၂ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိလာပြီဖြစ်ကြောင်း၊ ထို့ပြင် ပန်ဂျပ်ပြည်နယ်ရှိ အမ်ရီဆာဒေသတွင် ၄၂ဒသမ ၄ ဒီဂရီဆဲလ်ဆီးယပ်စ်၊ လော့ဒ်ဟီနာနှင့် ပါတီအာလာဒေသတို့တွင် ၄၃ ဒသမ ၁ ဒီဂရီဆဲလ်ဆီးယပ်စ်နှင့် ၄၃ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိရှိလာပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အလားတူ အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီမြို့တွင်လည်း အပူချိန်များ မြင့်တက်လျက်ရှိကြောင်း၊ နေ့အပူချိန်သည် ၄၅ ဒသမ ၁ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိပြီး ညအပူချိန်သည် ၂၇ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိကြောင်း၊ နောက်ထပ် ၂၄ နာရီအတွင်း အပူချိန်များ မြင့်တက်လာနိုင်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ဟာရာနာပြည်နယ် ကျန်းမာရေးဌာနက လာမည့်ရက်များအတွင်း အပူချိန်များ ထပ်မံမြင့်တက်လာနိုင်သဖြင့် ရေကို လုံလောက်စွာသောက်ကြရန်၊ ကျန်းမာရေးနှင့်ကိုက်ညီသည့် အဝတ်အစားများကိုသာ ဝတ်ဆင်ကြရန်၊ နေရိပ်ထဲတွင်သာ နေထိုင်ကြရန် စသည်ဖြင့် ကျန်းမာရေးဆိုင်ရာသတိပေးချက်များကို လိုက်လံဆော်သြလျက်ရှိကြောင်း အိန္ဒိယနယူးစ်သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်တွင် အင်အားပြင်းငလျင်လှုပ်ခတ် လူရှစ်ဦးသေဆုံး၊ ၂၀ ကျော်ဒဏ်ရာရရှိ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စီကျန်းပြည်နယ်တွင် မေ ၁၀ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိသည့် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ လူရှစ်ဦးသေဆုံးပြီး ၂၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အဆိုပါငလျင်သည် ပိုးလမ်းမကြီးပေါ်ရှိ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည့် ကက်ရှ်ဂါမြို့၏ တောင်-အနောက် တောင်ဘက် ၂၁၃ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ရရှိခဲ့သည့်သတင်းများအရ လူရှစ်ဦးသေဆုံးခဲ့ပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။ သို့သော် သေဆုံး သို့မဟုတ် ဒဏ်ရာရရှိသည့်လူနာများ ဆေးရုံသို့ရောက်ရှိလာနိုင်သေးကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်ပြည်သူ့သတင်းစာတွင်မူ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အဦများ၊ လမ်းများ၊ တံတားများ၏ ဓာတ်ပုံများကို ဖော်ပြထားခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုများကြောင့် အိုးအိမ်ပျက်စီးမှု အတိအကျသတင်းကို မရရှိသေးကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များကမူ ငလျင်ဘေးဒုက္ခသည်များအား အရေးပေါ်ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးကြရန် နှိုးဆော်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသသည် တာဂျစ်ကစ္စတန်နိုင်ငံနှင့် နီးစပ်နေသည့် နယ်စပ်ဒေသဖြစ်ရာ လူနေကျဲပါးသည့်ဒေသဖြစ်သည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးသူအရေအတွက် နည်းပါးရခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ငလျင်ပုံမှန် လှုပ်ခတ်လေ့ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် တောင်တန်းများ ထူထပ်သောဒေသများဖြစ်သည့် တရုတ်နိုင်ငံ အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများသည် ငလျင် အများဆုံးလှုပ်ခတ်သည့်ဒေသများဖြစ်သည်ဟု ဆိုသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက စီကျန်းပြည်နယ်အတွင်း အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိသည့် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၂၆၈ ဦး သေဆုံးခဲ့ရကာ နေအိမ်အဆောက်အဦ အများအပြားပျက်စီးဆုံးရှုံးခဲ့ရသည်။

**မယ်သီတာ**

# ပျော်ဘွယ်မြို့နယ်၊ မင်းလမ်း(တောင်)ရွာတွင် ပန်းပဲ(ဓား)လုပ်ငန်း တွင်ကျယ်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မင်းလမ်း တောင်ရွာတွင် အိမ်ခြေ ၂၅၂ အိမ်ရှိပြီး အိမ်ခြေ ၂၀၀ ခန့်သည် ကျေးရွာ ထုတ်ကုန်တစ်မျိုး (OVOP) အဖြစ် ယခုအခါတွင် ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း၊ ပြုလျက်ရှိပါသည်။ ၎င်းရွာမှပန်းပဲဆရာကြီးများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်မှ စတင်၍ ပန်းပဲလုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ခဲ့ကြပြီး အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။

၎င်းရွာမှ ဓားဘုရင်ဦးရီ(ခ)ဦးနီ အမည်ဖြင့် ရောင်းချနေ သော ဓားဆိုင်၊ ဓားလုပ်ငန်းသို့ သွားရောက်လေ့လာသိရှိမှုအရ ဦးရီ(ခ)ဦးနီဆိုသူမှာ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဆောင် လက်မှတ်ရပန်းပဲဆရာကြီး ဦးတင်ရွှေ၏သားတစ်ဦးဖြစ်ကြောင်း သိရပါသည်။ ပန်းပဲဆရာကြီး ဦးတင်ရွှေသည် မင်းလမ်းရွာ၌ ‘ပန်းပဲလုပ်ငန်း အစ ဦးတင်ရွှေမှ’ ဟု ခေါ်စမှတ်ပြုရလောက်အောင် ထင်ရှားခဲ့သော ပန်းပဲပညာရှင် တစ်ယောက်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဓားဘုရင်မှ ထုတ်လုပ်သော ဓားအမျိုးအစားများမှာ ဆုပေးဓား၊ စစ်ရေးပြဓား၊ တိုက်ပွဲဝင်ဓား၊ သစ်တောသုံးခါးချိတ်ဓား၊ ကင်ဒိုဓား(ကြီး၊ လတ်၊ ငယ်)၊ ယိမ်းနွဲ့ပါးဓား၊ ငှက်ကြီးတောင်ဓား၊ ဓားလှံဓား၊ အိမ်သုံးဓားမျိုးစုံ၊ တူမျိုးစုံ၊ သံကိုက်ကတ်ကြေး၊ ပန်းညှပ်ကတ်ကြေး၊ လက်သမားသုံးဆောက်မျိုးစုံ၊ တောင်ဝှေးဓား၊ သစ်ဖျင်ဓားမ၊ အသားခုတ်ဓား၊ မီးသတ်သုံးရဲဒင်း၊ သံမှိုဖြတ်ကင်ဒိုဓား၊ ငွေကြေးစည်စသည့် သံထည်ပစ္စည်း အမျိုးစုံတို့ ထုတ်လုပ် ရောင်းချလျက်ရှိပါသည်။

ဦးရီ(ခ) ဦးနီ၏ပြောပြချက်အရ လက်မ ၂၀ ဓားတစ်လက်၏ကုန်ကျစရိတ်မှာသံ (၃၀ သား) ကျပ် ၃၆၀၊ ဓားအိမ် (သစ်သား) ကျပ် ၂၀၀၀၊ ဓား (ကူရှင်) ကျပ် ၁၅၀၀၊ စတီးကွင်းတပ်ဓားရိုး ကျပ် ၃၀၀၀၊ မီးသွေးဖိုး ကျပ် ၁၀၀၀၊ လုပ်အားခ ကျပ် ၄၀၀၀၊ စုစုပေါင်း ကျပ် ၁၁၈၆၀ ရှိကြောင်း သိရပါသည်။

ဓားတစ်ချောင်းကို ယခုအခါတွင် ကျပ် ၁၃၀၀၀ မှ ကျပ် ၁၅၀၀၀ အထိ ရောင်းချရကြောင်းသိရပါသည်။ ဦးရီ၏ပြောပြချက်အရဓားများကို လေးသံ (ကား/ရထားတို့တွင် အသုံးပြုသည့်လေး) စစ်စစ်ဖြင့် ထုတ်လုပ်လျက်ရှိပြီး ပစ္စည်းမှန်ဈေးနှုန်းမှန် ရောင်းချလျက်ရှိကြောင်း သိရပါသည်။ အဆိုပါ ကုန်ကြမ်းပစ္စည်း လေးသံများကို မင်းလမ်း(မြောက်)ရွာမှ ဝယ်ယူရရှိကြောင်း၊ မင်းလမ်း(မြောက်)ရွာသည် လေးသံများကို မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှ မြို့များသို့ သွားရောက်ဝယ်ယူကြသကဲ့သို့ ရွာသို့လာရောက်၍လည်း ရောင်းချသူများရှိကြောင်း သိရသည်။

နောက်ထပ် ဓားလုပ်ငန်းကို အထင်ကရလုပ်ကိုင်သူ ငွေဓားအကယ်ဒမီ ဦးကျော်ညွန့်၏ အိမ်ကိုလည်း ရောက်ရှိလေ့လာခဲ့ပါသည်။ ငွေဓားအကယ်ဒမီ ဦးကျော်ညွန့်မှာ ၎င်းရွာမှ ပန်းပဲဆရာကြီး ဦးစိန်ဘန်း၏ မြေးတစ်ဦးဖြစ်ကြောင်း သိရှိရပါသည်။ ဦးကျော်ညွန့်မှာ စစ်တက္ကသိုလ်ငွေဓားလုပ်ငန်းတစ်ခုသာ လုပ်ပါကြောင်း၊ ဓားတစ်လက်ကို သူတစ်ဦးတည်းသာ လုပ်ကိုင်ပြီး ဓားတစ်လက်ပြီးမြောက်ရန်မှာ ၁၀ ရက်ခန့် ကြာကြောင်း သိရှိရပါသည်။

ငွေဓား အကယ်ဒမီဦးကျော်ညွန့်၏ ပြောပြချက်အရ ငွေဓားတစ်လက်ကုန်ကျစရိတ်မှာ ကြေး ၅၀ ကျပ်သားကျပ် ၈၀၀၀၊ နီကယ်စိမ်ကြေး ကျပ် ၆၀၀၀၊ သံ ၅၀ ကျပ်သား (ကြိတ်ပြား) ကျပ် ၆၅၀၀၊ သစ်သားဓားရိုး ကျပ် ၂၀၀၀၊ မီးသွေး ကျပ် ၁၀၀၀၊ စုစုပေါင်း ကျပ် ၂၃၅၀၀ ခန့်ရှိကြောင်း သိရပါသည်။

အလတ်စားတစ်ချောင်းကို ကျပ် ၈၀၀၀၀၊ အကောင်း စားတစ်ချောင်းကို ကျပ် ၉၅၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်းသိရပါသည်။ ဦးကျော်ညွန့်မှာ ငွေဓားအပြင် အဂ်လန်ဓား၊ ရောမဓား၊ ဂေါ်ရခါးဓားများလည်း ပြုလုပ်ရောင်းချလျက်ရှိပါသည်။ တစ်နှစ်ကို တော်လှန်ရေးနေ့အတွက် ဓားအလက် ၃၂၀ ခန့် ပြန်လည်ပြုပြင်ပေးရပါသည်။ ယခုနှစ် ၂၀၁၇ ခုနှစ် တော်လှန်ရေးနေ့အတွက် ငွေဓားအသစ် ၁၅၀ ခန့် လုပ်ပေးခဲ့ရပါသည်။ ဓားအသစ်တစ်လက်ကို ကျပ် ၆၀၀၀၀ နှင့် သွင်းပေးရကြောင်း၊ ၎င်းအနေဖြင့် ရှေးအခါက အလောင်းမင်းတရားကြီးကိုင်သည့် ဓားနှင့်တစ်ထပ်တည်းတူသည့် ဓားမျိုး ဖော်ထုတ်ရောင်းချရန် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။ အဂ်လန်ဓားတစ်ချောင်းကို ကျပ် ၁၁၀၀၀၀၊ ရောမ ဓားတစ်ချောင်းကို ကျပ် ၁၀၀၀၀၀ ၊ ဂေါ်ရခါးဓားတစ်ချောင်းကို ကျပ် ၁၀၀၀၀ ဖြင့် ရောင်းချရကြောင်း သိရပါသည်။

ဓားများအား ပြုလုပ်ရာတွင် မိသားစုတစ်နိုင်တစ်ပိုင်ပြု လုပ်ကြခြင်းဖြစ်ပြီး လိုအပ်သည့်လုပ်သားများကို ရွာမှပင်ခေါ်ယူကြောင်း၊ လုပ်သားခအဖြစ် တစ်နေ့လျှင် ငါးထောင်ကျပ်ပေးချေရကြောင်း၊ လက်မှုအနုပညာလုပ်ငန်းဖြစ်၍ ရှေးရိုး အစဉ်အလာအတိုင်းသာ ဆောင်ရွက်ကြကြောင်း သိရသည်။ ဓားလုပ်ငန်း ပြုလုပ်သူများ၏ ပြောပြချက်အရ ယခင်က ဖောက်သည်ထံ သွားရောက်ပေးသွင်းရပြီး အကြွေးစနစ်ဖြင့် အဟောင်းပေးအသစ်ယူ သဘောမျိုးဖြင့် ယခင်ပေးသွင်းထားသော ပစ္စည်းဖိုးအားနောက်အသစ်သွားရောက်ပေးသွင်းမှသာ ရရှိသဖြင့် အရင်းနှစ်ရင်းရှိမှသာ အဆင်ပြေကြောင်း၊ ယခုအခါ ရန်ကုန်- မန္တလေးလမ်းမပေါ်သို့ ထွက်၍ ရောင်းချလာခြင်းအားဖြင့် မိမိတို့ အကျိုးအမြတ်ပိုမိုရရှိလာသလို ဝယ်သူဖောက်သည်များလည်း တိုးမြင့်လာကြောင်း၊ ရောင်းသူဝယ်သူနှစ်ဦးနှစ်ဖက်အကျိုးရှိလာသလို ဝယ်သူကိုမျှော်၍ ဝယ်သူပေးသည့် ဈေးနှုန်းဖြင့်သာ ရောင်းချရသည့်ဝယ်သူမျှော် ဈေးကွက်အခြေအနေမှ ရောင်းသူဈေးကွက်သို့ ရောက်ရှိလာကြောင်း၊ ယခုအခါတွင် ဝယ်သူမျှော်စရာမလိုဘဲ လမ်းဘေးတွင် ဆိုင်ခန်းများ ဖွင့်လှစ်ပြီး မိမိစိတ်ကြိုက်ကြိုက်ရောင်း ကြိုက်ဝယ်စနစ်ဖြင့် ရောင်းချနေကြောင်း၊ ယခုဆိုလျှင် လမ်းမပေါ်သို့ထွက်၍ ပန်းပဲပစ္စည်းမျိုးစုံရောင်းချသည့် ဆိုင် ၅၀ ကျော်ထိရှိလာကြောင်း၊ ပျော်ဘွယ်မြို့နယ် မင်းလမ်းတောင်ရွာ ပန်းပဲလုပ်ငန်း အကြောင်းအား လေ့လာတင်ပြလိုက်ရပါသည်။

**ခင်စိုး (DOCA)**

## လှည်းတန်းဈေးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ရန်ကုန်အနောက်ပိုင်း ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

ရန်ကုန် အနောက်ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ရန်ကုန် အနောက်ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျင်ဌေး ဦးဆောင်၍ မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ကမာရွတ်မြို့နယ်၊ လှည်းတန်းဈေးရှိ ကုန်စုံဆိုင်များနဲ့ အလှကုန်ဆိုင် ၁၂ ဆိုင်အား ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

အဆိုပါ ကုန်စုံဆိုင်များအား စစ်ဆေးရာတွင် အလှကုန်ဆိုင်တွင် FDA မှထုတ်ပြန်ထားသော သုံးစွဲရန်မသင့်သည့် ရွှေသုန္ဒရီသနပ်ခါးဗူးများအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ပါသည်။ ထိုသိမ်းဆည်းရမိသော ပစ္စည်းများအား ဈေးတာဝန်ခံရုံးခန်းတွင် ထားရှိပြီး စည်ပင်သာယာဥပဒေအရ သိမ်းဆည်း ဖျက်ဆီးရန်နှင့် နောက်နောင် တားမြစ်ထားသော ပစ္စည်းများ ရောင်းချခြင်းမပြုရန် ဝန်ခံလက်မှတ်များ ရေးထိုးစေခဲ့ပါသည်။

ထို့နောက် ဈေးရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ FDA မှ တားမြစ်ထုတ်ပြန်ထားသော အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန်၊ ရောင်းချခြင်းမပြုရန် တားမြစ်ထားသည့် ကုန်ပစ္စည်း စာရင်းများအား ဈေးတာဝန်ခံရုံးခန်းတွင် သွားရောက် လေ့လာနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မူမူသန်း**



## တနင်္သာရီတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၃/၂၀၁၇) ကို မေလ ၁၂ ရက်က စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါညှိနှိုင်းအစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီနှင့် ကော်မတီနှစ်ရပ်၏ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စားသုံးသူအကျိုးစီးပွားကာကွယ်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ စားသုံးသူပြည်သူများသည် နေ့စဉ်အစားအသောက်များကို စားသုံးနေရသည့်အတွက် စားသုံးသူများသည် ကျန်းမာရေးအရ ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်ကြောင်း၊ အလွန်အကျွံအရသာတွေရောထား၍ အရသာရှိသော်လည်း ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်မသင့်တော်ပါကြောင်း၊ သဘာဝထုတ်လုပ်သည့် ပစ္စည်းများလျော့နည်းလာပါကြောင်း၊ ပိုးသတ်ဆေး/ ဓာတ်မြေဩဇာ အလွန်အကျွံ သုံးစွဲခြင်းများ ရှိလာပါကြောင်း၊ အစားအသောက်ကို အရည်အသွေးရှိအောင်၊ အရသာရှိအောင် ပါကင်ထုတ်အလှအပများဖြင့် ထုတ်လုပ်သော်လည်း စားသုံးသူအတွက် အန္တရာယ်ရှိပါကြောင်း၊ စားသုံးသူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် တက်ရောက်လာကြသော ကော်မတီဝင်များမှပေါင်းစပ်ပြီး ပိုမိုတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားစေလိုကြောင်း၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်ပြီး အကြံပြုချက်များလည်း ပါဝင်ဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

**ကျော်ဝင်း**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ

စားသုံးသူပြည်သူများ ကုန်စည်/ ဝန်ဆောင်မှုများကို ဝယ်ယူစားသုံး၊ သုံးစွဲရာတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေဖြင့် အကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေး၊ လူ့အဖွဲ့အစည်းတွင် စားသုံးသူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ အတွက် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

စားသုံးသူများကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပညာပေးခြင်းလုပ်ငန်း အစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဈေးများ၊ စက်မှုဇုန်လုပ်ငန်းများ၊ မြို့နယ်/ ရပ်ကွက်အတွင်းရှိ ပြည်သူလူထု/ဌာနဆိုင်ရာများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့တာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်ကျောင်း ၁၀ ကျောင်း၊ အခြေခံပညာကျောင်း ၆၂၃ ကျောင်း၊ ဈေး ၁၆၈ ဈေး၊ စက်မှုဇုန်/လုပ်ငန်း ၂၈ ခု၊ ပြည်သူလူထု/ဌာနဆိုင်ရာ ၃၈၈ နေရာ၊ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်ဌာနအစည်းအဝေး ရှစ်ကြိမ်၊ သင်တန်း သုံးကြိမ်တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ခရိုင်ရုံးလေးခုတွင်ရှိသည့် ခရိုင်ဦးစီးမှူးများနှင့် ဝန်ထမ်းများကလည်း စားသုံးသူများ ဘေးကင်းလုံခြုံရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် လုံခြုံစိတ်ချရမှုမရှိသော အလှကုန်၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ တားမြစ်ခြင်းလုပ်ငန်းများကို ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့်လည်းကောင်း၊ မိမိတို့၏ဌာနအနေဖြင့်လည်းကောင်း၊ အခြားဆက်စပ်ဌာနများနှင့် ပူးပေါင်း၍လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်း၊ စားသုံးသူများအသုံးပြုမည့် ကုန်စည်များတွင် အသုံးပြုရန်အာမခံချက်မရှိသည့် ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရန်နှင့် စားသုံးသူများအား ကုန်စည်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးနိုင်ရန်အတွက် ဈေးကွက်စောင့်ကြည့်လေ့လာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခြင်း၊ လုံခြုံစိတ်ချရသော ထုတ်ကုန်များအသုံးပြုနိုင်ရန် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများကိုလည်း မြို့နယ်များအတွင်း ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အစည်းအဝေး(၇)ကြိမ်၊ အရှေ့ပိုင်းခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အစည်းအဝေး လေးကြိမ်၊ အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အစည်းအဝေးလေးကြိမ်၊ တောင်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး(၆)ကြိမ်၊ မြောက်ပိုင်း ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး လေးကြိမ်တို့ကို အောင်မြင်စွာ ကျင်းပခဲ့ပါတယ်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများကိုဖြေရှင်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ခရိုင်ရုံးများ လစဉ်တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးမှုကို ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

စားသုံးသူနှင့် တိုင်ကြားခံရသူအကြား အငြင်းပွားကိစ္စရပ်များကို မှန်ကန်မြန်ဆန်စွာ ဖြေရှင်းပေးနိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေမူကြမ်း(အသစ်)ရေးဆွဲခြင်းကို USAID (The United States Agency for International Development) အကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီး ဂျာမနီအကဲဖြတ်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပွဲ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ ဌာနဆိုင်ရာများ၏ အလုပ်ရုံဆွေးနွေးပွဲများတွင်လည်း ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပြုလုပ်ခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အစည်းအဝေးများတွင်လည်း ကိုးကြိမ်ပါဝင် ဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြခန်းကိုလည်း ပူးပေါင်းပါဝင်ခဲ့ပါတယ်။

စားသုံးသူပြည်သူများအနေဖြင့် မိမိဝယ်ယူခဲ့သော အစားအသောက်/ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဘေးအန္တရာယ်ရှိခြင်း၊ လိမ်ညာရောင်းချသည်ဟုယူဆခြင်း၊ ရောင်းချစဉ်ကတိပြုထားသော အာမခံချက်များကို အပြည့်အဝမရရှိခြင်း စသည့် စားသုံးသူအခွင့်အရေးဆုံးရှုံးမှုများ ကြုံတွေ့ရပါက ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ Online ဖြင့်လည်းကောင်း တိုင်ကြားလာခဲ့သည့် တိုင်ကြားမှုများအပေါ်တွင် အရေးယူဆောင်ရွက်ပေးခြင်း၊ ဧစ့်စပ်ညှိနှိုင်းဖြေရှင်းပေးခြင်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

သတင်းအချက်အလက်အပြည့်အစုံ ဖော်ပြထားခြင်းမရှိသော၊ သတ်မှတ်ထားသော စံချိန်စံညွှန်း အရည်အသွေးတို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည်များကို ဈေးကွက်အတွင်း တွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ထံသို့ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် စားသုံးသူပြည်သူများ သိရှိစေရန် အသိပေးကြေညာခဲ့ပါတယ်။

စားသုံးသူများ၏ စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးမှုများကို တိုင်ကြားလာလျှင် မှန်ကန်မြန်ဆန်စွာဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် အလွယ်တကူတိုင်ကြားနိုင်စေရန် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ Consumer Information and Complaint Center (CICC) ရုံးများကိုလည်း ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်ဦးစီးမှူးရုံး လေးခုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။

| ခင်သီ (စားသုံးသူ) ရန်ကုန် |

## ဟင်္သာတခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဇလွန်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့ရှိ ဈေးများတွင် တားမြစ်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေလ ၂ ရက်က သက်ဆိုင်ရာ အဖွဲ့ဝင်ဌာနများဖြစ်သော ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်လျက် ဇလွန်မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံ ဆိုင်သုံးဆိုင်၊ မုန့်မျိုးစုံရောင်းချသော ဆိုင်သုံးဆိုင်သို့ သွားရောက်၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသော တရားမဝင် ကုန်စည်များ၊ FDA မှ တားမြစ်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန် မုန့်များမရောင်းချရန်၊ ပြည်သူများအတွက် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော စားသုံး ကုန်များရောင်းချနိုင်ရေး စားသုံးသူရေးရာ ဦးစီးဌာနအနေ ဖြင့် ဝယ်ယူသုံးစွဲသူအားလုံး ဘေးကင်းလုံခြုံမှု ရှိစေရန် လက်လီလက်ကားရောင်းချသော ကုန်စုံဆိုင်ကြီးများတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ကုန်စည်များ ရောင်းချရန် ယခုကဲ့သို့ ကွင်းဆင်းစိစစ် အသိပညာပေးရခြင်းဖြစ်ကြောင်း မြို့နယ် ဦးစီးမှူးက ပြောကြားပါသည်။

ဆက်လက်၍ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အဖွဲ့ဝင်ဌာနများဖြစ်သော ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေး အဖွဲ့၊ ကျန်းမာရေးအဖွဲ့များနှင့် ကြံခင်းမြို့နယ် ဘက်ရဲဈေးကြီးအတွင်းရှိ ကုန်မျိုးစုံရောင်းချသော ဆိုင်ငါးဆိုင်သို့ သွားရောက်၍ ဈေးကွက်သို့ ရောက်ရှိနေသည့် ကုန်စည်များတွင် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကွင်းဆင်းစိစစ် အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

**စောမိုက်ကယ် (ပုသိမ်)**

## သက်တမ်းလွန် ကုန်ပစ္စည်းများဖြန့်ဖြူးခြင်းရှိ/ မရှိ Super ကုမ္ပဏီနှင့် CoCa Cola ကုမ္ပဏီ(ကသာရုံးခွဲ) များသို့ သွားရောက်စစ်ဆေး

ကသာခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် မေလ ၄ ရက်က စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကသာမြို့ Super ကုမ္ပဏီ (ကသာရုံးခွဲ)သို့ သွားရောက်စစ်ဆေးရာ ရက်လွန် အချိုရည်များ မတွေ့ရှိရသဖြင့် ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်မြို့နယ်များသို့ စားသောက်ကုန်များ ဖြန့်ဖြူးရောင်းချလျှင် ရက်လွန်ပစ္စည်းများ မပါရှိပါကြောင်း၊ ဝယ်ယူသည့်ဆိုင်များမှ အာမခံချက် ရယူထားရန်နှင့် ကုမ္ပဏီမှ ရက်လွန်ခါနီးပစ္စည်းများကို ဈေးကွက်အတွင်း တင်ပို့ခြင်း မပြုရန်၊ ရက်လွန်ပစ္စည်းများကို ပြန်လည်လဲလှယ်ပေးနိုင်ပါက စားသုံးသူများ အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီ မန်နေဂျာနှင့် ဝန်ထမ်းများအား အသိပညာပေး ဆွေးနွေးပြီးတစ်ဆက်တည်း Coca Cola ကုမ္ပဏီဆိုင်ခွဲသို့ သွားရောက်စစ်ဆေးရာ ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းဆည်းထားသော ရက်လွန် အချိုရည်များကို တွေ့ရှိရ၍ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိသဖြင့် သိမ်းဆည်းထားသော အချိုရည် မျိုးစုံအားတရားဝင် ဖျက်ဆီးနိုင်ရေးအတွက် ကုန်ပစ္စည်း စာရင်းဇယားများပြုစု၍ FDA ရုံးသို့ အပ်နှံရန်၊ ထုတ်လုပ် ဖြန့်ဖြူးထားသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် ရက်လွန် အစားအစာများကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းဆည်းမည်ဆိုပါက စားသုံးသူများအတွက်ပို၍ အန္တရာယ် ကင်းရှင်းနိုင်မည် ဖြစ်ကြောင်း ကုမ္ပဏီဝန်ထမ်းများအား အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ ပါဝင်ကြောင်း သတင်းရရှိပါသည်။

လှလှခိုင် (ကသာ)

# ဝဥစိုက်ပျိုးခြင်းဖြင့်
# [illegible]



|အောင်မင်း (တန့်ဆည်)|

နိုင်ငံတော်မှ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရန်နှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့် ရှာဖွေနိုင်ရန်အတွက် အမျိုးသား ပို့ကုန်မဟာဗျူဟာအရ ပို့ကုန်မြှင့်တင်မည့် ဦးစားပေးကဏ္ဍ ခုနစ်ရပ်အဖြစ် ဆန်နှင့် ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်း၊ ခရီးသွားလုပ်ငန်း၊ ရော်ဘာတို့အပြင် ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များကိုပါ ဦးစားပေးကဏ္ဍတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ဝဥခြောက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်းကို လေ့လာကြည့်ပါက နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်း ဆယ်ဂဏန်းဖြင့် နှစ်စဉ် ဝင်ငွေရရှိနေပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ဒသမ ၅ သန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း သိရှိရသည်။

ဝဥခြောက်ကို တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံများ ဝယ်ယူကြောင်းသိရှိရပြီး အသုံးပြုပုံမှာ စားသောက်ကုန်နှင့် ဆေးဝါးများတွင် အဓိကအသုံးပြုကြောင်း သိရှိရသည်။ ဂျပန်နိုင်ငံတွင် အမှုန့်ပြုလုပ်၍ ကော်ပြန့်၊ ခေါက်ဆွဲ၊ ဖိလစ်ပိုင်နိုင်ငံတွင် ပေါင်မုန့်၊ အရက်၊ ဝိုင်ချက်လုပ်ခြင်း၊ တရုတ်နိုင်ငံတွင် အစားအစာ၊ ခေါက်ဆွဲ၊ အသားတု၊ မုန့်များပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုပြီး ကိုလက်စထရော၊ အဆီကျဆေးများ ဖော်စပ်ရာတွင် ဆေးဝါးအဖြစ် အသုံးပြုကြောင်း သိရှိရသည်။

ထို့အပြင် ဝဥကို စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုး၊ ချည်ထည်လုပ်ငန်း၊ ခန္ဓာကိုယ်လိမ်း အလှဆီ၊ ခေါင်းလိမ်းဆီများ ထုတ်လုပ်ရာတွင် အကူပစ္စည်းအဖြစ် အသုံးပြုကြောင်း သိရသည်။ ဝဥတွင် ပါဝင်သော Mannan ဓာတ်တွင် ခန္ဓာကိုယ်အတွက် အရေးကြီးသော သဘာဝ အမျှင်ဓာတ်များ ပါဝင်ပြီး ခန္ဓာကိုယ်မှ အဆိပ်အတောက်ကို စုပ်ယူနိုင်ကြောင်း သိရှိရသည်။ အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်၍ အစာအိမ်အူလမ်းကြောင်း ကင်ဆာရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးပြီး အာဟာရဓာတ် ၁၅ မျိုးပါဝင်ကြောင်း သိရှိရသည်။

ဝဥ၏ မူရင်းဒေသသည် အရှေ့တောင်အာရှဖြစ်ပြီး အပူပိုင်းအာရှနှင့် အာဖရိကဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ အဆိုပါ ဝဥ မျိုးရင်း Areceae မျိုးစုသည် Amorphophallus ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Amorphophallus Companuatus ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ Elephant Foot Yam (or) White Yam (or) Telingo ဟုခေါ်သည်။ ကမ္ဘာပေါ်တွင် ဝဥမျိုးစေ့ပေါင်း ၁၃၀ ခန့်ရှိသည့်အနက် ၁၂ မျိုးခန့် ဖော်ထုတ်သုံးစွဲလျက် ရှိကြောင်း လေ့လာသိရှိရသည်။

ဝဥကို မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် စီးပွားဖြစ်စိုက်ပျိုးကြောင်း သိရပြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးတို့တွင်လည်း သဘာဝပေါက်ပင်အဖြစ် ပေါက်ရောက်ကြောင်း သိရှိရသည်။

မြန်မာပြည်ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော ဝဥအမျိုးအစားမှာ သုံးမျိုးခန့် ရှိပြီး အနီ၊ အဝါနှင့် အဖြူရောင်တို့ဖြစ်ပြီး အနီရောင်မှာ ပထမတန်းစား၊ အဝါရောင်မှာ ဒုတိယ တန်းစား၊ အဖြူရောင်မှာ တတိယတန်းစားတို့ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိကသာ၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို၊ ကလေး၊ ဖောင်းပြင်မြို့နယ်များရှိ တောတောင်များတွင် အဖြူရောင်မျိုးစိတ်များအား သဘာဝပေါက်ပင်အဖြစ် တွေ့ရှိရသည်။

ဝဥသည် အပူပိုင်းဒေသ မိုးများ၊ မြေနိမ့်လွင်ပြင် သစ်တောဒေသများကို ကြိုက်နှစ်သက်ပြီး အပူချိန်နိမ့်ပြီး ပေ ၅၀၀၀ ခန့်မြင့်မားသော မိုးများသည့် ကုန်းမြင့်ဒေသများတွင် ဖြစ်ထွန်းသည်ဟု ဆိုပါသည်။ ဝဥ အား စိုက်ပျိုးမည်ဆိုပါက မြေပြင်ခြင်းအပိုင်းတွင် အခြားသီးနှံများစိုက်သကဲ့သို့ စိုက်ပျိုးရန် ရွေးချယ်ထားသည့် မြေပေါ်မှသစ်ပင်ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပြီး ထယ်တစ်လွှာ၊ ထွန်နှစ်လွှာဝင်ပြီး မြေပြုပြင်ရသည်။ ထို့နောက် စိုက်တန်း၊ စိုက်ကျင်းများ ပြုပြင်ပေးရပါသည်။ ပင်ကြား၊ တန်းကြားနှင့် တစ်ဧကအပင်အရေအတွက်အနေဖြင့် တန်းကြား လေးပေ၊ ပင်ကြားနှစ်ပေ စိုက်ပျိုးပြီး တစ်ဧက ၅၄၅၅ ပင် အနည်းဆုံးဝင်ဆံ့နိုင်အောင် စိုက်ပျိုးသင့်သည်ဟု ဆိုပါသည်။

ဝဥကို စနစ်တကျစိုက်ခင်းများအဖြစ် ဧကများစွာ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက မျိုးဥများ လုံလောက်စွာရရှိအောင် စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ပါသည်။ ဝဥမျိုးပွားနည်း လေးမျိုးရှိရာ ပထမနည်းမှာ ၃၀ ကျပ်သားအရွယ်ရှိ ဝဥကို တိုက်ရိုက်ချပြီး စိုက်ပျိုးနိုင်ပါသည်။ အနည်းဆုံး ၃၀ ကျပ်သားအရွယ်ရှိသည့် ဥများကို မျိုးဥအဖြစ် အသုံးပြုစိုက်ပျိုးမှသာ နှစ်ချင်းအသုံး ပြုနိုင်သည့် ရောင်းတန်းဝင် ဥကြီးများကို ရရှိနိုင်မည်ဖြစ်သည်။

ဒုတိယမျိုးပွားနည်းမှာ ဝဥပန်းခိုင်မှ ထုတ်လုပ်ရရှိသည့် မျိုးစေ့ငယ်များကို ပထမနှစ်အနေဖြင့်စတင်၍ ပျိုးပေါင်တွင် စိုက်ပျိုးရပါသည်။ အဆိုပါမျိုးပင်လေးများမှ ပထမနှစ်အတွင်း မျိုးဥအငယ်လေးများကို ရရှိပြီးမှ ဒုတိယနှစ်တွင် ဆက်လက်ပြီး ပျိုးပေါင်နှင့် စိုက်ပျိုးမှသာ ဥပိုကြီးလာအောင် ပျိုးထောင်စိုက်ပျိုးထားခြင်းဖြင့် ၃၀ ကျပ်သားအရွယ် မျိုးဥများကို ရလာနိုင်ပြီး နောင်နှစ်တွင် မျိုးဥအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

တတိယအဆင့်မျိုးပွားနည်းမှာ မြေအောက်မှရရှိသည့် ဝဥ၏ ဥပွားများကို ခွဲယူပြီး မျိုးအဖြစ်လည်းစိုက်ပျိုးနိုင်ပါသည်။ စတုတ္ထမျိုးပွားနည်းမှာ အရွက်မှအသီး (အရွက်သီး)များကို စိုက်ပျိုးခြင်းဖြင့်လည်း ဝဥပျိုးပင်ကို ရရှိနိုင်ပါသည်။

ဝဥကို စိုက်ခင်းတွင် မြေချစိုက်ပျိုးခြင်းမှာ နည်းလမ်းအမျိုးမျိုးဖြင့် စိုက်ပျိုးလျက်ရှိရာ ကျေးလက်ဒေသမှ စိုက်ပျိုးသည့်နည်းတစ်နည်းကို ဖော်ပြရမည်ဆိုပါက ဝဥမျိုးဥများကို စိုက်ပျိုးရန် စိုက်ကျင်းပြင်ရာမှ (၆"x၆")အကျယ်အဝန်းမှ (၆")အနက်ခန့် ကျင်းပြင်(မြေမွ၊ ပေါင်းမြက်ကောက်) အပေါ်ယံ (၂")ခန့်မှ ဝဥကို မြေဖုံးမိရုံဖုံးပြီး စိုက်ပျိုးရပါသည်။ မြေတွင်လွန်စွာနက်အောင်မြှုပ်၍ မစိုက်ပျိုးသင့်ပါ။ မြေချစိုက်ပျိုးခြင်းကို မြန်မာနိုင်ငံ ရာသီဥတုအရ မိုးဦးရာသီ၊ မေလမှစတင်၍ စိုက်ပျိုးသင့်ပါသည်။

ဝဥအား အပင်ပြုစုခြင်းမှာ စိုက်ပျိုးထားသည့် ဝဥအညွန့်ထွက်ကာ မြေပေါ်အပင်ပိုင်းကြီးထွားလာပြီး အမြစ်များပေါ်လာသည့်အခါ ပေါင်းသင်၊ မြေဆွ၊ ပေါင်လုံး၊ မြေဖုံးပေးရသည်။ ရေမဝပ်ရန်အတွက် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ စိုက်ခင်းတွင် အရိပ်များမရှိပါက ၆၀ ရာခိုင်နှုန်း အရိပ်ရအောင် ပြုလုပ်ပေးသင့်ပါသည်။

ဝဥသည် ပိုးမွှားရောဂါကျရောက်မှုကြောင့် ပျက်စီးမှုနည်းပါးပါသည်။ သို့သော်လည်း တစ်ခါတရံ ရွက်စားပိုးများ ကျရောက်တတ်ပါသည်။ ဝဥကို ဒဏ်ရာထိခိုက်မှုရှိပါက ပုပ်ရိရောဂါဝင်နိုင်သဖြင့် အပင်ပြုစုနေစဉ် ဝဥကို မထိခိုက်မိအောင် သတိထားဖို့လိုပါသည်။ တစ်ခါတရံ ဝဥပင်စည်များ ထိခိုက်မိသည့် ဒဏ်ရာအပေါက်မှ အစေးများထွက်ပြီး အပင်နာနိုင်ပါသည်။ သို့ဖြစ်၍ ပင်စည်များကို ဒဏ်ရာမရအောင် ဂရုစိုက်သင့်ပါသည်။ ဥများဒဏ်ရာရ၍ ပုပ်စပြုချိန်တွင် ပုပ်သီးအပိုင်းငယ်ကလေးကို ဓွန်းနှင့် အပုပ်ပိုင်းကုန်အောင် ခြစ်ပစ်ပြီး မြေနှင့်လူးနယ်ဖုံးပေးလျှင် ဆက်ပြီးပုပ်ရိပျက်စီး ခြင်းမှ တားဆီးနိုင်မည် ဖြစ်ပါသည်။

ဝဥကို နွေအကုန် မိုးဦးကျမှ စတင်စိုက်ပျိုးပြီး မိုးကုန် ဆောင်းဦးရာသီ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် မြေပေါ်ပင်ပိုင်း ညှိုးခြောက်သွားချိန်တွင် တူးဖော်ရိတ်သိမ်းရပါသည်။ တစ်ဧကစိုက်ပျိုးစရိတ် ကျပ်သုံးသိန်းမှ ကျပ်ငါးသိန်းအထိကုန်ကျပြီး တစ်ဧက တစ်နှစ်ပျမ်းမျှအထွက် ဝဥ (အစို)ပိဿာ ၃၀၀၀ မှ ၅၀၀၀ ထိ ထွက်ရှိကြောင်း သိရပြီး တစ်ပိဿာ ကျပ် ၄၅၀ မှ ကျပ် ၅၀၀ ထိ ဈေးရှိသဖြင့် တစ်ဧက တစ်နှစ်ဝင်ငွေ ကျပ် ၁၅ သိန်းနှင့်အထက် ဝင်ငွေရရှိနိုင်သည်။ သို့ဖြစ်၍ ဝဥကို စနစ်တကျ စိုက်ပျိုးထုတ်လုပ် ရောင်းချခြင်းဖြင့် တစ်ဦးချင်း ဝင်ငွေသာမက ပြည်ပပို့ကုန်ကိုပါ တိုးမြှင့်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ ဆက်လက်မြင့်တက်နေဦးမည်ဟု ခန့်မှန်း

တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းများသည် ယခုနှစ်အတွင်း မြင့်တက်လာနိုင်ဖွယ်ရာရှိကြောင်း၊ သို့သော် ပြင်ပမှ မျှော်လင့်မထားသည့် ဖြစ်ရပ်များကြောင့် ပို့ကုန်သွင်းကုန်မြင့်တက်မှုများအပေါ်တွင် ဖိအားများ ဖြစ်ပေါ်လာနိုင်ကြောင်း အစီရင်ခံစာတစ်ရပ်တွင် မေလ ၄ ရက်က ဖော်ပြထားသည်။

နိုင်ငံရပ်ခြားတိုင်းပြည်များနှင့် ကုန်သွယ်ရာတွင် ပိုမိုကောင်းမွန်သည့် အနေအထားတစ်ရပ်သို့ ရောက်ရှိလာမည်ဖြစ်ပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာနိုင်ကြောင်း တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ခိုင်မာသည့်စီးပွားရေးအခြေခံများသည် မပြောင်းလဲဘဲ ဆက်လက်တည်ရှိနေသဖြင့် တရုတ်ပြည်တွင်းကုမ္ပဏီများအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် အကျိုးကျေးဇူးများ ဆက်လက်ရရှိနေဦးမည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

တည်ငြိမ်နေသော ပြည်တွင်းစီးပွားရေးအခြေအနေများနှင့် တစ်ဟုန်ထိုးမြင့်တက်လျက်ရှိသည့် ပြည်ပဝယ်လိုအားများကြောင့် ပထမလေးလပတ်အတွင်း တရုတ်နိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များ၏ကုန်သွယ်မှုပမာဏသည် သိသိသာသာ တိုးတက်လာခဲ့သည်။

သွင်းကုန်ပမာဏ ၃၁ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်နေစဉ် ယွမ်ငွေကြေးဖြင့် ပို့ကုန်ဆောင်ရွက်မှုမှာ တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ကုန်သွယ်မှုပိုငွေသည် ၃၅ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်း သွားခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်ပမှ ဝယ်လိုအားမြင့်တက်မှုကို ဖြည့်ဆည်းပေးနိုင်မှု အားနည်းလာခြင်း၊ အခြားသောပြည်ပနိုင်ငံများနှင့်ကုန်သွယ်ရာတွင် ပိုမိုယှဉ်ပြိုင်လာရခြင်း၊ ကုန်သွယ်မှုပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ခြင်းများကြောင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုံမှန်ဖြစ်စေရေးတို့အတွက် မဆုတ်မနစ်ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ကုန်သွယ်မှုအခြေအနေများ သည် စိုးရိမ်ပူပန်ရသည့်အခြေအနေများသို့ ရောက်ရှိနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အောင်ကိုကို**
**မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်**

# အိန္ဒိယပဲ ရက်သတ္တပတ်

အဂရီဝပ်ချ်က မေ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာ (Pulses Weekly Report) တွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ထုတ်လုပ်ရောင်းချမှု အခြေအနေကို ဖော်ပြထားသည်။

အစီရင်ခံစာတွင် ပါရှိသော ကိန်းဂဏန်းအချက်အလက်များအနက် အမျိုးသားလယ်ယာစိုက်ပျိုးရေးသမဝါယမ ဈေးကွက်ရှာဖွေရေးဖက်ဒရေးရှင်း၏ ဝယ်ယူ ဖြည့်တင်းမှု၊ မဟာရသျှတ္တရာ လယ်ယာစိုက်ပျိုးရေးဌာန၏ အထွက်နှုန်း ခန့်မှန်းချက်၊ အိန္ဒိယနိုင်ငံအတွင်းသို့ ပဲမျိုးစုံကုန်သေတ္တာများ တင်သွင်းမှု အခြေအနေ စသည့် ကိန်းဂဏန်း အချက်အလက်များမှာ ယခင် ရက်သတ္တပတ်ကအတိုင်း ပြောင်းလဲမှုမရှိသည်ကို တွေ့ရသည်။

ယခုရက်သတ္တပတ်တွင် ပဲစင်းငုံ တင်သွင်းခွန်ကောက်ခံမှု၊ တမီနာဒူးပြည်နယ်မှ ပဲမျိုးစုံ ရောင်းချရန် တင်ဒါခေါ်ယူမှု၊ ပြည်ပမှ တင်သွင်းလာသော ပဲမျိုးစုံ ဈေးနှုန်းနှင့် ပြည်တွင်းပဲ မျိုးစုံဈေးနှုန်း အခြေအနေတို့ကို ဖော်ပြထားသည်။



### ပဲစင်းငုံ သွင်းကုန်ခွန်မြှင့်တင်မှုနှင့် ပဲဖြန့်ဖြူးရေး တင်ဒါခေါ်ယူမှု

အိန္ဒိယနိုင်ငံအတွင်းသို့ ပဲစင်းငုံ တင်သွင်းမှုကို ထိန်းချုပ်ရန်နှင့် ပြည်တွင်းဈေးကွက်များ၌ ဈေးနှုန်းကျဆင်းနေသည်ကိုဟန့်တားနိုင်ရန်အတွက် ပဲစင်းငုံသွင်းကုန်ခွန်ကို မူလက ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားရာမှ ၂၀ ရာခိုင်နှုန်း အထိ တိုးမြှင့်ပေးရန် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက အဆိုပြုခဲ့သည်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ အချိန်နှောင်းနေပြီဖြစ်သည့်အတွက် ပဲစင်းငုံဈေးကွက်၏ အလားအလာမှာ မှေးမှိန်နေဆဲ ဖြစ်သည်။

အများပြည်သူဖြန့်ဖြူးရေး စနစ် (Public Distribution System) အရ သတ်မှတ်ချက်များကို ဖြည့်ဆည်းရန်အတွက် တမီလ်နာဒူးပြည်နယ်အစိုးရအဖွဲ့က ပဲမျိုးစုံတန် ချိန် နှစ်သောင်းကို ဝယ်ယူဖြန့်ဖြူးရန် တင်ဒါများ ခေါ်ယူခဲ့သည်။ ပြည်နယ်အစိုးရ၏ လက်ဝယ်တွင် ပဲစင်းငုံနှင့် ကနေဒါစားတော်ပဲများ ဖြန့်ဖြူးပေးရန်ရှိနေပြီး ထိုပဲများဖြန့်ဖြူးရန် စိတ်ပါဝင်စားသူတို့က ၂၀၁၇ ခုနှစ်၊ မေ ၁၅ ရက်မတိုင်မီ လျှောက်လွှာတင်သွင်းရန် နှိုးဆော်ထားသည်။ အနိမ့်ဆုံး ဖြန့်ဖြူးရောင်းချပေးမည့် အရေအတွက်မှာ တန် ၂၀၀၀ ဖြစ်သည်။

### ပြည်ပမှ တင်သွင်းလာသော ပဲမျိုးစုံဈေးနှုန်း

နာဗာရှီဗာဆိပ်ကမ်းတွင် ဆူဒန်နိုင်ငံမှ တင်သွင်းလာသော ကာဘူလီကုလားပဲ ဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၈၀ ဈေးဖြစ်သည်။ ယူကရိန်းနိုင်ငံက ကုလားပဲကြိုရောင်းဈေးမှာ CIF အခြေခံဖြင့် နာဗာရှီဗာ ဆိပ်ကမ်းတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ နှင့် ကိုလ်ကားတ္တားဆိပ်ကမ်းတွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၄၀ ရှိသည်။

တူရကီမှ တင်ပို့သည့် ပဲနီလေးဈေးမှာ နာဗာရှီဗာ ဆိပ်ကမ်းတွင် လက်ငင်းပေးချေမှုအရ CNF ဈေးဖြင့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၅ ရှိသည်။ ကနေဒါပဲနီလေး၏ မေအတွက် ချုပ်ဆိုသော ဈေးနှုန်းမှာ CNF ဈေးအရ နာဗာရှီဗာတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ ဈေးရှိသည်။

ဇွန်၊ ဇူလိုင်တွင် ပေးရန် စာချုပ်ချုပ်ဆိုသော ဩစတြေးလျ ကာဘူလီကုလားပဲဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၅ ရှိသည်။ ဩစတြေးလျ ကုလားပဲ (Desi) ၏ တစ်တန်ဈေးမှာ ဇွန်အတွက် အမေရိကန်ဒေါ်လာ ၈၉၀၊ ဇူလိုင်အတွက် အမေရိကန် ဒေါ်လာ ၉၉၅ နှင့် အောက်တိုဘာ၊ နိုဝင်ဘာအတွက် အမေရိကန်ဒေါ်လာ ၇၉၅ ရှိသည်။

တန်ဇန်နီးယား ပဲတီစိမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၉၀၊ မိုဇမ်ဘစ် ပဲတီစိမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၀ ဖြစ်သည်။ မြန်မာ ပဲစင်းငုံနီဈေးမှာ CNFအခြေခံတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ ရှိသည်။

### ပြည်တွင်းပဲများ၏ ဈေးနှုန်းအခြေအနေ

ငွေကြေးတန်ဖိုးကျဆင်းမှု၊ GST နှင့် ပတ်သက်၍ အငြင်းပွားမှု၊ ဝယ်ယူဖြည့်တင်းရေး အေဂျင်စီများက အီလက်ထရွန်းနစ်လေလံဖြင့် ပဲများကို ပြန်လည်ရောင်းချမှုနှင့် ဖောက်သည်များထံမှ ဝယ်လိုအားကျဆင်းမှုတို့ကြောင့် မေလအတွင်း၌ ပဲမျိုးစုံဈေးကွက် ဆက်လက်ကျဆင်းနေဦးမည်ဖြစ်သည်။ ပဲဈေးကွက်အခြေအနေ တစ်ခုလုံးကို ခြုံကြည့်ပါက ရေတိုတွင် ဈေးနှုန်းကျဆင်းနေဦးမည်ဟု ခန့်မှန်းရသည်။ ပဲမျိုးစုံ ရောင်းဝယ်ရေးအသင်းများကလည်း ပြည်ပသို့ ပဲမျိုးစုံ တင်ပို့ ခွင့်ပြုရန် တင်ပြထားကြသည်။ ပဲမျိုးစုံဈေးကွက်သည် ဇွန်တွင် ပြန်လည်နာလန်ထူလာပြီး ဝယ်လိုအားမြင့်တက်လာမည်ဟု အဂရီဝပ်ချ်က ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံများကို ဇွန်လတွင် ပြန်လည်စိုက်ပျိုးလေ့ရှိသည်။ အကယ်၍ ပဲဈေးနှုန်းသည် ယခုနှုန်းထားအတိုင်းဆက်လက် တည်ရှိနေပါက ပဲစင်းငုံစိုက်ဧရိယာမှာ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ ကျဆင်းနိုင်သည်။ ပဲတောင်သူတို့က သီးနှံပြောင်းလဲစိုက်ပျိုးမည့် အလားအလာရှိနေသည်။ ယခုအခါတွင် ပဲစင်းငုံဈေးက တစ်ကွင်တယ်ကို ရူပီး ၃၈၀၀ မှ ၄၀၀၀ အထိ ရောက်ရှိနေသည်။

### အပြည်ပြည်ဆိုင်ရာ ပဲဈေးကွက်

ဧပြီလ နောက်ဆုံးရက်သတ္တပတ်တွင် ကနေဒါမှ ပဲနီလေးနှင့် စားတော်ပဲတင်ပို့မှု ဆက်လက်ကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကာလအတွင်း ကနေဒါနိုင်ငံက စားတော်ပဲတန်ချိန် ၇၆၂၀၀နှင့် ပဲနီလေး တန်ချိန် ၁၂၃၀၀ တင်ပို့ခဲ့သည်။ ယခု နှုန်းထားအတိုင်းဆိုပါက ယခုနှစ်အတွင်း ဧပြီအထိ ကနေဒါ နိုင်ငံ၏ စားတော်ပဲစုစုပေါင်း တင်ပို့မှုသည် တန်ချိန် ၃၀ ဒသမ ၃ သိန်းအထိ ရှိခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀ သိန်းပိုမိုခဲ့သည်။ ပဲနီလေးစုစုပေါင်းတင်ပို့မှုမှာ တန်ချိန် ၇၀၀၆၀၀ အထိ စံချိန်တင်ရောက်ရှိခဲ့သဖြင့် ယခင်နှစ်ကာလတူထက် တန်ချိန် ၁ ဒသမ ၁ သိန်းပိုမိုခဲ့သည်။

## ပဲစင်းငုံ သွင်းကုန်ခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် အိန္ဒိယ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက အဆိုပြု

ပြည်တွင်းသို့ ပဲစင်းငုံ တင်သွင်းမှုနှင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများကျဆင်းမှုကို ထိန်းချုပ်ရန် ပဲစင်းငုံ သွင်းကုန်ခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက အဆိုပြုထားကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။ ယခုကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခြင်းမှာ အချိန်နှောင်းနေပြီဖြစ်သည့်အတွက် အခြေအနေကမရေမရာ ရှိနေဆဲဖြစ်သည်။ ပဲမျိုးစုံ ဈေးနှုန်းအားလုံးနီးပါးမှာ လွန်ခဲ့သော တစ်လခန့်မှစ၍ ကျဆင်းခဲ့ပြီး ဖိအားပေးမှုများ ဆက်လက် တည်ရှိနေဆဲဖြစ်သည်။ ဈေးကွက်တွင် ပဲအဝင် များသဖြင့် ရောင်းချ သူအရေအတွက်က ဝယ်သူ အရေအတွက်ကို ကျော်လွန်လျက်ရှိသည်။ ပဲစင်းငုံစိုက်ပျိုးသော ရာသီမှာ ဇူလိုင်တွင် စတင်မည်ဖြစ်ရာ ဈေးနှုန်းများက လက်ရှိအတိုင်း ဆက်လက်တည်ရှိနေပါက ယခုနှစ်တွင် ပဲစင်းငုံစိုက်ဧရိယာ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းကျဆင်းနိုင်သည်။ ပဲတောင်သူများက အခြားသီးနှံများကို ရွေးချယ်စိုက်ပျိုးမည်ဟု ခန့်မှန်းရသည်။

ပဲစင်းငုံတင်သွင်းမှုကို ၂၀၁၇ ခုနှစ်၊ မတ်ကစ၍ ၁၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့သည်။ ထိုသို့မသတ်မှတ်မီက ယခုသီးနှံရာသီအတွက် ပဲစင်းငုံ၏ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း (MSP) မှာ တစ်ကွင်တယ်ကို ဘောနပ်ဆုကြေး ၄၂၅ ရူပီး အပါအဝင် ရူပီး ၅၀၅၀ ရှိခဲ့သည်။ ယခုအချိန်တွင်မူ ပဲစင်းငုံ တစ်ကွင်တယ်လျှင် ရူပီး ၃၈၀၀ မှ ၄၀၀၀ အထိ တစ်ဟုန်ထိုး ကျဆင်းခဲ့သည်။ သွင်းကုန်ခွန်တိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာသော ဖိအားပေးမှုများက သွင်းကုန်များကို ကန့်သတ်နိုင်မည်ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံများအလျှံပယ်ဖြစ်နေပြီး ဝယ်လိုအားမှာမူ နိမ့်ကျနေဆဲဖြစ်သည်။

ပဲစင်းငုံထုတ်လုပ်မှုမှာ ၂၀၁၅-၁၆ သီးနှံရာသီက တန်ချိန် ၂ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၄ ဒသမ ၂၃ သန်းရှိမည်ဟု ခန့်မှန်းထားရာ အထွက်နှုန်းမြင့်တက်မှုက ဈေးနှုန်းများအပေါ်တွင် အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ဈေးနှုန်းများကျဆင်းလာပါက လယ်သမားများကို ထိခိုက်နိုင်သကဲ့သို့ ၂၀၁၇ -၁၈ ခုနှစ် စိုက်ပျိုးရာသီတွင်လည်း ပဲစင်းငုံစိုက်ပျိုးမှု ထိခိုက်မည်ကို အစိုးရက စိုးရိမ်လျက်ရှိသည်။

## ဧပြီလအတွင်း အိန္ဒိယနိုင်ငံမှ ပဲပုပ်ဖတ် တန်ချိန် တစ်သိန်းကျော် တင်ပို့

အိန္ဒိယနိုင်ငံမှပြည်ပသို့ ပဲပုပ်ဖတ်တင်ပို့မှုသည် ဧပြီလအတွင်း တန်ချိန် တစ်သိန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း၊ ထိုကဲ့သို့ မြင့်တက်လာရခြင်းမှာ ဘင်္ဂလားဒေ့ရှ်နှင့် ပြင်သစ်နိုင်ငံတို့ အပါအဝင် အချို့သောနိုင်ငံများ၏ ဝယ်လိုအားမြင့် တက်လာသည့်အတွက်ဖြစ်ကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းတွင် ဖော်ပြသည်။



ဧပြီလအတွင်းက ပဲပုပ်ဖတ်နှင့် အခြားတန်ဖိုးမြင့် ထုတ်ကုန်များ၏ တင်ပို့မှုသည် ယခင်နှစ်ကာလတူက တင်ပို့ခဲ့သော ၁၂၈၅ တန်နှင့် နှိုင်းယှဉ်ပါက ရှစ်ဆမျှ ပိုမိုမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၁၁ သိန်းရှိခဲ့ကြောင်း အိန္ဒိယနိုင်ငံ ပဲပုပ်ပြုပြင် ထုတ်လုပ်သူများအသင်းက ထုတ်ပြန်သော ယာယီခန့်မှန်းချက်အရ သိရသည်။

ဧပြီလအတွင်း အိန္ဒိယ ပဲပုပ်ဖတ်ကို အများဆုံး ဝယ်ယူခဲ့သော နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်၊ ပြင်သစ်နှင့် ဂျာမနီတို့ ဖြစ်ကြသည်။ အိန္ဒိယ ပဲပုပ်ဖတ်ကို ဧပြီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက တန်ချိန် ၂၉၄၀၀၊ ပြင်သစ်နိုင်ငံက ၂၅၈၆၁ တန်နှင့် ဂျာမနီနိုင်ငံက ၂၅၃၅၁ တန် ဝယ်ယူခဲ့သည်။

လက်ရှိ၂၀၁၆-၂၀၁၇(အောက်တိုဘာမှ စက်တင်ဘာအထိ) သီးနှံနှစ်တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာမှ ၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း ပဲပုပ်ဖတ် စုစုပေါင်း တင်ပို့မှုမှာ တန်ချိန် ၁၀ ဒသမ ၂၆ သိန်းရှိခဲ့ရာ ယခင်နှစ်ကာလတူက တင်ပို့ခဲ့သော ၁ ဒသမ ၉၈ သိန်းနှင့် နှိုင်းယှဉ်ပါက လေးဆကျော် မြင့်တက်ခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဂျပန်ကုမ္ပဏီများက စင်ကာပူကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်သင်ကြားပေးမည်

စင်ကာပူနိုင်ငံသည် ကျွမ်းကျင်ပညာရှင်တို့ ဆုံဆည်းရာ အချက်အချာဒေသအဖြစ် နာမည်ရလျက်ရှိသဖြင့် စင်ကာပူတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဂျပန်ကုမ္ပဏီများက စင်ကာပူဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ပန်နာဆိုးနစ်၊ အင်န်အီးစီ စသည့် ကုမ္ပဏီများသည် စင်ကာပူကျွမ်းကျင်ပညာရှင်တို့အား ကျွမ်းကျင်မှု တိုးတက်လာအောင် လေ့ကျင့်ပေးရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်သော အစီအစဉ်များအနက် ကျောင်းသားအလုပ်သင် သို့မဟုတ် စီမံခန့်ခွဲမှု လေ့ကျင့်ရေး အစီအစဉ်များ ပါဝင်သည်။

ဧပြီလအတွင်းကလည်း ပန်နာဆိုးနစ်ကုမ္ပဏီ၏ ရေခဲသေတ္တာ ကွန်ပရက်ဆာထုတ်လုပ်ရေးယူနစ်ကိုစင်ကာပူနိုင်ငံသို့ ပြောင်းရွှေ့ခဲ့သည်။ စင်ကာပူနိုင်ငံသည် ပန်နာဆိုးနစ် ကွန်ပရက်ဆာထုတ်လုပ်ရေး လုပ်ငန်း၏ အချက်အချာဒေသဖြစ်ပြီး ယခုကဲ့ သို့ရွှေ့ပြောင်းခြင်းဖြင့် ထုတ်လုပ်ရေးလုပ်ငန်းကို လျင်မြန်လွယ်ကူစေပြီး စင်ကာပူ ကျွမ်းကျင်




ပညာရှင်များကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်သည်။

စင်ကာပူတွင် လူအင်အား ၄၀၀ ဖြင့် သုတေသနနှင့်ဖွံ့ဖြိုးရေး (R&D) လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသော Works Applications က စင်ကာပူရှိ တက္ကသိုလ်ငါးခုနှင့် ပူးပေါင်းပြီး ပုံမှန်အလုပ်သင် သင်တန်းများကို ပေးသည့်အပြင် လုပ်ငန်းခွင်အတွင်းရှိ အလယ်အလတ် ကျွမ်းကျင်ဝန်ထမ်းများကိုပါ လေ့ကျင့်ရေး အစီအစဉ်များ ဆောင်ရွက်ပေးသည်။

စင်ကာပူရှိသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ကဏ္ဍတွင် ကျွမ်းကျင် လုပ်သားအဆမတန် ရှားပါးနေသည့်အတွက် Works Applications က စင်ကာပူရှိ ကျွမ်းကျင်လုပ်သားများကို လုပ်ငန်းခွင်သင်တန်းများပေးသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

"နိုင်ငံလွတ်လပ်ရေး ရပြီးတဲ့အချိန်ကစပြီး ကျွန်တော်တို့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြတဲ့ ထိပ်တန်း သုံးနိုင်ငံထဲမှာ ဂျပန်နိုင်ငံက တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါတယ်။ ယခုလည်း စင်ကာပူနိုင်ငံရဲ့ အနေအထားကို အာရှဒေသရဲ့ ကျွမ်းကျင်လုပ်သားများ ဗဟိုအချက်အချာအဖြစ် မြှင့်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံက ဆက်လက် ဆောင်ရွက်ပေးနေပါတယ်"ဟု စီးပွားရေး စီမံခန့်ခွဲမှု ဘုတ်အဖွဲ့ (အီးဒီဘီ) လက်ထောက်အုပ်ချုပ်မှုဒါရိုက်တာ လင်ဆွီးနီယန်က ပြောသည်။

ကုမ္ပဏီ၏ ရေခဲသေတ္တာ ထုတ်လုပ်ရေးယူနစ်ကို စင်ကာပူသို့ ပြောင်းရွှေ့လိုက်ခြင်းဖြင့် အာရှဒေသတွင် ကြီးထွားလျက်ရှိသော ဝယ်လိုအားကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ပြီး ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ရာတွင် လွယ်ကူမှန်ကန်မှု ရှိစေကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ပန်နာဆိုးနစ် ကုမ္ပဏီ၏ စင်ကာပူယူနစ်သည် နည်းပညာများကို အသုံးပြုသော ခေတ်သစ်စက်ရုံစနစ်ဖြစ်သည့် SmartFactory ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"စင်ကာပူနိုင်ငံမှာ အစိုးရ သုတေသန အဖွဲ့အစည်းတွေနဲ့ ကမ္ဘာ့နာမည်ကြီးနေတဲ့ တက္ကသိုလ်တွေ အများအပြားရှိတယ်။ ပြီးတော့ ကျွမ်းကျင် လုပ်သားရှားပါးမှုမရှိတဲ့အတွက် သုတေ သနနဲ့ ဖွံ့ဖြိုးရေး (R&D) လုပ်ငန်း ဆောင် ရွက်ဖို့ အဆင်ပြေပါတယ်" ဟု ပြောရေး ဆိုခွင့်ရှိသူက ပြောသည်။

နည်းပညာ ကုမ္ပဏီ တစ်ခုဖြစ်သည့် အင်န်အီးစီ ကုမ္ပဏီက စင်ကာပူနိုင်ငံတွင် အာရှပစိဖိတ်ဆိုင်ရာ ရုံးချုပ်ကို ဖွင့်လှစ်ထားပြီး ၂၀၁၆ ခုနှစ်မှစ၍ ကျွမ်းကျင်သူဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အီးဒီဘီ ဘုတ်အဖွဲ့နှင့် ပူးပေါင်း၍ ဆိုက်ဘာလုံခြုံရေး အစီအစဉ်ကို ရေးဆွဲ၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ ဆိုက်ဘာလုံခြုံရေးနှင့် သက်ဆိုင်သော နယ်ပယ်များတွင် ကျွမ်းကျင်သူများကို လေ့ကျင့်ပေးပြီးနောက် ဆိုက်ဘာ လုံခြုံရေး အင်ဂျင်နီယာကိုးဦးကို ခန့်ထားပေးနိုင်ခဲ့သည်။ ■

## တောင်ကိုရီးယား စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော်လည်း အလုပ်အကိုင်သစ် မဖန်တီးနိုင်သေး

ကုန်ထုတ်လုပ်မှုကဏ္ဍသည် မကြာသေးမီနှစ်များအတွင်း တိုးတက်မှုနိမ့်ကျခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မည့် အလားအလာ ကို မတွေ့ရသေးကြောင်း မေ ၈ ရက်က ထုတ်ပြန်သော ကိန်းဂဏန်းများအရ တွေ့ရသည်။

စုစုပေါင်း ပြည်တွင်း ထုတ်ကုန်(ဂျီဒီပီ) ဝမ်တစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၈၈၄၀၀၀) ရရှိပါက အလုပ်အကိုင်ရရှိသော အလုပ်သမားအရေအတွက်မှာ ၂၀၁၆ ခုနှစ်က ၁၇ ဒသမ ၄ ဦးနှုန်းခန့်ရှိခဲ့သည့်အတွက် ဤနှုန်းမှာ မကြုံစဖူး နိမ့်ကျသောနှုန်းဖြစ်ကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်၊ ကိုရီယားစာရင်းရုံးနှင့် ကိုရီးယား အလုပ်သမားအဖွဲ့တို့မှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ်က ခန့်ထားနိုင်သော ဝန်ထမ်းအရေအတွက်မှာ ၂၀ ဦးဖြစ်ရာ ယခုကိန်းဂဏန်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံး ဖြစ်သည်။

အလုပ်အကိုင် ဖွံ့ဖြိုးမှုနှင့် ဂျီဒီပီ ဖွံ့ဖြိုးမှုနှုန်းကို အချိုးချ၍ တွက်ချက်ဖော်ပြသော အလုပ်အကိုင်ရရှိမှု အလျော့အတင်း (Employment Elasticity) မှာ ၂၀၁၅ ခုနှစ်က သုညဒသမ ၅၀၄ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် သုညဒသမ ၄၂၁ နှုန်း သို့ ကျဆင်းခဲ့သည်။ အလုပ်အကိုင် ရရှိ မှုအလျော့အတင်း နှုန်းမြင့်မားလာလေ အလုပ်အကိုင် အခွင့်အလမ်းများ မြင့်မားလေလေဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှုန်းလည်း ပိုမိုမြင့်တက်လာနိုင်သည်။

ကဏ္ဍအလိုက်ကြည့်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း တို့မှာအလုပ်အကိုင်ကို အများဆုံး ဖန်တီးပေးသည့် ကဏ္ဍများဖြစ်ပြီး ၂၀၁၆ ခုနှစ်က ဂျီဒီပီ တစ်ဘီလီယံကို အလုပ်အကိုင်ရရှိမှုနှုန်းမှာ ၄၅ ဒသမ ၇ ဦးနှုန်း ရှိခဲ့သည်။ လက်လီရောင်းချရေးလုပ်ငန်း၊ အစားအစာနှင့် ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းတို့မှာ ၃၈ ဒသမ ၄ ဦးနှုန်း ရှိသည်။ ပြည်သူ့ကျန်းမာရေးနှင့် လူဝင် မှုလုပ်ငန်းတို့မှာ ၂၉ ဒသမ ၅ ဦးနှင့် ၂၈ ဒသမ ၆ ဦး အသီးသီးရှိကြသည်။

## ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် မက်ခရွန် အနိုင်ရပြီးနောက် စတော့ဈေးကွက်များမြင့်တက်

ရွေးကောက်ပွဲတွင် ပြင်သစ်သမ္မတအဖြစ် အီမန်နျူရယ် မက်ခရွန် ရွေးကောက်ခံရပြီးနောက်ပိုင်းတွင် ဥရောပဒေသရှိဈေးကွက်များ မြင့်တက်လာသည်ကို တွေ့ရသည်။ သို့သော်လည်း ယခင်ရက်သတ္တပတ်က ရွေးကောက်ပွဲတွင် မက်ခရွန်အနိုင်ရမည့် အလားအလာများကို တွေ့မြင်ထားရပြီး ဖြစ်သည့်အတွက် ဈေးကွက်မြင့်တက်မှုမှာ အကန့်အသတ်ရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးသည် အာရှနံနက်ပိုင်း ဈေးကွက်တွင် အမေရိကန် ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမြင့်ဆုံးဖလှယ်နှုန်းအထိ ရောက်ရှိခဲ့သည်။ သို့သော်လည်း ဂရင်းနစ်စံတော်ချိန် ၂၂:၂၀ နာရီအချိန်တွင် ထိုဖလှယ်နှုန်းအောက် အနည်းငယ် ပြန်လည်ကျဆင်းခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးအရ စွန့်စားမှုအန္တရာယ်များ လွင့်ပါးပျောက်ကွယ်ခြင်းနှင့်အတူ ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတို့က မက်ခရွန်၏ အသေးစိတ်အစီအစဉ်များကို ပိုမိုစိတ်ဝင်စားလာပြီး ဇွန်လအတွင်းကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲတွင် သူ၏ပါတီဖြစ်သော Marche (ရှေ့သို့ချီ)အတွက် မက်ခရွန် မည်မျှလောက်စွမ်းဆောင်နိုင်မည်ကို အလေးထား စဉ်းစားလာကြသည်။

ဥရောပ ဈေးကွက်များအတွက် လောလောဆယ် ချက်ချင်းအရေးပါလျက်ရှိသော အချက်မှာ ယူရိုစီးပွားရေးမြင့်တက်နေမှုနှင့် ဥရောပဗဟိုဘဏ် (အီးစီဘီ) က ဘွန်းစာချုပ်များကို ဝယ်ယူပြီး ဆောင်ရွက်မည့် စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်၏ အလားအလာများဖြစ်သည်။

"ရင်းနှီးမြှုပ်နှံသူတွေက နိုင်ငံရေးစွန့်စားမှု အန္တရာယ်တွေကို အလေးထား စဉ်းစားရာကနေ အီးစီဘီကို ပြန်လှည့်လာပါတယ်။ နောက်ထပ် အီးစီဘီ ဘာလုပ်မလဲ။ အီးစီဘီရဲ့မူဝါဒ အပြောင်းအလဲ ဘယ်တော့ပြန်စမလဲ ဆိုတာတွေကို စဉ်းစားလာပါပြီ" ဟု Societe General CIB မှ စီးပွားရေးပညာရှင် အကြီးအကဲ မီချာလာ မာကူဆင်းက ရိုက်တာသတင်းဌာနကို ပြောသည်။

## အရှေ့တောင်အာရှ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ရလျက်ရှိ

ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ အပါအဝင် လျင်မြန်စွာ တိုးတက်လျက်ရှိသော နိုင်ငံများကြောင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးသည် ယခုနှစ်နှင့် လာမည့်နှစ်တွင် ငါးရာခိုင်နှုန်း တိုးတက်မှုရှိနိုင်ကြောင်း မေ ၄ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ပြည်တွင်းဝယ်လိုအား တိုးတက်ကောင်းမွန်လာသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများ အသင်းတွင် ပါဝင်သော နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာနိုင်ဖွယ်ရှိကြောင်း အာဆီယံ +၃ မေခရို စီးပွားရေး သုတေသနရုံး (ASEAN + 3 Macroeconomic Research Office -AMRO)၏ အစီရင်ခံစာတွင် ဖော်ပြသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပျမ်းမျှ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့သည်။

အရှေ့တောင်အာရှ ဒေသတွင် လူလတ်တန်းစား အရေအတွက်မြင့်မားလာသဖြင့် မော်တော်ကားကဲ့သို့သော ကြာရှည်ခံသုံးပစ္စည်းများကို ဝယ်ယူသုံးစွဲမှု မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် စားသုံးမှုမှာလည်း နှစ်အလိုက် ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သို့သော်လည်း မော်တော်ကားလမ်းနှင့် ဆိပ်ကမ်းများကဲ့သို့သော အရေးတကြီး လိုအပ်နေသည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမှာ တစ်ရာခိုင်နှုန်းမျှသာ ရှိနေဆဲ ဖြစ်သည်ကို တွေ့ရသည်။

ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ကဲ့သို့ ဖွံ့ဖြိုးမှု လျင်မြန်နေသော နိုင်ငံများမှာလည်း အရှေ့တောင်အာရှနိုင်ငံများ အုပ်စု၌ ထင်ထင်ရှားရှား ပေါ်ထွက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် လုပ်ခသက်သာခြင်း၊ ပညာတတ်လုပ်သား များပြားခြင်းတို့ကြောင့် အင်တဲလ်အပါအဝင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးများကို ဆွဲဆောင်နိုင် စွမ်းရှိခဲ့သည့်အတွက် ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ခြောက်ရာခိုင်နှုန်းကို ကျော် လွန်လိမ့်မည်ဟု AMRO က ခန့်မှန်းသည်။

သမ္မတ ရိုဒရီဂိုဒူတာတေး လက်ထက်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၁၈ ခုနှစ်စီးပွားရေး တိုးတက်မှုနှုန်းမှာ ခုနစ်ရာခိုင်နှုန်းရှိမည်ဟု AMRO က ခန့်မှန်းသည်။ အစိုးရက ပြည်သူ့လုံခြုံရေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ဒေါ်လာတန်ဖိုးမြင့် တက်လာသည်ကို အကြောင်းပြုပြီး ငွေကြေး ရောင်းဝယ်ရေး ကုန်သည်များက ဒေါ်လာကိုပြန်လည် ရောင်းချလာသည့်အတွက် မေ ၁၂ ရက်တွင် အာရှဒေသရှိ ငွေကြေးအများစု၏ တန်ဖိုးများ ပြန်လည်မြင့်တက်လာခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ဆဋ္ဌမအကြိမ်မြောက် နျူကလီးယား စမ်းသပ်မှုကို ပြန်လုပ်ရန် အသင့်ရှိနေကြောင်း မေ ၉ရက်က စကိုင်းနယူးစ် သတင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဗြိတိန်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယား သံအမတ်က ပြောကြားခဲ့သည်။ သို့ဖြစ်ရာ မြောက်ကိုရီးယားနှင့် ပတ်သက်သော တင်းမာမှုက ဒေသဆိုင်ရာငွေကြေးများ၏တန်ဖိုး မြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့သည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု ကျဆင်းနေချိန်ဖြစ်ရာ လာမည့်ရက်သတ္တပတ်တွင် ထုတ်ပြန်မည့် ထိုင်း၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့၏ ဂျီဒီပီ ကိန်းဂဏန်းများကို ရင်းနှီးမြှုပ်နှံသူတို့က စောင့်ကြည့်နေကြသည်။ တရုတ်နိုင်ငံက Belt And Road Forum ကို မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံရေးနှင့် စီးပွားရေး အခမ်းအနားကြီးများ ကျင်းပချိန်တွင် အာဏာပိုင်တို့က မတည်မငြိမ်ဖြစ်မှုကို ရှောင်ရှားလေ့ရှိသဖြင့် လာမည့်ရက်များတွင် နိုင်ငံခြား ငွေဖလှယ်ရေးဈေးကွက်များ တည်ငြိမ်မည်ဟု ခန့်မှန်းထားကြသည်။

အမေရိကန် သမ္မတက အက်ဖ်ဘီအိုင်အကြီးအကဲကို ထုတ်ပယ်မှုနှင့် အမေရိကန် စီးပွားရေးတိုးတက်မှုနှင့် ပတ်သက်၍ မရေရာမှုတို့ကြောင့် ဒေါ်လာတန်ဖိုး မြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ရည်ညွှန်း ဖလှယ်နှုန်းကို တိုးမြှင့်သတ်မှတ်ပြီး နောက်ပိုင်း မေ ၁၂ ရက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ တရုတ်ယွမ်ငွေတန်ဖိုး ပိုမိုခိုင်မာလာကြောင်း ကုန်သည်တို့ကပြောသည်။

တရုတ်ဗဟိုဘဏ်က ရည်ညွှန်း ဖလှယ်နှုန်းအဖြစ် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၄၈ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ မေ ၁၁ရက် သတ်မှတ်ခဲ့သော ၆ ဒသမ ၉၀၅၁ ယွမ်နှုန်းနှင့် နှိုင်းယှဉ်ပါက ယွမ်တန်ဖိုး ပိုမိုခိုင်မာလာသည်။

လက်ငင်းဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၉၀၀၆ ယွမ်နှုန်းဖြင့် ဈေးဖွင့်ခဲ့ပြီး ၆ ဒသမ ၉၀၁၂ ယွမ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယွမ်တန်ဖိုး သုညဒသမ ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် Off-Shore ယွမ်တို့၏ ဖလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၀၂၂ ယွမ်နှုန်းရှိခဲ့သည့်အတွက် On-Shore ယွမ်နှင့်ဖလှယ်နှုန်းဖြစ်သော ၆ ဒသမ ၉၀၁၂ယွမ်အောက် တန်ဖိုးအနည်းငယ် ကျဆင်းခဲ့သည်။

## အိန္ဒိယရူပီး

ဘဏ်များနှင့် ပို့ကုန်လုပ်ငန်းများက အမေရိကန်ဒေါ်လာကို ရောင်းချမှုများပြားလာခြင်းနှင့် နိုင်ငံခြား ရန်ပုံငွေ စီးဝင်မှု မြင့်တက်လာခြင်းတို့ကြောင့် ဘဏ်အချင်းချင်းနိုင်ငံခြား ငွေဖလှယ်ရေးဈေးကွက်တွင် မေ ၁၂ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုးက သုည ဒသမ ၁၂ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၄ ဒသမ ၂၆ ရူပီးနှုန်း ရှိခဲ့သည်။

ပြည်ပရှိ ဈေးကွက်များတွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုက ရူပီးတန်ဖိုး မြင့်တက်စေရန် အထောက်အကူ ဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။ ထို့အပြင် ပြည်တွင်း စတော့ဈေးကွက်အဖွင့်၌ စတော့ရှယ်ယာဈေး မြင့်တက်မှုကို အထောက်အကူ ဖြစ်စေခဲ့ကြောင်း သူတို့က ပြောသည်။

## ဂျပန်ယန်း

အမေရိကန် ပြည်ထောင်စုက ထုတ်ပြန်မည့် စီးပွားရေး ကိန်းဂဏန်းများက ဒေါ်လာတန်ဖိုး မြင့်တက်မှုကို အထောက်အကူဖြစ် မဖြစ် မရေရာသည့်အတွက် မေ ၁၂ ရက်က ယန်းငွေနှင့်ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာ တန်ဖိုးမှာ မေ ၁၀ ရက်က တစ်ဒေါ်လာကို ၁၁၄ ဒသမ ၃၈ ယန်းနှုန်းဖြင့် ရက်သတ္တပတ်ရှစ်ပတ်အတွင်း အမြင့်ဆုံးကို ရောက်ရှိရာမှ မေ ၁၂ ရက်တွင် တစ်ဒေါ်လာကို ၁၁၃ ဒသမ ၇၀ ယန်းနှုန်းသို့ ရောက်ရှိကာ အမေရိကန်ဒေါ်လာ တန်ဖိုးသည် သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ယူရိုတန်ဖိုးမှာမူ သုညဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၇၀ နှုန်းရှိခဲ့သည်။

## မလေးရှားရင်းဂစ်

အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် မေ ၁၂ ရက်က ရင်းဂစ်တန်ဖိုးက အတက်အကျမရှိဘဲ ငြိမ်နေသည်ကို တွေ့ရသည်။

အမေရိကန် ဒေါ်လာနှင့် ရင်းဂစ်ငွေကြေးတို့၏ ဖလှယ်နှုန်းမှာ မေ ၁၁ ရက်ညနေ ၆ နာရီက အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၃၄၆၀ ရင်းဂစ်နှုန်း ရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီတွင် တစ်ဒေါ်လာကို ၄ ဒသမ ၃၄၆၀ နှုန်းဖြင့် အတက်အကျမရှိဘဲ ငြိမ်နေသည်။

အခြားငွေကြေးများနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုးမှာ အများအားဖြင့် မြင့်တက်လျက်ရှိသည်။

## တောင်ကိုရီးယားဝမ်

မွန်းဂျေးအင်းကို သမ္မတသစ်အဖြစ်ရွေးချယ်လိုက်ပြီးနောက်ပိုင်း ယခုရက်သတ္တပတ်အတွင်း တောင်ကိုရီးယား ရှယ်ယာများ တန်ဖိုးမြင့်တက်ခဲ့သည်။ တောင်ကိုရီးယား ဝမ်ငွေကြေး တန်ဖိုးမှာမူ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ မေ ၁၁ရက်ဈေးပိတ်ချိန်ကထက် ၁ ဒသမ ၁၅ ဝမ်နှုန်း မြင့်တက်ပြီး မေ ၁၂ ရက်တွင် တစ်ဒေါ်လာကို ၁၁၂၆ ဒသမ ၇၅ ဝမ်နှုန်းရှိခဲ့သည်။

## ထိုင်းဘတ်

ရိုက်တာ သတင်းဌာနက ပြုစုထားသောကိန်းဂဏန်းများအရ ထိုင်းဘတ်ငွေ တန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် သုညဒသမ ၁၂ ရာခိုင်နှုန်းမြင့်တက်လာပြီး မေ ၁၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၇၁၀ ဘတ်နှုန်း ရှိခဲ့သည်။

## ငွေကြေးဖောင်းပွမှု ပြဿနာကို မလေးရှားနှင့် ဖိလစ်ပိုင် ဗဟိုဘဏ်တို့က လျစ်လျူရှု

အရှေ့တောင်အာရှဒေသတွင် ငွေကြေးဖောင်းပွမှုနှုန်း ခြိမ်းခြောက်မှု ကြီးထွားလျက်ရှိသည်။ မလေးရှားနိုင်ငံ၏ မတ်လ စားသုံးသူဈေးနှုန်းက ရှစ်နှစ်အတွင်းအမြင့်ဆုံးသို့ ရောက်ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံ၏ ဧပြီစားသုံးသူ ဈေးနှုန်းမှာလည်း ၂၀၁၄ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိနေသည်။ ထိုကဲ့သို့ ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသော်လည်း နှစ်နိုင်ငံစလုံးရှိ ငွေကြေးမူဝါဒရေးဆွဲသူတို့က ဗဟိုဘဏ်အတိုးနှုန်းများကို ပြောင်းလဲမြှင့်တင်မှုမရှိဘဲ ထိန်းထားဆဲဖြစ်ကြောင်း ဘလွမ်းဘတ် စစ်တမ်းအရ တွေ့ရသည်။

သို့သော်လည်း ဖိလစ်ပိုင်နိုင်ငံကမူ လာမည့်သုံးလပတ်တွင် အတိုးနှုန်းကို မြှင့်တင်နိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်း ရရှိထားပြီဖြစ်သဖြင့် ဇူလိုင်လတွင် ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် နက်စတာ အက်ပန်နီလာက မူဝါဒအပြောင်းအလဲမှာ စီးပွားရေး ကိန်းဂဏန်းများအပေါ် မူတည်မည်ဟု ပြောကြားခဲ့သည်။

မလေးရှားဗဟိုဘဏ်ကမူ ဇူလိုင်လက အတိုးနှုန်းကို ရုတ်တရက် လျှော့ချပေးပြီးနောက်ပိုင်း ဘဏ်အတိုးနှုန်းကို ပြောင်းလဲခြင်းမရှိဘဲ ဆက်လက် ထိန်းသိမ်းထားသည်။ မလေးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၆ ခုနှစ်က ၂ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုနှစ်တွင် သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ ရှိမည်ဟု မလေးရှားဗဟိုဘဏ်က ခန့်မှန်းထားသည်။

အမေရိကန် ပြည်ထောင်စုက အတိုးနှုန်းမြှင့်တင်လိုက်သဖြင့် အာရှဒေသအတွင်းရှိနိုင်ငံများမှ မတည်ငွေရင်း၊ စီးထွက်မှုနှင့် ငွေကြေးတန်ဖိုးကျဆင်းမှုများနှင့် ရင်ဆိုင်နေရသည်။

## စီးပွားရေး လုံ့ဆော်အားပေးမှု အစီအစဉ်ကို ရုပ်သိမ်းပါက ဂျပန်ဗဟိုဘဏ်၏ ဘဏ္ဍာရေးကြံ့ခိုင်မှု အခြေအနေကို ထိခိုက်နိုင်



ထုထည်ကြီးမားစွာ ဆောင်ရွက်ထားပြီးဖြစ်သော ငွေကြေးလှုံ့ဆော်အားပေးမှု အစီအစဉ်များကို အနာဂတ်ကာလတွင် ရုပ်သိမ်းမည်ဆိုပါက ဂျပန်ဗဟိုဘဏ်၏ ကြံ့ခိုင်မှုအခြေအနေ မည်သို့ဖြစ်လာမည်ကို အသိပေးထုတ်ပြန်သွားရန် ဗဟိုဘဏ်က စဉ်းစားနေကြောင်း ဂျပန်နိုင်ငံ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဟာရုဟိကိုကူရိုဒါက ပြောကြားသည်ကို ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဂျပန်ဗဟိုဘဏ်က ကျင့်သုံးလျက်ရှိသော စီးပွားရေး လှုံ့ဆော်မှု အစီအစဉ်ကိုရုပ်သိမ်းရန် အချိန်စောသေးကြောင်း မစ္စတာကူရိုဒါက ပြောကြားလေ့ရှိရာမှ ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် ပြောကြားလာသည်ကို ထောက်ရှုခြင်းအားဖြင့် စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်ရုပ်သိမ်းရေးနှင့် ပတ်သက်၍ ပြည်သူလူထု သို့ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားလာကြောင်း ခန့်မှန်းကြသည်။

" ငွေကြေးမူဝါဒ တစ်ခုက ဂျပန်ဗဟိုဘဏ်ရဲ့ ဘဏ္ဍာရေး ကြံ့ခိုင်မှုကို ဘယ်လိုထိခိုက်နိုင်တယ်ဆိုတာကို အလွယ်တကူရှင်းပြလို့ ရပါတယ်။ ဒီအချက်က အနာဂတ်မှာ ဖြစ်လာနိုင်တဲ့အချက်တစ်ခုအဖြစ် ကျွန်တော်တို့ ထည့်သွင်း စဉ်းစားသွားမှာဖြစ်ပါတယ်"ဟု ကူရိုဒါက မေ ၁၀ ရက်က ဂျပန်ပါလီမန်၌ ပြောကြားသည်။

ဂျပန်နိုင်ငံက ကျင့်သုံးနေသော လက်ရှိမူဝါဒများကို လောလောဆယ် ပြောင်းလဲဦးမည်မဟုတ်ကြောင်း မစ္စတာကူရိုဒါက ပြောသည်။ ဂျပန်နိုင်ငံ၏ စီးပွားရေး နာလန်ထူမှုသည် ပိုမိုခိုင်မာလာပြီဖြစ်သော်လည်း အမေရိကန် စီးပွားရေးမူဝါဒ မရေရာမှုအပါအဝင် ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသော ဖြစ်ပေါ်တိုးတက်မှုများက စီးပွားရေးအလားအလာအတွက် အကြီးမားဆုံး အန္တရာယ်ဖြစ်နေသေးကြောင်း သူကသတိပေး ပြောကြားသည်။

ဘဏ်တင်-စုစည်းတင်ပြသည်


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH



အရသာလည်းရှိ ...ကျန်းမာ၏... Top သီဟိုဠ်စေ့
Top
CASHEW NUT & CASHEW BRITTLE
Life is a journey.
Bring a healthy
Cashew Nut.
Top Cashew Brittle
CASHEW NUT
Factory
No. 200, Phan Chat Won U Shwe Oho Street,Shwe Lin Ban Industrial Zone,
Hlaing Thar Yar Township, Yangon, Myanmar.
Tel : +951-613 543, 613 688, +959-730 502 50 Fax : +951-613677
Email : cashewnut.top@gmail.com Website : top-myanmarcashew.com
Show Room
No .(31-33), Ground FL., 5th St., Lanmadaw Tsp., Yangon.
Tel : 01-2300553, 228129.
100% Natural




2နှစ် ဆက်တိုက် ဆွတ်ခူးရရှိ ထားသော အကောင်းဆုံး အရသာ ဆုများ
SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
iTQi 2013
iTQi 2014
International Taste & Quality Institute Brussels
FAO
(Food and Agriculture Organization of The United Nations) Medal
ITQI
Superior Taste Award
(BELGIUM)
Turkish Consumer Protection Association Golden Brand
2 ULUSLARARASI GÜVENİLİR GIDA ZİRVESİ
Superior taste AWARD
SUNAR Sunflower OIL
No Cholesterol
SUNAR For Professionals Sunflower OIL
SUNAR Sunflower Oil
SUNAR Corn
09 73199813, 09 73199814
Email: Contact@southern-myanmar.com
www.facebook.com/SunarForMyanmar
SM Co.,Ltd.
Southern Myanmar
Company Limited

COMMERCE INTERNATIONAL

# သမ္မတသစ်လက်ထက်တွင် စည်းမျဉ်းဥပဒေများ လျှော့ချပေးရန် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများက နှိုးဆော်



အလုပ်အကိုင်သစ်များနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖန်တီးရာတွင် အထောက်အကူဖြစ်စေရန်အတွက် စည်းမျဉ်းဥပဒေများကို လျှော့ချရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေညီညွတ်မည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန် တောင်ကိုရီးယားနိုင်ငံအတွင်းရှိ အဓိကစီးပွားရေး လုပ်ငန်းအဖွဲ့အစည်းကြီးငါးခုက အစိုးရသစ်ကိုတိုက်တွန်းကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ အဓိက စီးပွားရေးအဖွဲ့အစည်းများတွင် ကိုရီးယားအလုပ်ရှင်များဖက်ဒရေးရှင်း၊ ကိုရီးယားစက်မှုလုပ်ငန်းများ ဖက်ဒရေးရှင်း၊ ကိုရီးယားကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအသင်းနှင့် ကိုရီးယား အက်စ်အမ်အီး ဖက်ဒရေးရှင်းတို့သည်။ အချို့သော စည်းမျဉ်းဥပဒေများကို လျှော့ချပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် အဆိုပါအဖွဲ့အစည်းများ၏ သီးခြားကြေညာချက်များတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် အသက်(၁၅)နှစ်မှ (၂၉)နှစ်အတွင်းရှိသော လူငယ်လူရွယ် အလုပ်လက်မဲ့နှုန်းမှာ မတ်လအတွင်းက ၁၁ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာ ယခင်လကရှိခဲ့သော ၁၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးမှုကျဆင်းနေပြီး မရေရာမှုများရှိနေ သည့်အတွက် တောင်ကိုရီးယားကုမ္ပဏီများက အထောက်အကူပြုပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်တော့ဘဲ လိုအပ်ပါက အသုံးချနိုင်ရန် လျာထားငွေအဖြစ် သတ်မှတ်ထားရှိသည်။

မွန်းဂျေးအင်း သမ္မတအဖြစ် တာဝန်ယူသည့်အချိန်တွင် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ပေးခြင်း၊ မွေးဖွားနှုန်းကို လျှော့ချခြင်းနှင့် ကုမ္ပဏီစုကြီးများနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများအကြား ကွာဟချက်ကို ကျဉ်းမြောင်းအောင် ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို အလေးပေး ဆောင်ရွက်ရန် အသင်းအဖွဲ့များက တိုက်တွန်းထားသည်။

မွန်း၏ အစိုးရလက်ထက်တွင် ကိုရီးယားကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ကိုရီးယား အက်စ်အမ်အီး ဖက်ဒရေးရှင်းတို့သည် တစ်ချိန်က စီးပွားရေးလောကတွင် ဩဇာအညောင်းဆုံးဖြစ်ခဲ့သော ကိုရီးယား စက်မှုလုပ်ငန်းရှင်များအသင်းထက် ပိုမို၍ပြောရေးဆိုခွင့်ရှိလာမည်ဟု အများစုကခန့်မှန်းထားသည်။

ကိုရီးယား စက်မှုလုပ်ငန်းဖက်ဒရေးရှင်းသည် အဓိကအားဖြင့် ကုမ္ပဏီစုကြီးများကိုသာ ကိုယ်စားပြုလျက်ရှိသော်လည်း ကိုရီးယားကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ ဖက်ဒရေးရှင်းက စီးပွားရေးလုပ်ငန်း ၁၇၀၀၀၀ ကို ကိုယ်စားပြုလျက်ရှိပြီး ကိုရီးယားအက်စ်အမ်အီး ဖက်ဒရေးရှင်းက အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ကိုယ်စားပြုလျက်ရှိသည်။

ကိုရီးယားစက်မှုလုပ်ငန်းရှင်များ ဖက်ဒရေးရှင်းရဲ့ ခေတ်ကုန်သွားပြီဖြစ်ကြောင်းနှင့် ၎င်းဖက်ဒရေးရှင်းက စီးပွားရေးလုပ်ငန်းအားလုံးကို ကိုယ်စားပြုရန် အရည်အသွေးမမီတော့ကြောင်း မဲဆွယ်စည်းရုံးစဉ်ကာလက မွန်းက ပြောခဲ့သည်။

# အာရှပို့ကုန်များ တိုးတက်ကောင်းမွန်နေသော်လည်း အချို့မှာ ကျဆင်းမည့် အလားအလာရှိ



အာရှဒေသ၏ ပို့ကုန်လုပ်ငန်းများသည် တိုးတက်သော နှုန်းထားဖြင့် ဖွံ့ဖြိုးလျက်ရှိကြောင်း၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ ဒုတိယသုံးလပတ်တွင် အခြေခိုင်မာစွာ ရပ်တည်နိုင်ပြီဖြစ်သော်လည်း စစ်တမ်းကောက်ယူထားသော နိုင်ငံ ၁၂ နိုင်ငံအနက် နှစ်နိုင်ငံမှာမူ ခြွင်းချက်အဖြစ် ရှိနေကြောင်း အေးရှားနီကေးသတင်းတွင် ဖော်ပြသည်။

အာရှဒေသ ပို့ကုန်လုပ်ငန်းကို တရုတ်(တိုင်ပေ) က ဦးဆောင်လျက်ရှိနေပြီး တရုတ်(တိုင်ပေ) ၏ ဝယ်ယူသူ မန်နေဂျာများ အညွှန်းကိန်းမှာ ဧပြီက ၅၄ ဒသမ ၄ ရှိခဲ့ပြီး ၁၁ လမြောက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အညွှန်းကိန်း ၅၀ အထက်ဆိုပါက တိုးတက်လာသည့် လက္ခဏာကို ပြသလျက်ရှိပြီး အညွှန်းကိန်း ၅၀ အောက် ရောက်ရှိပါကစီးပွားရေး ကျဆင်းမည့် လက္ခဏာရှိသည်။ တရုတ်(တိုင်ပေ)၏ ဖွံ့ဖြိုးမှု အရှိန်အဟုန်ကို အားလုံးခြုံငုံကြည့်ပါက တိုးတက်မှု ခိုင်မာလာသည်ကို တွေ့ရပြီး ကုမ္ပဏီများအနေဖြင့် အလုပ်သမားများ ပိုမိုခန့်အပ်ပြီး ဝယ်ယူမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ပြသလျက်ရှိသည်။

ကျန်အာရှဒေသများ၏ ကုန်ထုတ်လုပ်မှုမှာ အရှိန်ရလျက်ရှိနေပြီး နီကေး၏ အာဆီယံဒေသ ကုန်ထုတ်လုပ်ငန်းဝယ်ယူသူ မန်နေဂျာများ၏ အညွှန်းကိန်းမှာ ဧပြီတွင် ၅၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး သုညဒသမ ၂ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ရာ ၃၃ လအတွင်း အမြင့်ဆုံး ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဧပြီကုန်ထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်၊ ဇွန်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ပြည်တွင်းပြည်ပမှ အမှာစာများ နှစ်နှစ်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့သည့်အတွက် ၂၄ လကြာမျှ ကျဆင်းနေခဲ့သော မလေးရှားနိုင်ငံ၏ ကုန်ထုတ်လုပ်မှုမှာလည်း ပြန်လည် မြင့်တက်ခဲ့သည်။

"အရောင်းအဝယ် ဖြစ်ထွန်းလာစေတဲ့ အဓိကအရင်းအမြစ်တွေက တရုတ်၊ ဥရောပနဲ့ အရှေ့အလယ်ပိုင်းဒေသတွေဖြစ်ပါတယ်" ဟု စစ်တမ်းများကို ပြုစုပေးသူ IHS Markit က ပြောသည်။

သို့သော်လည်း ထိုနှစ်နိုင်ငံ၏ ပို့ကုန် နာလန်ထူမှုမှာ ရေတိုမျှသာ ဖြစ်နိုင်မည်ဟု အချို့လေ့လာ ဆန်းစစ်သူတို့က သုံးသပ်သည်။ ဥပမာအားဖြင့် နိုမူရာ အင်တာနေရှင်နယ်က ယခု ပို့ကုန်ဖွံ့ဖြိုးမှုမှာ တစ်ကျော့ပြန် သံသရာလည်မှုကြောင့်သာ ဖြစ်ပြီး ဒုတိယ သုံးလပတ်တွင် ပြန်လည်ကျဆင်းလာဖွယ်ရှိကြောင်း သုံးသပ်ထားသည်။ ထိုကဲ့သို့သော အကြောင်းတရားများတွင် တရုတ်နိုင်ငံက သိုလှောင်လက်ကျန်ပြန်လည်ဖြည့်ဆည်းခြင်းနှင့် စမတ်ဖုန်းနှင့် ဆက်နွယ်သော အီလက်ထရွန်းနစ်ပစ္စည်းများ ဝယ်ယူမှု မြင့်မားလာခြင်း စသည့် အချက်များ ပါဝင်ကြောင်း ဖော်ပြထားသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဗီယက်နမ် စီးပွားရေး လုပ်ငန်းများတွင် ကျွမ်းကျင်ပညာရှင်ဆိုင်ရာ မဟာဗျူဟာများ ချမှတ်နိုင်ခြင်းမရှိ

နိုင်ငံစုံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ချိန်မှစ၍ ကျွမ်းကျင်ပညာရှင်ဆိုင်ရာ စီမံခန့်ခွဲရေး မဟာဗျူဟာများကို အလေးပေးဆောင်ရွက်လေ့ရှိသော်လည်း ဗီယက်နမ် စီးပွားရေးလုပ်ငန်းများမှာ ထိုသို့ဆောင်ရွက်လေ့မရှိကြောင်းကို မေ ၉ ရက်က ဟိုချီမင်း စီးတီးတွင်ပြုလုပ်သော နှီးနှောဖလှယ်ပွဲတွင် ပြောကြားသည်ကို ဗီယက်နမ်နယူးစ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ တိုးတက်လာပြီးနောက်ပိုင်းတွင် ထိုသို့ ဖွံ့ဖြိုးတိုးတက်လာသော အဆင့်အတန်းနှင့် ညီမျှသည့်ကျွမ်းကျင်မှုနှင့် အသိစိတ်ဓာတ်ရှိသော လူသားအရင်းအမြစ် အလုံအလောက်မရှိသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရကြောင်း တယ်လီနက်ကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ် တီယူယင်းထရင်းက ပြောသည်။ ထိုအချိန်ရောက်မှသာ ကျွမ်းကျင်ပညာရှင်ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံရန် စဉ်းစားလာကြသော်လည်း အချိန်နှောင်း သွားပြီဖြစ်သည်။

တယ်လီနက်ကော်ပိုရေးရှင်းက ပြည်တွင်းနှင့် နိုင်ငံစုံကုမ္ပဏီကြီးများတွင်ရှိသော အမှုဆောင်အရာရှိချုပ် ၆၃ ဦးကို မကြာသေးမီအတွင်း စစ်တမ်းကောက်ယူခဲ့သည်။ ထိုစစ်တမ်းအရ စီးပွားရေးလုပ်ငန်းများအတွက် လူ၏စွမ်းဆောင်ရည်သည် အဓိကကျသော အချက်တစ်ချက်ဖြစ်သည်ဟူသော အချက်ကို အများစုက ယုံကြည်ထားသည်ကို တွေ့ရသည်။

"ကျွမ်းကျင်ပညာရှင်ဆိုင်ရာ စီမံခန့်ခွဲမှုကို ပညာရှင်ဆိုင်ရာရည်မှန်းချက်များရရှိရေးအတွက် လက်နက်ကိရိယာတစ်ခုအဖြစ် အများစုက လက်ခံထားကြပြီး ထိုအချက်ကို ပြည်တွင်း ကုမ္ပဏီများထက် နိုင်ငံစုံကုမ္ပဏီများတွင် ပိုမိုအလေးထားဆောင်ရွက်ကြသည်ကို တွေ့ရသည်။ သို့သော်လည်း ကျွမ်းကျင်ပညာရှင်ဆိုင်ရာမဟာဗျူဟာကို ပြည်တွင်းကုမ္ပဏီများအနက် ထက်ဝက်နီးပါးနှင့် အချို့သော နိုင်ငံစုံကုမ္ပဏီကြီးများတွင် ချမှတ်ထားကြောင်း ထရင်းကပြောသည်။

ကျွမ်းကျင်ပညာရှင်ဆိုင်ရာ မဟာဗျူဟာကို စီးပွားရေးမဟာဗျူဟာနှင့် ချိတ်ဆက် ဆောင်ရွက်ထားကြောင်း စစ်တမ်းကောက်ယူရာတွင် ပါဝင်သော အမှုဆောင် အရာရှိချုပ် ၄၇ ရာခိုင်နှုန်းက ပြောကြားသော်လည်း ထိုစနစ်မှာ အလွန်ရှုပ်ထွေးသည့် စနစ်ဖြစ်သည့်အတွက် ကျွမ်းကျင်ပညာရှင် ဆိုင်ရာ မဟာဗျူဟာကို ချမှတ်ထားသော်လည်း စီးပွားရေးမဟာဗျူဟာနှင့် ချိတ်ဆက်ထားခြင်း မရှိကြောင်း ၁၇ ရာခိုင်နှုန်းက ပြောသည်။ ကျန် ၃၆ ရာခိုင်နှုန်းကမူ ကျွမ်းကျင်ပညာရှင်ဆိုင်ရာ မဟာဗျူဟာချမှတ်ထားခြင်းမရှိကြောင်း ပြောကြားသည်။